www.burmeseclassic.com

# အာလင်းသစ်

## သူပြုံးလေသမျှ




(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**တန်ဖိုး** - ၁၅၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း** (CIP)

သူငြိမ်းလေသမျှ
အလင်းသစ်
ရွှေပဒေသာစာပေ၊ ၂၀၁၅၊ ရန်ကုန်။
၂၄၃ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) သူငြိမ်းလေသမျှ


# သူငြိမ်းလေသမျှ

## အလင်းသစ်

www.burmeseclassic.com

www.burmeseclassic.com



ငါ နှင့်ကို ဘယ်လောက် တန်ဖိုးထားလဲဆိုရင်…ဟိုကောင်တွေနောက် နှင် ပါသွားကတည်းက ငါ့စိတ်တွေက ဆောက်တည်ရာမရအောင် မူလောင်ခဲ့တာပါဟာ။ နှင့်ဘဝပျက်သွားတာထက်စာရင် ငါ သေတာက မကောင်းဘူးလား။ ငါ မြတ်နိုးတဲ့ နှင့်ကို ငါ အသက်ရှင်နေသရွေ့ ဘယ်သူစော်ကားတာမှ မခံနိုင်ဘူး လေ။ အဲဒါကြောင့် နှင့်အရှက်နဲ့ သိက္ခာကို ငါ့အသက်နဲ့လဲဖို့ ဆုံးဖြတ်ပြီး ငါ အဲလိုလုပ်လိုက်တာ။

ကောရင်





သူများအတွက်တော့ မဟုတ်ဘူး။ နင်တို့မိသားစုအတွက် ရက်စက်တတ်ခြင်းကို မွေးမြူထားခဲ့တာ။ နင် သိအောင် ငါ တစ်ခုပြောလိုက်မယ် ကောရင်။ လနတ်သမီးဆိုတဲ့မိန်းမက ကိုယ့်အမှားပဲလုပ်လုပ် အမှန်ပဲလုပ်လုပ် ဝန်ခံရဲတယ်။ ခေါင်းမရှောင်တတ်ဘူး။ အခုကိစ္စမှာ ငါ မမှားဘူး။ ခေါင်းလည်းမရှောင်ဘူး။

လနတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

“အလယ်က လှလှတဲ့”

“ဟုတ်လား…ဒါဆို ဒီဘက်တစ်ယောက်က မြမြပေါ့နော်…ဟီး…”

“ဟုတ်တယ်…ဟိုဘက်တစ်ယောက် ကွကွ”

“ဟယ်…နာမည်လေးက ကွကွတဲ့လား။ ဒီနာမည်မျိုးက ရှားတယ်…ချစ်စရာလေးနော်”

“လှလား”

“ဟွန့်…နာမည်ကို ပြောတာပါဆို”

“လှကရော”





“လှက တကယ်ပုကွကွလေးနဲ့…အင်း…ချစ်စရာလေးပါပဲ။ ချစ်စရာလေးပါပဲ…ဟီး….ဟိ”

“တောက်”

ဖြတ်သွားတဲ့ ကောင်လေးနှစ်ယောက်ရဲ့စကားသံတွေကြောင့် ဒေါသနှင့် တက်ခေါက်လိုက်သူက သင်းသဒ္ဒါပါ။ သူမ ပုတာမှန်ပေမယ့် သူတို့ပြောသလို ကွမှမကွပဲလေ။ ဒါ…တမင်သက်သက် ဘလိုင်းကြီးဖွဲ့တာ။ မေလေးက သူမကို လှည့်ကြည့်ပြီး ရယ်လေတော့ ပိုပြီး မခံနိုင်ဖြစ်သွားရ၏။

လလလို့ခေါ်တဲ့ လနတ်သမီးကတော့…

သူ ဘာမှ မကြားမမြင်လိုက်သည့်အတိုင်း ဟန်မပျက်ပေ။ ပျက်မလား…သူကလှတော့ ဘယ်သူက မခံချင်အောင် ကဲ့ရဲ့တာရှိလို့လဲ။ သူ လှကြောင်း၊ ချောကြောင်းပြောပြီး ဝမ်းကြောထူတဲ့ကောင်က ခပ်များများပဲလေ။ သူများတွေများ ဆုတောင်းကောင်းလိုက်တာ…နှုတ်ခမ်းမွှတ် ပြစ်မျိုးလွှတ်ရာဆိုတာမျိုးပါပဲ။

“မေလေးနော်…နင်က ဘာရယ်တာလဲ”

“ကွကွဆိုတဲ့နာမည်လေး သဘောကျလို့ပါ”

“ဘာ”

“အဲဒီနာမည်မျိုး ဘယ်သူမှည့်လဲ ပြောပါဦး…ရှားပါးနာမည်လေးပဲဥစ္စာ”

“အဲဒါဆို နင့်နာမည်ကို ပြောင်းလိုက်ပါလား”

“နင်ခေါ်လေ…ငါ ထူးမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သင်းသဒ္ဒါ မေလေးကို မျက်စောင်းထိုးလိုက်မိ၏။ သူက ပြောအားရှိတာပေါ့လေ။ လလလောက် မလှပေမယ့် ကိုယ့်ထက် သာနေတာပဲဥစ္စာ။ သူငယ်ချင်းသုံးယောက်ထဲမှ သဒ္ဒါက မျက်နှာငယ် ရသူ။ အရုပ်က ပုရတဲ့အထဲ ရုပ်ကလည်း သူတို့လောက် မလှတော့ ကောင်လေးတွေ စပြီဆို ကိုယ့်အတွက် ကျေနပ်ဖွယ်ရာ တစ်စက် ကလေးမှ မရှိတာဖြစ်၏။

ဒါကြောင့်…

နှုတ်ခမ်းစူမိကာသာပင်…

"ပြောပါ…နင်တို့ ပြောအားရှိနေကြတာကိုး…ငါကတော့ နင်တို့နဲ့ယှဉ်ပြီး အားငယ်ရတဲ့သူ"

"သဒ္ဒါရယ်…နင့်ကိုက သူငယ်ချင်းအချင်းချင်း ယှဉ်စရာမရှိ ယှဉ်ပြီး အားငယ်နေတာပါ။ လူဘယ်လောက်ပဲလှလှ အတွင်းစိတ်မလှ ရင် လိပ်ပြာမလှဘူး။ ရုပ်မလှလည်း စိတ်လှရင် လိပ်ပြာက လှပြီး သားပါဟယ်…အဓိက,က စိတ်ပဲ။ စိတ်ထားမြင့်မှ အဆင့်အတန်း မြင့်တယ်လို့ခေါ်တာ။ စိတ်ထားယုတ်မာရင် အဆင့်အတန်း နိမ့်ကျတာ ပဲ။ နင် မှတ်ထား သဒ္ဒါ…လူတစ်ယောက်ရဲ့ဘဝမှာ တန်ဖိုးအကြီးဆုံး နဲ့ အမြင့်မြတ်ဆုံးက စိတ်ဓာတ်ပဲ"

"အေးလေ…ဟုတ်သားပဲ"

"အဲဒီလိုလား"

"ရှိသေးတယ်"

"ဘာလဲ"





"ပညာတတ်ဖို့ထက် ပညာရှိဖို့လိုတာ"

"နင်ပြောမှပဲ ငါ အားတက်လာတော့တယ်။ အဲဒါတော့ စိတ်ချ လလ…ငါ သူများအပေါ် ဘယ်တော့မှ မကောင်းစိတ်မမွေး ဘူး။ ကိုယ်က လူတစ်ယောက်ကို ကူညီလိုက်လို့ အဲဒီလူက ကိုယ့် အပေါ် မတုံ့ပြန်ရင်နေပါစေ…ကိုယ့်လိုလူမျိုးက ကိုယ့်အပေါ် ကူညီ မှာပဲလို့ ငါ ယုံကြည်တယ်"

"ဒါပဲပေါ့"

စကားလုံးတွေကို သဘောကျပြီး ကျွန်တဲ့နှစ်ယောက် ကိုယ်စီ ပြုံးကြပေမယ့် လလက တစ်ချက်မှ မပြုံးပေ။ မပြုံးတတ်လို့တော့ မဟုတ်ပါဘူး။ သူငယ်ချင်းတွေရှုညီးပဲ လွတ်လွတ်လပ်လပ်ရှိဟဲ့အခါ ဆို ရယ်သည်…ပြုံးသည်လေ။ အခုလို ယောကျ်ားတွေ ဖြတ်သွား ဖြတ်လာရှိနေရင် လလ၏မျက်နှာက ခပ်တည်တည်ပါပဲ။

ဘာလို့လဲဆို…

ယောကျ်ားလေးတွေ ပါးစပ်ဖျားက ပြောလေ့ရှိကြပါတယ်။

ဘယ်စော်က ဘယ်လိုပဲပေးတာ၊ ဘယ်ကောင်မလေးကတော့ ဘယ်လိုကြည့်တာဆိုတာမျိုးတွေ ပြောတတ်ကြတော့ လလ အဲဒီလို အပြောမခံနိုင်ပေ။ ဒါကြောင့်ပဲ ခပ်တည်တည် နေခဲ့တာပေါ့။

ပြီးတော့…

မမနဲ့ပတ်သက်ပြီး လလ ယောကျ်ားတွေကို မုန်းခဲ့တာ။ ယောကျ်ားတွေတင်မကဘူး…အဲဒီယောကျ်ားတွေကို မွေးထုတ်သားတဲ့ သားရှင်တွေကိုပါ မုန်းတာ။ ကိုယ်က သားမွေးထားတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကို ကိုယ်ချင်းမစာ ပက်ပက်စက်စက် ပြောရက်ကြတာလေ။

တွေးမိတော့…

လလ နှုတ်ခမ်းလေးက ခပ်မဲ့မဲ့ပါပဲ။

"ကွကွ"

"…………"

"ကွကွ"

"ဘာကွကွလဲ…မေလေးနော်…နာမည်မဖျက်နဲ့"

"အဲဒီနာမည်လေးက ချစ်ဖို့ကောင်းပါတယ်ဆို"

မျက်စောင်းက ဒိုင်းကနဲ ရောက်လာလေသည်။ မေလေးက ပျော်ပျော်နေတတ်ပြီး အတွေးကြီးကြီးတွေ မတွေးတတ်သူ။ ခေါင်းရှုပ်မခံနိုင်တာပေါ့လေ။

လလကတော့…

အတွေးကြီးတာရယ်မဟုတ်ပေမယ့် ရင်ထဲမှာ နာကြည်းမှုတွေ ရှိခဲ့သူ။ ရုပ်ချောတဲ့ ယောကျ်ားတစ်ယောက်ကြောင့် သူတို့မိသားစု ပြိုကွဲခဲ့ရတာ။

မင်းထိပ်ခေါင်…

အဲဒီလူကြောင့်ပဲပေါ့။ လလရဲ့ဖေဖေ ထောင်ကျပြီး မမက ဆုံးသွားခဲ့ရတာ။ ဘယ်တော့မှမမေ့ဘူး။ မင်းထိပ်ခေါင်ဆိုတဲ့လူကို သေရာကပြန်ထလာရင် လလ အခါခါကို သတ်ပစ်ချင်လောက်အောင် မုန်းခဲ့တာ အကြောင်းရှိလို့ပါလေ။





"အမေ့"

"ဟဲ့"

လလ လှမ်းနေရင်း ဖိနပ်က ပြုတ်သွားလေတော့-

"နင့်ဖိနပ် ပြုတ်သွားပြီ လလ"

ဖိနပ်ပြုတ်သွားလို့ ဘေးဘီကိုကြည့်လိုက်တော့ သင်တန်းအဝင်ဝမှာ ထိုင်နေကြတာ ကောင်လေးတွေ။ အဲဒီအထဲမှာ လလ အမုန်းဆုံးလူတစ်ယောက်လည်း ပါတာပေါ့။ ကေရာဇ်ဆိုတဲ့ကောင်လေ။ လလကို ကြည့်နေတာ စပ်ဖြဲဖြဲမျက်နှာနဲ့ပါပဲ။

"တောက်…ဖိနပ်ကလည်း ဒီနေရာမှာမှ ပြုတ်ရတယ်လို့။ အခြားနေရာမှာ ပြုတ်ပါတော့လား"

"နင် ဘယ်လိုလုပ်မလဲ လလ"

သူငယ်ချင်းတွေက ငုံ့မေးလိုက်စဉ်-

"ခြေထောက်ကို ခေါင်းပေါ်ရွက်သွားပေါ့…ဟား…ဟား…ဟား"

"တူကလည်း ခြေထောက်ခေါင်းပေါ်ရွက်ရင် ဘယ်ခြေထောက်နဲ့ သွားရမှာလဲလို့…ဟင့်"

"ညာခြေထောက်နဲ့သွားပေါ့"

"တူနော်"

"ခေါင်းထုပေးရမလား"

"ခေါင်းထုရင် တေတွားမှာပေါ့လို့…အဟင့်…ဟင့်… ပြီးတော့ ညာခြေထောက်မှာ နှင်းခူတွေ ပေါက်နေတာ…ဟိုဟူးလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေက ကန့်ကလျှနှင့် ကေရာစ်ပခုံးကို တွန်းတိုက်ပြီး ပြောလေတော့ ကေရာစ် ရယ်ကာ မိုးဝေ မေးစေ့ကို ကိုင်လိုက်ရင်း-

"မိုးကလည်း နှင်းခူတွေရှိရင် ဆားနဲ့သုတ်လိုက်ပေါ့လို့… အဲဒါမှ နေသာထိုင်သာရှိမှာ"

"လူကို သရေကြောင်းကြဲနေတာလားလို့…ကဲ…ပြောပါဦး၊ ဖိနပ်ပြတ်သွားပြီ…ဘယ်လိုလုပ်ရမလဲ"

"ဒါများ မိုးရယ်…လွယ်လွယ်လေးပဲဥစ္စာ…ပါးစပ်နဲ့ ကိုက်ချီသွားလိုက်ပေါ့လို့"

"တောက်"

လလ တက်ခေါက်ပြီး ဖိနပ်ကို ငုံ့ကောက်ရာမှ ထရပ်လိုက်၏။ လက်ထဲမှာ ဖိနပ်က တစ်စုံလုံးပါလာပြီလေ။ ဒါ…လလကို ပြောနေတာပဲဥစ္စာ။ ဆယ်တန်းနှစ်က လလ ခြေထောက်မှာ နှင်းခူလိုလို ဘာလိုလို အနာတွေပေါက်ခဲ့ဖူးတာ။ ဒါကို ကေရာစ်ဆိုတဲ့ကောင် သိနေမှတော့ သူ့သူငယ်ချင်းတွေဆီမှာ သတင်းဖြန့်ထားမှာပေါ့။

ပြီးတော့…

ဖိနပ်ကို ကိုက်ချီသွားဆိုတာ ခွေးနဲ့နှိုင်းလိုက်တာပဲလေ။ ဒီကောင်က လလရဲ့ရန်ဘက်ပဲပေါ့။ မုန်းတာမှ သေရင်တောင် အဲဒီအမုန်းကို သေရာပါယူသွားချင်အောင် မုန်းတာ။ ဥပဒေသာ မရှိဘူးဆိုရင် ဒီကောင် သေတာကြာပြီလေ။

"ချီလေ…ချီလေ…ပါးစပ်နဲ့"

"ကေရာစ်"





လလ ခေါ်လိုက်တော့ ကေရာစ် မသိသလို မိုးဝေ နဖူးခေါင်းကို လိမ်ဆွဲလေလျှင်-

"အား"

"ခုမှ မသိချင်ယောင် ဆောင်မနေနဲ့…ဒီမှာ"

ဒီတော့မှ လှည့်ကြည့်ပြီး-

"ဘာလဲ"

ဖိနပ်ကို လလ မြှောက်ပြလိုက်ပြီး-

"ဒီဖိနပ်ကို နင် ကိုက်ချီချင်လို့ ပြောနေတာလား"

"ဘာ"

စတုန်းကစပြီး ဒီလိုပြန်ပြောတော့ ကေရာစ် မခံနိုင်တော့ဘူးလေ။ ဒါကြောင့် ဆတ်ခနဲ ထရပ်လိုက်တော့-

"ရှော့လေ…ချီသွား…ငါ ကြည်ကြည်ဖြူဖြူ ပေးတယ်"

"လနတ်သမီး"

"ဘာလဲ"

"နင် စကားပြောတာ ကြည့်ပြောနော်"

"ကြည့်ပြောနေတာပဲလေ…ဘယ်သူက နောက်ခိုင်းပြောနေလို့လဲ။ ငါက ငါ့စကားအတွက် ငါတာဝန်ယူရဲတယ်။ တာဝန်မယူရဲတဲ့သူတွေသာ ကိုယ်ချင်းစာစိတ်မရှိ ကောက်ကျစ်ယုတ်မာကြတာ။ လူစိတ်မရှိကြတာ…နားလည်လား"

"နင် မဆိုင်တာတွေကို ဆွဲထည့်မပြောနဲ့"

"ဘာလို့မဆိုင်ရမှာလဲ…နင် သူများကို ခွေးနဲ့နှိုင်းမှတော့ နင့်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ချွေးစိတ်ရှိနေလို့ပေါ့"

ကက်ကက်လန်ပြောနေပုံက ယောကျ်ားချင်းဆို လက်သီးနဲ့ ချွဲထိုးပစ်ချင်စရာပါပဲ။ မိန်းကလေးမို့လို့ စိတ်ထိန်းလိုက်သည်ဆိုတာ ထက် ကိုယ်က အရင်စမိတာကိုး။ စမိတဲ့ ပါးစပ်ကိုပဲ အပြစ်တင်လိုက် မိ၏။ သူ့ကိုမြင်ရင် ကိုယ်ကလည်း မထိမခိုက်ပြောရမှုကို ကျေနပ်တာ။

ဒါ…

အမြင်ကတ်ခြင်းပုဒ်မနဲ့ပေါ့…

"နင်သာ ချွေး…နင့်ဖိနပ်နင် ကိုက်ချီသွားပါလား…ဝဲထူမ"

"တောက်"

လလ ဆတ်ဆတ်ခါသွားပြီး–

"ကိုက်တော့မချီဘူး…ဟောဒီလို…"

"ဘုတ်"

"အ"

"ဘုတ်"

"အား"

"ကေရာစ်"

"လလ"

သူ့ဘက်ကိုယ့်ဘက် သူငယ်ချင်းတွေ ပျာပျာသလဲ ဖြစ်ကုန်ကြ တော့၏။ လလက ဖိနပ်နှင့် ကေရာစ်ကို အားထည့်သုံးပြီး ပစ်ခဲ့ကာ လှည့်ထွက်သွားတာ တလွှားလွှားနှင့်ပါ။ ကေရာစ်မှာသာ ရင်ဘတ်ကို လက်ဝါးနှင့်ဖိပြီး ခံလိုက်ရတာ မရှုမလှနှင့်ပါ။





မလှခို…

ဖိနပ်ခေါက်နှင့်မှ လာမှန်တာကိုး…တော်တော် လက်တည့်တဲ့ ကောင်မလေးပဲ။

"ကေရာစ်"

"တော်တော်နာသွားလား သူငယ်ချင်း"

"မနာဘဲနေမလားကွာ…ရင်ဘတ်ကို အောင့်တက်လာတာပဲ"

"ခံလိုက် သူငယ်ချင်း…အဲဒီဒဏ်ရာမျိုးတွေ များလာရင် အကြင်နာတွေ ဖြစ်လာတတ်တယ်ကွ။ ဟီး…ဟီး"

"ဘာဟီးဟီးလဲ…ချွေးကောင် အဲဒါဆို မင်း ဓားနဲ့အထိုးခံလိုက် ပါလား"

ကေရာစ်ပြောပုံက ရှုံ့ရှုံ့မဲ့မဲ့နှင့်ပါ။ သူတို့နှစ်ယောက်ကြားမှာ လား…အကြင်နာတွေရှိလာမှာ။ မိသားစုနှစ်စုက မတည့်တဲ့အပြင် သူတို့နှစ်ယောက်ကလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်လို့မှ မရကြတာ။

ငယ်ငယ်တုန်းကတော့ အချစ်ဆုံးသူငယ်ချင်းတွေ။ အခုလို ဖြစ်သွားကြတာတော့ အကြောင်းကိုယ်စီနဲ့ပဲပေါ့။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ရေချိုးမလို့ အင်္ကျီချွတ်ပြီး ရင်ဘတ်မှာ ဗီနပ်ဒေါက်မှန်ထားတဲ့ နေရာက နာနေတာကြောင့် ကေရာစ် မှန်ရှေ့မှာ ရပ်လိုက်သည်။ မှန်ထဲမှာ နာနေတဲ့နေရာကို ကြည့်လိုက်တော့…ရင်ဘတ်မှာ ညိုညိုကွက်က ထင်လို့ပါ။ တော်တော် မညှာမတာ ပစ်ခဲ့တာပဲ။

လလ…

ငယ်ငယ်တုန်းကတော့ သူမှဲ့ကိုယ်က အချစ်ဆုံးသူငယ်ချင်းတွေ။ အခုတော့ ကိုယ်က သူ့ရဲ့ အမုန်းဆုံးလူပေါ့။ ကိုယ့်ရင်ထဲမှာတော့ သူ့ကို အဲဒီလောက် မမုန်းခဲ့ပါဘူး။ လူကြီးတွေက အစချီလို့ မတည့်ကြတာတော့ အမှန်ပဲလေ။ လူကြီးတွေရင်ထဲမှာတော့ အမုန်းတရားတွေ ပြည့်နှက်နေရုံမကလို့ လျှံထောင်ထွက်နေကြတာ။





ဒီအမုန်းတရားမီးတွေက…

ဘယ်တော့မှ ငြိမ်းသတ်လို့ရမှာလဲ။ နှစ်ဦးနှစ်ဖက် ခေါင်းမာမှုတွေ ကိုယ်စီ ထမ်းပိုးရင်း ဒဏ်ရာတွေကလည်း ကိုယ်စီနဲ့ပဲလေ။

"သား"

"ဟင်"

"သား"

ပါးစပ်က ဘား…သားလို့ခေါ်ရင်းပဲ မေမေ အခန်းထဲကိုဝင်လာသဖြင့် ကေရာစ် စောစောက ချွတ်ထားတဲ့ ရှပ်အင်္ကျီကို အမြန်ယူပြီး ပြန်ဝတ်လိုက်ရသည်။ ဒဏ်ရာကိုမြင်ရင် အမေးအမြန်းက ထူဦးမှာလေ။

"ရေချိုးမလို့ မဟုတ်ဘူးလား"

"နည်းနည်းစောသေးသလားလို့ပါ"

"မစောတော့ဘူးလေ…ပြီးရင် ထမင်းစားမယ်၊ ရေသွားချိုး"

"ဟုတ်"

သူ 'ဟုတ်'လိုက်ပေမယ့် ဒေါ်သစ္စာဖြိုးက ထွက်မသွားသေးပေ။ သူ့ကုတင်ဘေး ခေါင်းရင်းဘက်က စားပွဲကို ရှင်းလင်းပေးနေတော့ ကေရာစ်ပဲ ထွက်လာခဲ့တော့၏။ သူ ထွက်သွားမှ စားပွဲပေါ်မှာ တင်ထားတဲ့ သူ့ဖုန်းက အသံမြည်လာလေသျှင်-

ဒေါ်သစ္စာဖြိုး ကောက်ကိုင်ပြီး နားထောင်လိုက်တော့-

"ဟောကောင်…ဘယ်လိုလဲ၊ ရင်ဘတ်ကဒဏ်ရာ သက်သာရဲ့လား။ လက်ဆက ပြင်းတယ်နော်။ အဲဒါ နာမည်က လနက်သမီးမို့လို့



www.burmeseclassic.com

www.burmeseclassic.com



ပေပဲ။ နေနတ်သမီးသာဆိုရင် မင်း ပြာကျသွားတာ ကြာပေါ့…
ဟား…ဟား…ဟား"

"ဟင်"

"မင်းအမေသာမြင်ရင် ဆွေဆွေခုန်ဦးမှာ…ငါ မြင်ယောင်ပါသေးရဲ့။ အခြားသူဆိုရင်တောင် ဖြေရင်ဖြေဦးမယ်။ လနတ်သမီး လက်ချက်ဆိုတာ သိလို့ကတော့ မတွေးရဲစရာပဲ"

ဘုရား…ဘုရား…ဒါဆို လလက သားကို တစ်ခုခုလုပ်လိုက်တယ်ပေါ့။ ဘာလို့လုပ်တာလဲ။ ဘယ်လိုလုပ်လိုက်တာလဲ။ ရင်ဘတ်မှာတဲ့…ဒါကြောင့်ပဲဖြစ်မယ်။ စောစောက အင်္ကျီချွတ်ပြီးမှ သူမဝင်လာလို့ ပြန်ဝတ်တာ။ ထွက်သွားတော့လည်း အင်္ကျီမချွတ်ခဲ့ဘူးလေ။

ကိုယ့်သား ခံလိုက်ရတယ်ဆိုတော့…

စိတ်ထဲမှာ ဖျင်းကနဲ ဖြစ်သွားခြင်းနှင့်အတူ…

"အခု ဖုန်းပြောနေတာ ဘယ်သူလဲ…သားသူငယ်ချင်း မိုးဝေလား…ဥက္ကာလား"

"အင်"

ဥက္ကာ အင်ကနဲ ဖြစ်သွားလေ၏။ ဖုန်းကိုင်သံကြားတော့ ကေရာစ်ပဲထင်ပြီး ဟယ်လိုတောင်မလုပ်ဘဲ ပြောချင်တာတွေ ပြောထည့်လိုက်တာ…

ခုတော့…

"ဟဲ့…မေးနေတာ ဖြေလေ၊ ဥက္ကာလား…မိုးဝေလားလို့"





"ဥ…ဥက္ကာပါ အန်တီ"

"ဟုတ်ပြီ…စောစောက မင်း ဘာပြောလိုက်တာလဲ၊ အန်တီ မရှင်းလို့ ပြန်ပြောစမ်း…ဥက္ကာ"

"အဲ"

"လနတ်သမီးလုပ်လို့ သားရင်ဘတ်မှာ ဒဏ်ရာရသွားတယ် ဟုတ်လား…ဘာဖြစ်ကြတာလဲ…အန်တီ့ကို ပြောစမ်းပါ"

"အဲဒါလေ…ဟိုဟာ အန်တီ"

ဥက္ကာ ခေါင်းသာကုတ်လိုက်မိတော့၏။ ကိုယ့်ရဲ့ မစဉ်းစား မဆင်ခြင်မှုကြောင့် အခုတော့ အဖြေရခက်နေပြီ။

"ဖြေလေ…ဥက္ကာ"

"အန်တီ…ကေရာစ်ကိုပဲ မေးကြည့်လိုက်ပါတော့နော်…ကျွန်တော် ဖုန်းချလိုက်တော့မယ်"

"နေဦး"

"တွီ"

"ဟဲ့…ဥက္ကာ"

ဥက္ကာဘက်က ဖုန်းချသွားပြီမို့ ဒေါ်သစ္စာဖြိုး ဒေါသဖြစ်ကျန်ခဲ့ကာ-

"တောက်"

"ဒုတ်"

ဖုန်းကို စားပွဲပေါ်သို့ ချခဲ့ပြီး ဒေါသခြေလှမ်းကြဲကြဲဖြင့် ထွက်ခဲ့လာ ခဲ့ဟာ ထဘီအောက်နားစပင် ကွဲထွက်မတတ်ပါပဲ။ ကိုယ့်သားကို



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာကိစ္စနဲ့ ဒဏ်ရာရအောင် လုပ်ရတာလဲ။ အိမ်ကနွားကရော ဘာလို့ ငြိမ်ခံနေရသလဲ။ မထက်မြက်တာ မဟုတ်ဘဲနဲ့ အရှုံးပေးလာ တာကိုက ဒေါသဖြစ်ဖို့ ကောင်းတာ။

ဒေါသစွာဖြိုး…

ရေချိုးခန်းရှေ့သို့ ရောက်တာနှင့်…

"သား"

"ဒုန်း…ဒုန်း"

"သား"

"ဗျာ"

အထဲက ပြန်ထူးသံကြောင့်-

"ရေချိုးနေပြီလား"

"ခုပဲ ချိုးတော့မလို့ မေမေ"

"မချိုးနဲ့ဦး…ခဏ အပြင်ပြန်ထွက်ခဲ့စမ်း"

"ဘာဖြစ်လို့လဲ မေမေရဲ့"

"ငါ့ကို ပြန်မမေးနဲ့၊ ထွက်ဆိုရင် အခုမြန်မြန် ထွက်ခဲ့စမ်း"

"……………"

"မင်းကို ငါ မေးစရာရှိတယ်။ ခုပြန်ထွက်ခဲ့စမ်း… သား"

"ကျွတ်"

ဘာများပါလိမ့်။ လေသံကတော့ တစ်ခုခုကို ဒေါသထွက်နေ တဲ့အသံမို့ စိုးရိမ်စိတ်တို့ဖြစ်တည်ကာ တဘက်ကို ဆွဲယူခြုံပြီး ထွက်လာခဲ့လေလျှင်…





"မေမေ ဘာပြောမလို့လဲ"

"မင်းကိုယ်ပေါ်က တဘက်ကို ဖယ်လိုက်စမ်း"

"ဗျာ"

ဖယ်နိုင်းကာမှပဲ ဧကရာဇ် တဘက်ကို ကိုယ်မှာ ကျစ်နေအောင် ဆွဲပတ်ထားမိတော့ မေမေ့မျက်နှာက ပိုတင်းကာပင်-

"မေမေ ပြောနေတယ်နော်…မင်းကိုယ်ပေါ်က တဘက်ကို ဖယ်လိုက်စမ်း"

ပြောရင်း ဒေါသစွာဖြိုး သူမကိုယ်တိုင်ပဲ တဘက်ကို ဆွဲခွာ လိုက်တော့ ဧကရာဇ် ဖယ်လိုက်ရသည်သာ။ ရင်ဘတ်ကိုကြည့်လိုက် တော့ တကယ်ပဲ ညိုညိုကွက်ကို မြင်လိုက်ရတော့ စိတ်ထဲမှာ ဒေါသ က ပို၍ ဆတိုးလို့သာ။ သားမျက်နှာကို ဖျတ်ကနဲ မော့ကြည့်လိုက်ပြီး

"ပြောစမ်း…မင်းရင်ဘတ်က ဘာဖြစ်တာလဲ"

"ဗျာ"

"မညာနဲ့နော်…မေမေ သိပြီးပြီ၊ လနတ်သမီးဆိုတဲ့ မိန်းမ လုပ်လိုက်တာမဟုတ်လား။ ဘာလုပ်လိုက်တာလဲ…မေမေ သိချင် တယ်"

"အဲဒီကောင်မအကြောင်း မပြောစမ်းပါနဲ့ မေမေရာ…နာမည် ခေါ်သံတောင် မကြားချင်တာ။ လဆို မိုးပေါ်က လကစပြီး မုန်းတယ်။ ခုလည်း ထုံးစံအတိုင်း ရန်ဖြစ်ကြတာပေါ့။ သူ့ကို သား ကြည့်လို့ကို မရတာ"

"ကြည့်လို့မရတာထက် ဘာဖြစ်တာလဲဆိုတာကိုပဲ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းမှာ သားတို့ရှေ့ကျမှ သူက ဖိနပ်ပြုတ်သွားတာ မေမေ…သားလည်း အမြင်ကတ်တာနဲ့ ကိုယ့်ဖိနပ်ကို ကိုယ်ချိုသွားလို့ ပြောလိုက်တာကနေ ရန်ဖြစ်တာ။ သူက သားကို ဖိနပ်နဲ့ပစ်လို့ ရင်ဘတ်ကိုမှန်သွားတာ…ဖိနပ်ဒေါက်တည့်တည့်နဲ့ပဲ"

"အဲဒါကို မင်းက ဘာမှပြန်မလုပ်ဘူးလား"

"လုပ်မလို့ပဲ…သူငယ်ချင်းတွေ ဝိုင်းဆွဲထားကြလို့ပေါ့"

"တောက်…ကောင်မ…လူပါးဝလို့…တွေ့ဦးမယ်…ငါနဲ့"

"မေမေ"

ချာကနဲ လှည့်ထွက်သွားတဲ့ မိခင်ကို ကေရာစ် အတင်းပဲ လက်ဆွဲထားလိုက်မိ၏။ မကျေနပ်တိုင်း ရန်ဖြစ်နေကြတဲ့ ရန်ပွဲတွေ ဘယ်တော့မှ ပြီးဆုံးကြမှာလဲ။ လူကြီးချင်းဖြစ်လိုက်၊ လူငယ်ချင်း ဖြစ်လိုက်နဲ့လေ။

"မေမေ မသွားနဲ့ မေမေ"

"ဘာ"

"သူငယ်ချင်းတွေက မိန်းကလေးနဲ့ယောကျ်ားလေး တူပြီး ရန်မဖြစ်ချင်စမ်းနဲ့ဆိုလို့ပါ။ မဟုတ်ရင် သားစိတ်ကလည်း သူ့ကို အဲဒီနေရာမှာတင် ကိုင်ပေါက်ပစ်ခဲ့ချင်တာ"

"အဲဒါ…ကိုင်ပေါက်ပစ်ခဲ့ပါလား"

"မေမေကလည်း သူက မိန်းကလေးဖြစ်နေလို့ပါဆို။ သား…ဒီတစ်ခါပဲ သည်းခံမှာ…နောက်တစ်ခါဆို စောင့်ကြည့်"

"ဘာလဲ…ဦးချပြီး ပြန်လာမှာလား"





"ကိုင်ပေါက်ပစ်ခဲ့မှာ…စိတ်ချ"

ပြောပြီး ကေရာစ် ရေချိုးခန်းထဲသို့ ပြန်ဝင်လာပြီး တံခါးကို ပိတ်လိုက်တော့၏။

ဟူး…

မလွယ်ပါလားနော်…။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဘယ်လို…ဘယ်လို…သမီး…သမီးက သူ့ကို ဖိနပ်နဲ့ ပစ်ပေါက်ခဲ့တယ်…ဟုတ်လား"

"ဟုတ်တယ် မေမေ…အဲဒီကောင် တော်တော်နာသွားပုံ ရတယ်။ ရင်ဘတ်ကို လက်နဲ့ဖိပြီး ရှုံ့မဲ့ကျန်ရစ်ခဲ့တာ။ သမီးလည်း အားကုန်သုံးပြီး ပစ်ခဲ့တာ မေမေရဲ့"

"ကောင်းတယ်…ဒီလိုကောင်မျိုးကို မြစ်နိုင်ရင် ပါးထပ်ရိုက်ခဲ့ဖို့ ကောင်းသေးတာ"





တစ်ဖက်လူကို နာကျင်အောင် လုပ်ခဲ့ရတာအတွက် သားအမိနှစ်ယောက်စလုံး ကျေနပ်လို့မဆုံး တပြုံးပြုံးနှင့်ပါ။ သူတို့ရင်ထဲမှာ နာကျင်ခံစားခဲ့ရသလို အဲဒီမိသားစု စိတ်ရောလူရော အားလုံးကို နာကျင်ခံစားရအောင် ပြန်လုပ်ချင်တာ။ အဲဒီမိသားစုကို ဒေါ်ယမင်းလှိုင် ဘယ်လို ကျေနပ်နိုင်ပါ့မလဲ။

အဲဒီမိသားစုက ပေါက်ဖွားလာတဲ့ မင်းထိပ်ခေါင်ဆိုတဲ့ကောင်ကြောင့်…

ကိုယ့်သမီးကြီး ပပဆည်းဆာ အရှက်တကွဲ အကျိုးနည်းဘဝနဲ့ အသက်ဆုံးရှုံးခဲ့ရတာ။ သမီးအတွက် ဒေါသမိုးမွှန်တဲ့ ဖအေလုပ်သူမှာလည်း စိတ်လိုက်မာန်ပါလုပ်မိလို့ ထောင်ကျခဲ့ရတယ်လေ။ အခုလို သူတို့မိသားစုကလေး ပြိုပျက်ခဲ့ရတာ အဲဒီကောင့်ကြောင့်။ မင်းထိပ်ခေါင်ဆိုတဲ့ကောင့်ကြောင့်…

"ပါးတင်မဟုတ်ဘူး…မေမေ၊ ဒီကောင့်အတွက် ဓားသုံးဖို့လိုအပ်လာရင်တောင် သမီး သုံးသင့်သုံးရမယ်"

"သမီး"

အဲဒါကျတော့ ဒေါ်ယမင်းလှိုင် လက်မခံနိုင်ပေ။ သူမမှာ မျိုးဆက်ဆိုလို့ ဒီသမီးလေးတစ်ယောက်ပဲ ရှိတော့တာ။ သမီးကိုတော့ အထိခိုက်မခံနိုင်ပါဘူး။ လုပ်စရာရှိရင် ကိုယ်ပဲလုပ်ပြီး ခံစရာရှိလည်း ကိုယ်ပဲခံမှာပေါ့။

"အဲလောက်အထိတော့ မလိုဘူး သမီး…မေမေ သမီးကို သမီးအမေလို အဖြစ်မခံနိုင်ဘူး။ မေမေတို့မှာ မျိုးဆက်ဆိုလို့ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကျန်တော့တာလေ။ လူကိုသတ်ဖို့ထက် စိတ်ကို သတ်နိုင်အောင်ပဲ သမီး ကြိုးစားပါ"

"ဟင်···စိတ်ကို ဘယ်လိုသတ်ရမှာလဲ မေမေရဲ့"

ဒေါ်ယမင်းလှိုင် မဲ့ကာနဲ့ ဖြစ်သွားပြီး···

"ဘယ်လိုသတ်ရမှာလဲ···ဒင်းတို့တွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ပြီး စိတ်သတ်လို့သေတဲ့အထိ ဒုက္ခပေးရမယ်။ သူတို့မှာလည်း ကေရာစ်တစ်ယောက်ပဲ မျိုးဆက်ကျန်တော့တာ"

"ဒါဆို"

"ကေရာစ်က အဓိကပစ်မှတ်ပဲ သမီး"

"……………………"

"သူ့ကို ဒုက္ခပေးရမယ်"

"စိတ်ချ···မေမေ၊ မမအတွက် မေမေ့အတွက် သမီးဘက်က တာဝန်ကျေစေရပါ့မယ်"

နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ပြီးမှ ပြောလိုက်သံက အမုန်းကို မီးစာ ထပ်ထည့်လိုက်သလိုပါပဲ။ အရင်တုန်းက ခင်ခဲ့သလောက် အခု အရမ်းမုန်းတယ်။ အဲဒါ နင်က မင်းထိပ်ခေါင်ရဲ့ညီ ဖြစ်နေလို့ပဲ ကေရာစ်···နင့်ကို ငါ အရမ်းမုန်းတယ်။ သူ့အစ်ကို လှုယုတ်မာကြောင့် မမ သေခဲ့ရတာ။

ဘယ်တော့မှ မကျေပါဘူး။

လှုယုတ်မာ မင်းထိပ်ခေါင်···ရှင်သေရာကနေ ထလာကြည့် လှည့်။ ရှင်တို့မိသားစုကို မုန်းတဲ့အမုန်းတွေကို လနတ်သမီးရဲ့ရင်ထဲ





မှာ ဖွဲမီးလို တငွေ့ငွေ့နဲ့ လောင်နေစေရမယ်ဆိုတာ ရှင် မှတ်ထား။ နှစ်တွေကြာခဲ့ပေမယ့် အဖြစ်တွေက မနေ့တစ်နေ့ကလိုပါပဲ။

"ဘာလိုလို့နဲ့ သမီးမေမေတောင် ထောင်ကလွတ်ဖို့ နီးလာပြီ"

လေသံက ပျော့သွားသည်မို့ လလ မေမေ့ကို ကြည့်လိုက်တော့ မေမေ့မျက်ဝန်းမှာ မျက်ရည်တွေနှင့်ပါ။

"သမီးကြီးကိုလည်း သတိရလိုက်တာ"

"သမီးလည်း သတိရတာပေါ့ မေမေရယ်···ဖေဖေ့ကိုရော ပေါ့။ သူတို့ဘက်က ဆုံးရှုံးသွားတာ တစ်ယောက်တည်းရယ်···သမီး တို့ဘက်က ဆုံးရှုံးလိုက်ရတာ နှစ်ယောက်"

"အဲဒါကြောင့် မေမေ ကမ္ဘာမကျေဖြစ်နေရတာပေါ့။ ဒင်းတို့က သားသေပေမယ့် သူ့သားနဲ့ပတ်သက်ပြီး အမြတ်နဲ့ကျန်ခဲ့ရတာ။ မေမေ တို့က အရှုံးတွေချည်းပဲ"

လလ ဖုန်းသံမြည်လာသဖြင့် ကိုင်လိုက်စဉ်–

"ဟယ်လို"

"လနတ်သမီး···ငါ့အသံကြားလို့ ဖုန်းချမပစ်လိုက်နဲ့နော်။ ပြောစရာရှိလို့ ဆက်တာ။ နင် လုပ်ရဲရင် သတ္တိရှိရှိ ရင်ဆိုင်ရဲရမှာပေါ့"

"ဟင်"

မှတ်မိတာပေါ့ ဒီအသံ။ ဒေါ်သစ္စာဖြိုးရဲ့အသံလေ။ သူ့သား ခံလိုက်ရတော့ ဒေါသခွေ့ခွေ့ခုန်နေမှာပေါ့။

"ငါပြောတာ ကြားရဲ့လား"

"ကြားပါတယ်···အန်တီ၊ ပြောစရာရှိတာကိုပဲ ပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



လနတ်သမီးက လုပ်ရဲရင် ခံရဲတယ်။ ဒါပေမယ့် ကိုယ် မမှားရင် ဘယ်တော့မှ ခေါင်းငုံ့ခံမနေတတ်ဘူးဆိုတာလည်း အန်တီ သိထားဖို့ လိုတာပေါ့"

"သိတယ်…နင်လည်း ပြောပိုင်ခွင့်ရှိသလောက် ပြောပေါ့"

"ဘာလဲ…အန်တီ့သား အထိနာသွားလို့ ဒွေးဒွေးခုန်နေတာ လား"

"ဟုတ်တယ်…ငါက ငါ့သားကို ပိုးလိုဉထားတာဟဲ့။ အခု နင့်ကြောင့် ဒဏ်ရာရသွားတာ ငါ မကျေနပ်ဘူး"

"အန်တီ့သားကို ပိုးလိုဉထားသလို ကျွန်မကလည်း ရွှေလို ဉထားတဲ့ သမီးပါ။ အန်တီ့သား အရင်စလို့ ကျွန်မ တုံ့ပြန်တာ။ ဘယ် အရာမဆို တန်ပြန်သက်ရောက်မှုရှိတယ်"

"တောက်"

တစ်ဖက်က တက်ခေါက်သံက နားထဲမှာ မိုးကြိုးပစ်သံနှယ်။ ဒီလောက်ကလေးကို သူတို့မှာတတ်ရင် သူများတွေလည်း သွေးနဲ့သားနဲ့ စိတ်နဲ့ တည်ဆောက်ထားတဲ့သူတွေဆိုတာ မသိကြဘူးလား။ ကိုယ့် လက်ပူမှ မီးမှန်းသိတာတော့ သဘာဝမကျပါဘူး။

"အန်တီ…ကျွန်မကို ခွေးမောင်းသလို တက်မခေါက်ပါနဲ့"

"ခေါက်တော့ ညည်းက ဘာလုပ်ချင်သလဲ"

"အချို့လူတွေက အဲဒီတက်ခေါက်ခံရတဲ့ ခွေးလောက်တောင် အဆင့်အတန်းမရှိတဲ့ စိတ်ဓာတ်တွေနဲ့လေ။ ကိုယ့်ထိမှ မချိုအောင်မဖြစ် နဲ့။ သူများကိုလည်း ကိုယ်ချင်းစာတတ်အောင် ကြိုးစားဦးမှပေါ့။





ပစ္စည်းဉစ္စာတွေ သုံးမကုန် ဖြုန်းမကုန်အောင်ရှိနေတာ အဆင့်အတန်း မြင့်တယ်လို့ မခေါ်ဘူး"

"ဘာ"

"ဘယ်သူလဲ သမီး…ဟိုမိန်းမလား"

"ဟုတ်တယ် မေမေ"

"ပေးစမ်း… မေမေ ပြောမယ်"

"တွီ"

"ဟင်"

လလလက်ထဲကဖုန်းကို ဒေါ်ယမင်းလှိုင် ဆွဲယူလိုက်ချိန်မှာ တော့ ဖုန်းက တွီကနဲ ကျသွားလေသည်။ ဒီတော့ ဒေါ်ယမင်းလှိုင် ဒေါသဖြစ်ရပြန်ပြီပေါ့။

"တောက်…အယုတ်တမာမ…ငါကိုင်တော့ ဖုန်းချသွား တယ်"

"သူ ဖုန်းချသွားတာ မဖြစ်နိုင်ဘူး မေမေ"

ပြောပြီး လလ ဖုန်းကိုပြန်ယူပြီးကြည့်လိုက်ကာ–

"လိုင်းကျသွားတာ"

"အရေးထဲမှာ ဒီလိုင်းကလည်း…တောက်"

မတည့်ကြတဲ့ မိသားစုနှစ်စုကြားမှာ တက်ခေါက်သံတွေသာ ဆွေးပေးဝယ်နေရရင် စည်းစိမ်ပြုတ်ကြမှာ ကြာပြီပေါ့။ ဒီလိုဖြစ်ခဲ့ကြ ခြင်းရဲ့အကြောင်းရင်းမှာ နှစ်ဦးနှစ်ဖက် ဆုံးရှုံးလိုက်ရတာ အလေးကိုနဲ့ ဘဝမို့လို့ပါ။ စတင်မီးမွှေးလိုက်သူကတော့ ကောရာမ်ရဲ့အစ်ကို မင်းထိပ်



www.burmeseclassic.com

ခေါင်ပါပဲ။

ရုပ်ကလေးချောသလောက်…

မွေလိုက်ရှုပ်လိုက်တာ။ သေတော့ အသေဆိုးနဲ့ သေရတာပဲလေ။ တွေးမိတိုင်း ရင်နာရသူက ဒေါ်ယမင်းလှိုင်ပါ။

တစ်ဖက်က ဒေါ်သစ္စာဖြိုးမှာလည်း…

“ကြည့်စမ်း…ဖုန်းချသွားတာ။ ကောင်မတွေ လူပါးဝလို့”

နောက်မှာရပ်နေတဲ့ ဧကရာဇ်က-

“ဖုန်းချသွားတာ မဟုတ်ဘူး မေမေ…လိုင်းကျသွားတာ… ဒီမှာကြည့်”

ဒေါ်သစ္စာဖြိုး ဖုန်းလိုင်းကို ကြည့်လိုက်တော့-

“အရေးထဲအရာပေါ် အဲဒီဖုန်းကို ရှင့်သွာပစ်လိုက်တော့”

❀ ❀ ❀





# အခန်း (၄)

သူငယ်ချင်းတွေရောက်လာတာနှင့် လလ သူငယ်ချင်းတွေကို ခေါ်ပြီး ခြံထဲသို့ ဆင်းလာခဲ့ရာ မေလေးက နှာခေါင်းလေး ရှုံ့ပြီး တစ်ခုခုကို အနံ့ခံ၍-

“ကံ့ကော်ပန်းတွေ ပွင့်နေတယ်ထင်တယ်”

“ဟုတ်တယ်လေ…ဟိုမှာ မတွေ့ဘူးလား”

လလ လက်ညှိုးထိုးပြတဲ့ ကံ့ကော်ပင်ကို ကြည့်လိုက်တော့-

“ဟယ်…ပွင့်နေတာ အများကြီးပဲ”

“အေးဟဲ့…မွှေးနေတာပဲနော်”

“ဟဲ့…ကွကွ”

www.burmeseclassic.com



ကွကွလို့ ခေါ်လိုက်တာနှင့် သဒ္ဒါ နှုတ်ခမ်းလည်းစူ မျက်စောင်းလည်းထိုးကာ-

"မေလေးနော်…နောက်တစ်ခါ အဲလိုခေါ်ကြည့်"

"ဘာဖြစ်လဲ"

"နင်နဲ့ငါ အပြတ်ပဲ"

"မခေါ်စေချင်ရင် နင် ငါခိုင်းတာလုပ်"

"ဘာလုပ်ရမှာလဲ"

"ကုံကော်ပင်ပေါ်တက်ပြီး ပန်းခူးပေး"

"ဘုရားရေ"

"ဘာလဲ…မလုပ်နိုင်ဘူးလား"

"လုပ်နိုင်မလား…ငါက မိန်းကလေးလေ…ဘယ်လိုလုပ်ပြီး သစ်ပင်ပေါ်တက်နိုင်မှာလဲ…နင်ပဲတက်"

"ငါ မတက်နိုင်လို့ နင့်ကို တက်ခိုင်းတာလေ"

"ငါကရော တက်နိုင်မလားဟဲ့"

"ကဲပါ…ငါ တက်ပေးမယ်၊ စကားမများကြနဲ့"

လလက တက်ပေးမယ်ဆိုတော့ နှစ်ယောက်စလုံး အံ့သြဟန်လေးတွေနှင့် သဒ္ဒါကပဲ-

"နင် တက်နိုင်တယ်လား…လလ"

"ဒီအပင်က ငါ တက်နေကျပါ။ မနက်ကတောင် ဘုရားတင်ဖို့ တက်ခူးပြီးပြီ"

"ဟယ်…ဟုတ်လား၊ ဒါဆို မျောက်မလေးပေါ့"





"ငါက သစ်ပင်တက်နိုင်လို့ မျောက်ခေါ်ရင် နင်တို့ သစ်ပင်မတက်နိုင်တဲ့လူတွေက ခွေးပေါ့"

"အမ်"

"အူသာအူလိုက်တော့"

မေလေးနဲ့သဒ္ဒါမှာ ကုံကော်ပင်အောက်ကိုရောက်တော့ အပင်ကိုမော့ကြည့်ပြီး ကိုယ်တိုင် တက်ချင်စိတ်တွေ တဖွားဖွားနှင့်ပါ။ လလကတော့ ဘောင်းဘီကို ဒူးအထိလိပ်တင်ပြီး သစ်ပင်ပေါ်ကို တက်သွားတာ ပေါ့ပါးစွာနှင့်လေ။ သူတို့မှာ လလ ခူးချပေးတာတွေကိုပဲ လိုက်ကောက်နေရ၏။

သူနဲ့တွဲလို့ လျှောက်ခဲ့တဲ့လမ်းလေးတွေ×××အတူတူတွဲလို့ ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေ×××အတူတူ ပြုံးပြနှုတ်ဆက်တဲ့ လက်ကလေးတွေ×××အရင်လို မဖြစ်နိုင်တော့ဘူးကွယ်…

အရင်က ပြောခဲ့ဖူးတဲ့ သူ့စကားလေးတွေ×××အရင်က ပေးခဲ့ဖူးတဲ့ သူ့အနမ်းလေးတွေ×××အရင်က ချစ်ခဲ့ဖူးတဲ့ သူ့ရဲ့ချစ်သူ အရင်လို မဖြစ်နိုင်တော့ဘူးလား….

အသိုင်းအဝိုင်းကြားမှာ မနာလိုသူတွေက သွေးထိုး×××အရင်လို ချစ်ခဲ့တဲ့အချစ်တွေ×××အရင်လို မဖြစ်နိုင်တော့ဘူးကွယ်×××

ကေရာစ် ဂစ်တာတီးပြီး သီချင်းဆိုနေတာကို နားထောင်ရင်း ဥက္ကာ မျက်လုံးက ဟိုရောက်ဒီရောက်ပါ။ နားခေါင်းထဲမှာ ပန်းရနံ့တစ်ခုခုရနေလို့လေ။ ကြည့်ရင်းကြည့်ရင်းနဲ့ ကုံကော်ကိုင်းတွေ လှုပ်နေတာကိုမြင်သဖြင့် တစ်ယောက်ယောက် ခူးနေတာဖြစ်မှာပဲဟု…



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်…

အကြည့်က ထိုနေရာမှာပဲ တည်ရှိနေလျှင်…

သိပ်ချစ်ခဲ့လို့ မုန်းဖို့မလွယ်ဘူး×××ငါ့မှာ လွမ်းလွန်းလို့ မေ့လို့မရဘူး×××အချိန်တိုင်း သတိရနေတယ်×××ဒါတွေ သူက မသိနိုင်ပါဘူး×××သိပ်ချစ်ခဲ့လို့ မုန်းဖို့မလွယ်ဘူး×××ငါ့မှာ လွမ်းလွန်းလို့ မေ့လို့မရဘူး×××အချိန်တိုင်း သတိရနေပါတယ်…ဒါတွေ သူက မသိနိုင်ပါဘူး…နောက်တစ်ယောက်လည်း အစားထိုးဖို့ မလွယ်ဘူး×××အခြားတစ်ယောက်လည်း ပြောင်းပြီးမချစ်နိုင်ဘူး×××ငါ့အချစ်က မင်းလေးတစ်ယောက်ကိုပဲ×××ချစ်ခဲ့တာပါ×××

× × ×

"ဟော့ကောင်…ဟော့ကောင်တွေ"

"ဟင်"

ဥက္ကာ ပန်းချီနေတဲ့သူကို မြင်သွားလေတော့ ဖျာဖျာသလဲ ခေါ်လိုက်လေလျှင် ကေရာဇ် သီချင်းသံက ရပ်သွားပြီး-

"ဘာလဲကွ"

"အေးကွာ··မထိတ်သာမလန့်သာနဲ့"

"ဟိုမှာ ကြည့်စမ်း"

"ဘာလဲ"

"ကံ့ကော်ပန်းချီနေတာ ဘယ်သူလဲ…ကြည့်ပါဦး"

ကေရာဇ်နဲ့မိုးဝေ ဥက္ကာလက်ညှိုးထိုးပြရာကို ကြည့်လိုက်တော့ ကံ့ကော်ပန်းချီနေတာ လနတ်သမီးပါ။ ဒါမျိုးမြင်ရတာ ကေရာဇ်





အတွက် အထူးအဆန်းမဟုတ်တော့ပေမယ့် ဥက္ကာတို့အတွက်ကတော့ ဆန်းနေသည်လေ။ မိန်းကလေးဖြစ်နေပြီး ဒီလောက်မြင့်တဲ့ ခပင်ကို တက်နိုင်လို့ပေါ့။

ဥက္ကာဆိုရင်…

အမြင့်ရောက်ပြီး အောက်ကို ပြန်ငုံ့ကြည့်ရင် မူးတတ်လို့ ဘယ်သစ်ပင်မှ မတက်ဖူးပေ။

"ဒါများ အဆန်းလုပ်လို့…အဲဒီအပင်က အဲဒီမျောက်မ တက်နေကျပဲဥစ္စာ"

"ဟုတ်လား"

"အဲဒီအပင်မှာ ကပ်နေတဲ့ ရက္ခစိုးနတ်တော့ သွားပါပြီကွာ… ဘုန်းကံတွေ နိမ့်ကုန်ပါပြီ"

ကံ့ကော်ကိုင်းတွေ တလှုပ်လှုပ်ဖြစ်နေတာကိုကြည့်ရင်း ကေရာဇ် အတိတ်ဆိုတဲ့ကာလတွေကို ပြန်လည်သတိရမိသွား၏။ သူတို့ငယ်ငယ်တုန်းကတော့ ဒီကံ့ကော်ပင်ကလည်း ဒီလောက် မမြင့်သေးပေ။ လလ လိုချင်တယ်ဆိုရင် သူက တက်ခူးပေးနေကျပေါ့။

မိသားစုနှစ်စု ပဋိပက္ခဖြစ်ကြပြီဆိုကတည်းက…

လနတ်သမီးဆိုတဲ့မိန်းကလေး မာနကြီးလိုက်ပုံက ဒီအပင်ကို သူ့တာသာသူ တက်နိုင်အောင် ကြိုးစားခဲ့တာလေ။ အစတုန်းက ကိုယ်ခုလောက်အထိ မတောင်းမာခဲ့သလို လလအပေါ်လည်း မမုန်းခဲ့ပါဘူး။ ကိုကြီးဆုံးသွားတာအတွက် ကံစီမံရာလို့ပဲ သတ်မှတ်ခဲ့တာ။

ဒါကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ မကြိုက်တဲ့ကြားက ကုံကော်တွေပွင့်တဲ့အချိန်မှာ တစ်ဖက်ခြံထဲကို ခိုးဝင်ပြီး-

"လလ"

"ဟင်"

ကုံကော်ပင်ကို မော့ကြည့်နေတဲ့ လလ သူခေါ်လို့ လှည့်ကြည့်ပြီး အစကတော့ အံ့သြသလိုနဲ့ နောက်တော့ အံ့ကြိတ်ပြီး မျက်နှာက ပြတ်ထွက်တော့မတတ် တင်းမာလာကာ-

"နင် ဒီကို ဘာလာလုပ်တာလဲ ကေရာဇ်၊ နင်နဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူး။ ရန်သူတွေ ဖြစ်သွားပြီ။ ဘာမှ ပတ်သက်စရာ အကြောင်းမရှိဘဲ ဘာလာလုပ်တာလဲ"

"ဟင်"

အဲလောက်အထိ ပြတ်ပြတ်သားသား ပြောလိမ့်မယ်လို့ ထင် မထားမိတာကြောင့် လာခဲ့မိတဲ့ ကိုယ့်ခြေထောက်ကိုပဲ ခြေကျူးမိတာ ဆိုပြီး ဖြတ်ပစ်ရမလိုလိုပါ။

"ငါနဲ့နင်က အချစ်ဆုံးသူငယ်ချင်းတွေလေ။ လူကြီးတွေကိစ္စ တို့နဲ့မဆိုင်ဘူးလို့ သတ်မှတ်လိုက်"

"ဘာ"

"ကုံကော်ပန်းတွေ ပွင့်နေတာမြင်လို့ ငါ လာခဲ့တာ"

"ဒီမှာ ကေရာဇ်"

"..........."

"ကုံကော်ပွင့်တိုင်း နင်နဲ့ငါ မမေ့ကြေး မမုန်းကြေးလို့ ကတိ





ကဝတ်ပြုထားတာ မရှိဘူး။ အချစ်ဆုံးဆိုတဲ့စကားကို မသုံးနဲ့...အခု ချိန်မှာ နင်က ငါ့ရဲ့အမုန်းဆုံးလူပဲ"

"နင် အဲလိုတော့ မပြောနဲ့ လလ...ငါက နင့်အတွက် ကုံကော် ပန်းတွေ ခူးပေးဖို့ ရောက်လာခဲ့တာပါ...နင်နဲ့ငါက..."

"မလိုဘူး ကေရာဇ်...နင်ခူးပေးမှ ဒီပန်းကို ငါရမှာမဟုတ် ဘူး။ ယောက်ျားလေးနဲ့မိန်းကလေး မတူညီတဲ့အချက်တွေရှိတာ မှန် တယ်။ ဒါပေမယ့် ယောက်ျားလေးအလုပ် မိန်းကလေး လိုက်လုပ်လို့ ရတာတွေ အများကြီးပဲ။ ဒီအပင်ကို ငါ တက်နိုင်အောင် ကြိုးစားမယ်"

"နင်က ဒီလိုလား"

"ဟုတ်တယ်"

ဖြေသံက ခပ်ပြတ်ပြတ်နှင့် မျက်နှာကလည်း ပြတ်ထွက်တော့ မည့် ကြိုးတစ်ချောင်းသို့နှယ်။ လူကြီးတွေဆီက အမုန်းမီးတွေက လလ ဆီကို ကူးစက်လောင်ကျွမ်းခြင်းပဲပေါ့။

"နင့်အစ်ကိုကြောင့် ငါ့မမ ဘဝလည်းပျက်၊ အသက်လည်း သေခဲ့ရတာ။ ငါ့ဖေဖေလည်း ထောင်ကျခဲ့ရတယ်။ နင်က လူယုတ်မာ ရဲ့ညီ...နင့်ကို ငါ အရမ်းမုန်းတယ်...သိလား"

"လလ"

"..............."

"နင် အဲဒီလိုတော့ မပြောနဲ့ လလ...နင့်လက်တောင်းနင် ထောင်ကြည့်စမ်း...လက်ငါးချောင်းက အတိုအရှည် ညီသလားလို့။ ကိုကိုနဲ့ငါက ညီအစ်ကိုဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လူချင်းတူပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အသက်ရှုချင်းတော့ ကွာပါတယ်ဟ။ ကိုကိုက ကို…ငါက ငါပဲ"

"ဘာထူးလဲ…ဒီပုပ်ထဲက ဒီပဲ…ပဲလာမှာပေါ့။ ပဲကြီး ထွန်းမလာဘူး။ အပိုတွေ မပြောနဲ့၊ နင်နဲ့ငါ မပတ်သက်ချင်ဘူး… ငါ့ရှေ့က ခုထွက်သွား"

အဲဒီနေ့က ကေရာစ်နားထဲမှာ လလပြောတဲ့ နင့်ကို ငါ အရမ်း မုန်းတယ်ဆိုတဲ့စကားနဲ့ ငါ့ရှေ့က ခုထွက်သွားဆိုတဲ့စကားက အခုထိ နားထဲမှာ ပဲ့တင်ထပ်နေတုန်းပါပဲ။ အဲဒီကစလို့ အခြေအနေတွေက ပို၍ တင်းမာလာကြတာမို့ မပတ်သက်မိအောင် ကြိုးစားရင်း…

မနေနိုင်ခြင်းရဲ့ထွက်ပေါက်က…

စကားလုံးလှလှလေးတွေမဟုတ်ဘဲ တွေ့တိုင်း ရန်ဖြစ်နေကြရ တာပဲလေ။

"ကေရာစ်"

"…………"

"ကေရာစ်"

"အင်"

ကေရာစ် အတွေးစတွေ ပြတ်သွားတော့ မိုးဝေက သူ့နဖူးခေါင်း နားသို့ လက်ညှိုးနှင့် လက်ခလယ်ကို ပူး၍ကပ်ကာ-

"အသက်တော့ ရှုသေးတယ်ကွ…တော်ပါသေးရဲ့…တို့က မင်းကို ငုတ်တုတ်သေသွားပြီမှတ်လို့…မျက်ရည်ညှစ်ချဖို့တောင် တိုင်ပင်နေတာ"



"မင်းတို့ သေပါလား"

"တို့က မသေဘူး…ဟိုမှာ သစ်ပင်ပေါ်က ပြုတ်ကျပြီး သေနေဦးမယ်"

"အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ"

"ရင်ထဲကပါမှပြော"

"ဘာလို့မပါရမှာလဲ…ငါ့အစ်ကိုက သူ့အဖေသတ်လို့ သေရ တာ။ ဘယ်တော့မှ မကျေဘူး။ အဲဒီသွေးကြွေးကို မေ့မှာစိုးလို့ မေမေ က ကိုကို့ကို ပြေးပွေ့တုန်းက သူ့ရင်ဘတ်မှာ သွေးပေခဲ့တာကို အခု အထိ မလျှော်မဖွပ်ပဲ သိမ်းထားတုန်းပဲ"

"အဲဒီလောက်တောင်ပဲလား"

"ဟုတ်တယ်…သူ သစ်ပင်ပေါ်က ပြုတ်ကျပြီး သေရင် လက်ခုပ်တီး ပအားတိုက်ရယ်မယ့်ကောင်က ငါပဲ"

ပြောပြီး ကေရာစ် ထသွားလေလျှင်-

"ဟေ့ကောင်…အဲဒါ ဘယ်ကိုလဲ"

"ငါ ဘာလုပ်မလဲဆိုတာ မင်းတို့ စောင့်ကြည့်"

မိုးဝေနဲ့ဉက္ကာ ကေရာစ် ဘာလုပ်မလဲဆိုတာကို စိတ်ဝင်စားစွာနဲ့ စောင့်ကြည့်နေကြတော့ ကေရာစ် လျှောက်သွားတာသည် သူ ချွေးထားတဲ့ခွေးလေး နေညိုဆီသို့ပါ။ အဲဒီခွေးလေးက လူစိမ်းဆိုရင် ကိုက်ချင်လို့ ကြိုးချည်ထားရတာလေ။

ပြီးတော့…

လိမ္မာတယ်လို့ပဲ ခေါ်ရမလား။ ကေရာစ်ပြောရင် ပြောတဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ နားလည်သလိုလိုပါ။ ကေရာစ် ခွေးကို ကြိုးဖြေပေးလိုက်ပြီး ကျောက်ကိုသပ်ကာ-

"နေညို"

"ကွိ…ကွိ…ကွိ"

"ငါ ပြောတာကို မင်း သေသေချာချာ နားထောင်စမ်း"

နေညို အမြီးတနှံ့နှံ့နှင့် ကေရာစ်ကိုကြည့်ပြီး တကွိကွိ လုပ်နေလေသည်။ သခင်စကားကို နားလည်လားမလည်ဘူးလားဆိုတာ စောင့်ကြည့်ရဦးမှာပေါ့။

"မင်း ဟိုဘက်ခြံကိုသွား…တွေ့သမျှလူ အကုန်သာ ကိုက်လာခဲ့…ကြားလား"

"ကွိ…ကွိ…ကွိ"

"ပြောစကား နားမထောင်ရင် မင်းကို ဒီနေ့ အစာမကျွေးဘူး"

"ခွေးက မင်းစကားကို နားလည်မှာတဲ့လား"

"စောင့်ကြည့်လေ…ငါ့ခွေးက အမှတ်မရှိတဲ့သူတွေထက် အများကြီးသာတယ်"

"မင်းဟာကလည်း"

အမှတ်မရှိတတ်တာက မိုးဝေလေ။ ဘာပဲဖြစ်ဖြစ် အမှတ်သည်းခြေကြီးတာမျိုး မရှိပေ။ ကေရာစ် ကျောက်ခဲတစ်လုံးကို ကောက်ပြီး တစ်ဖက်ခြံဘက်သို့ ပစ်လိုက်တာနှင့် နေညိုက ကျောက်ခဲသွားရာဘက်သို့ ပြေးလေလျှင်-

"မင့်ခွေးက အဟုတ်သားပဲကွ"





"ဟောကောင်…တည့်ပြောစမ်းပါ၊ မင်းစကားက ငါ ဘာဖြစ်သွားပြီလဲ"

"အဲ…ဟုတ်သားပဲ၊ ဆောရီး…မင်းရဲ့ခွေး…မင်းရဲ့ခွေး"

စကားကိုပဲ အထအန ကောက်လေသဖြင့် မိုးဝေနှဲ့ဥက္ကာ ပြုံးလိုက်မိကြတာ အတူတူပါ။ ကေရာစ်ဆိုတဲ့ကောင်က အဲဒါလေးတောင် တိကျချင်သတဲ့လား။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

“လလ…နှင့်နောက်ဘက်က အကိုင်းလေး ချိုးလိုက်ဦး”

“……………”

“နှင့်ညာဘက်မှာလည်း အပွင့်တွေ”

“မေလေး”

“ဟင်”

“ကြည့်လည်းပြောဦး…သစ်ပင်ပေါ်က လလနော်… ကိုသိန်းတန် မဟုတ်ဘူး”

“ဟဲ…ဟဲ”

“ဘာဟဲ..ဟဲလဲ..နှင် တရားခံဖြစ်သွားမယ်နော်”



“ငါ့မျက်လုံးထဲမှာ လလက ကိုသိန်းတန်ဖြစ်နေလို့”

သဒ္ဒါ မျက်စောင်းထိုးတော့ မေလေးက ရယ်နေသည်။ ပြီး… လလ ပစ်ချပေးတဲ့ ပန်းကိုင်းတွေကို လိုက်ကောက်နေတာ တစ်ပွေ့ တစ်ပိုက်ပါပဲ။ မိန်းကလေးဆိုတော့ အကိုင်းလိုက်ချိုးချပေးတာမျိုး မဟုတ်ဘဲ လိုသလောက်ကနေ ချိုးယူပြီး ချပေးတာလေ။

“လလက မိုက်တယ်နော်”

“ဘာမိုက်တာလဲ…မိုက်မှ ထောင်ကျမှာပေါ့”

“အထမကောက်နဲ့လေ…ငါက လလ သစ်ပင်တက်နိုင်တာကို ပြောတာ”

“ဝုတ်…ဝုတ်…ဝုတ်…ဝုတ်”

“အမေ့”

“ဟဲ့”

ခွေးဟောင်သံကြားလို့ နှစ်ယောက် ပြိုင်တူလှည့်ကြည့်ကြတော့ ခွေးက သူတို့ဆီကိုပဲ တည့်တည့်လာနေတာပါ။ လလလည်း သစ်ပင် ပေါ်ကနေ ခွေးကိုမြင်တာနှင့် အမြန်ဆင်းခဲ့တော့၏။ ဒီခွေးအကြောင်း သိနေလို့ပဲလေ။

“ဝုတ်…ဝုတ်…ဝုတ်…ဝုတ်”

“ဟဲ့…လုပ်ပါဦး…လာပြီ”

“ငါလည်း ကြောက်တယ်”

“လာပြီ”

“ပြေးရအောင်”

www.burmeseclassic.com

www.burmeseclassic.com



"ဝုတ်…ဝုတ်…ဝုတ်…ဝုတ်"

"အမယ်လေး"

နှစ်ယောက်သား မွေ့ထားတဲ့ပန်းတွေကို ပစ်ချခဲ့ပြီး ပြေးလေလျှင် မေလေးက ရှေ့မှဖြစ်ပြီး သဒ္ဒါက နောက်မှာပါ။ ခွေးက နောက်မှ လှကိုပဲ ဝင်ဆွဲလေလျှင်-

"အမယ်လေး"

"ဝေါင်း"

"အား"

"ဟဲ့ခွေး…ဟဲ့ခွေး"

"တောက်"

သစ်ပင်ပေါ်ကနေဆင်းတာ မြေပြင်ကို မရောက်သေးတဲ့ လလ ဒေါသဖြစ်ကာ တက်ခေါက်လိုက်တာ ဖြစ်၏။ သူမက သစ်ပင်ပေါ်မှာဆိုတော့ အမြင့်ကလူလေ။ ဟိုဘက်ခြံထဲမှာ ဘာလုပ်တယ်ဆိုတာ အကုန်မြင်နေရတာပဲဥစ္စာ။

အခု…

ဟိုဘက်ခြံမှာ ကေရာစ်တို့ ဒီဘက်ခြံကို ချောင်းကြည့်ပြီး ရယ်နေကြသည်လေ။

"ကယ်ကြပါ…ဟီး"

သဒ္ဒါ ကြောက်ကြောက်နှင့် အော်ငိုလေလျှင်-

"မေလေး…နှင့်ရှေ့မှာ အုတ်ခဲ…ကောက်ပစ်လိုက်…အဲ့ခွေးကို"



သူမ လှမ်းအော်ပြောလေတော့ မေလေးက-

"ငါ ကြောက်တယ်"

"ဟဲ့ခွေး…ဟဲ့ခွေး"

မေလေးက ဘာလုပ်ရမှန်းမသိဖြစ်နေစဉ်မှာ သဒ္ဒါ ကြောက်အော နှင့် ခွေးကို ကန်ကြောက်ပစ်နေရင်းပဲ တစ်ချက်တော့ ကိုက်မိခံလိုက်ရ၏။ လလလည်း ဒေါသတွေဖြစ်ကာ မြေပြင်ကိုရောက်လာတော့ အုတ်ခဲကို ပြေးကောက်ပြီး ခွေးခေါင်းကို ထုလေလျှင်-

"သောက်ခွေး…ကဲဟာ"

"ဒုတ်"

"ကိန်…ကိန်…ကိန်"

"ကဲဟာ"

"ကိန်…ကိန်…ကိန်"

အခုချိန်မှာ တစ်ဖက်လူရဲ့လုပ်ရပ်တွေကို သိနေလို့ ဒေါသဖြစ်တာကြောင့် လလ ခွေးကို သနားရကောင်းမှန်းမသိတော့ပေ။ လူနဲ့ခွေး ဘယ်ဟာက အရေးကြီးလဲ။ သူ အုတ်ခဲနဲ့ထုတော့ ခွေးက အော်ပြေးလေလျှင်…

"သဒ္ဒါ"

"သဒ္ဒါ…ဘယ်ကို ကိုက်မိသွားလဲ"

"ခြေထောက်ကိုပေါ့…ဟီး"

"မှန်းစမ်း"

သဒ္ဒါခမျာ ကြောက်လွန်းလို့ ရင်တွေပင် တုန်ကာ ငိုလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြေထောက်ကိုကြည့်တော့ ခြေသလုံးကြွက်သားနှင့် လွတ်ရုံလေးနေရာမှာ သွေးတွေက ထွက်လို့ပါ။

"သွေးတွေ တော်တော်ထွက်နေတာပဲ"

"မေလေး"

"ဟင်"

"သဒ္ဒါ တော်တော်ကြောက်နေတာ…နင် ကြည့်ထားဦး။ ရေတိုက်ရအောင် ငါ ရေသန့်ဘူး သွားယူဦးမယ်။ ဆေးနဲ့ပတ်တီးပါ ယူလာခဲ့မယ်"

"အေး…အေးပါ"

လလ အတင်းပဲ အိမ်သို့ ပြန်ပြေးလာပြီး ရေသန့်တစ်ဘူးနှင့် ဆေးရောပတ်တီးပါ ယူလာခဲ့သည်။ လလ ပြန်ရောက်လို့ သဒ္ဒါ ဒဏ်ရာကို ဆေးထည့်ပေးမလို့ လုပ်နေစဉ်မှာပဲ…

"လနတ်သမီး"

"……………"

"လနတ်သမီး"

ခေါ်သံက မညင်သာသလို ပြန်လှည့်ကြည့်တဲ့သူ့ရဲ့ပုံစံကလည်း ကရာဇ်ကို စားတော့ဝါးတော့မတတ်ပါ။ အခု ကရာဇ်က ကိုယ့်ခြံထဲအထိ ရောက်လာပြီဆိုတော့ အဆင်သင့်လိုက်လေခြင်းပေါ့။ သူနဲ့ ကိုယ့်ကြားမှာ ဘယ်မျက်နှာမှ ထောက်ထားစရာမလိုဘူးလေ။ လူတစ်ယောက်ကို ခွေးနဲ့ ရှူးတိုက်ကိုက်ခိုင်းတာ သူလည်း ခွေးစိတ်မွေးလို့ပဲ မဟုတ်ဘူးလား။





လူနဲ့ခွေး…

ဘယ်သူက ပိုပြီး တန်ဖိုးရှိသလဲ။ လူဆိုရင် သိရမှာပေါ့။ လလကို သေချင်အောင် မုန်းနေပါစေ မေလေးနဲ့သဒ္ဒါက မဆိုင်တဲ့လူတွေပဲလေ။ လလကို မုန်းတာ လလကိုပဲ မကောင်းကြံပေါ့။ ခုတော့…

"နင် ငါ့ခွေးကို ဘာလုပ်လိုက်တာလဲ…ခေါင်းမှာ သွေးတွေနဲ့"

"အဲဒါ အပြေးဦးလို့…အပြေးမဦးရင် နင့်ခွေးကို ငါ အသေသတ်မလို့ပဲ"

"ဟာ…နင်က ဒီလောက်တောင်ပဲလား။ ဒီမှာ လနတ်သမီး"

"……………"

"ခွေးကို ရန်မူရိုက်တဲ့သူ…ရိုက်သူလည်း ခွေး၊ ခွေးလည်း ခွေးတဲ့"

"အေး…ငါက ခွေးဆိုရင် ရိုးရိုးခွေးပဲ ဖြစ်မယ်။ နင်ကမှ ယောက်ျားဖြစ်ပြီး အောက်တန်းကျတဲ့ ခွေးဝဲစား။ ခွေးသူတောင်းစား"

"ဘာ"

"လူနဲ့ခွေး ဘယ်ဟာက တန်ဖိုးမြင့်မြတ်လဲ နင် မသိဘူးလား။ အခု နင့်ဘက်က သွေးထွက်သံယိုဖြစ်တာ ခွေး။ ဒီမှာက လူဟဲ့… ခွေးထက် အသိရှိတဲ့လူဆိုတာ နားမလည်ဘူးလား"

"ခွေးလည်း အသက်နဲ့ပဲ"

"အသက်ရှိပေမယ့် အသိမရှိတဲ့ခွေးကို ခဲပေါက်ခိုင်းစေတာ နင်လေ။ နင်လည်း အသိမရှိလို့ အဲဒီလိုလုပ်တာ။ နင် မုန်းတာ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ငါ့ကိုမုန်းရင် ငါ့ကိုပဲ ပစ်မှတ်ထားပေါ့။ မဆိုင်တဲ့သူတွေကို ဘာလို့ ဒုက္ခပေးရတာလဲ။ နင် ဘာဖြစ်ချင်လဲပြော…ငါ့ကို ဘာလုပ်ချင်လဲ…ငါနဲ့ပဲရှင်း"

"ဟာ"

ပြောပြီး ပခုံးချင်း ပြေးတိုက်လိုက်တော့ ကေရာစ် နောက်သို့ ယိုင်ကနဲ ဖြစ်သွားလေ၏။ ဒီလိုလုပ်တာကို သတ္တိရှိတယ်လို့ ချီးကျူးရမလား။ မိုက်ရူးရဲဆန်လိုက်တာလို့ တွေးရမလား။ သဘာဝက ဖန်ဆင်းပေးထားတာ ယောကျ်ားနဲ့မိန်းမဆိုတာ ဘယ်တုန်းကမှ အင်အားချင်းမညီမျှခဲ့ပေ။

ဒါကို ပခုံးချင်းတိုက်ပြီး စိန်ခေါ်တာ။

ကိုယ်လွှမ်းမိုးသိပေမယ့် မာနက အရှုံးမပေးချင်သလို…တစ်ခုခု ပြန်လုပ်လိုက်ပြန်ရင်လည်း မိန်းကလေးနဲ့ တုပြီးအနိုင်ကျင့်ရာကျမှာ စိုးတာကြောင့်-

"လနတ်သမီး…နင်နော်"

"ဘာလုပ်ချင်လဲ…ပြော…လုပ်လေ။ နင် လူပါးဝတိုင်း ငါက ငြိမ်ခံနေမယ်လို့ ထင်သလား…မစဉ်းစားနဲ့"

"တောက်"

သူ တက်ခေါက်လိုက်တော့ လလက ဆတ်ကနဲ မျက်နှာကို မော့ပေးလိုက်ပုံမှာ မကျေနပ်လို့ ပါးရိုက်ချင်လည်း ရိုက်ဆိုတာမျိုး ပေါ့။ သူ့ရင်ထဲက အမုန်းမီးတွေက အဲဒီလောက်တောင် တောက်လောင်ပြီး သတ္တိတွေ၊ ခွန်အားတွေ ဖြစ်စေသတဲ့လား။





"နင် မိန်းကလေးဖြစ်နေလို့ သက်သာတယ်မှတ်"

"မိန်းကလေးလည်း လူပဲ…နင် သတ္တိရှိရင် ကြိုက်တဲ့ လက်နက် သုံးလို့ရတယ် ကေရာစ်…နင် နှစ်ချက်ဆိုရင် ငါ တစ်ချက်တော့ တုံ့ပြန်နိုင်မှာပဲ"

"အေး…ငါကလည်း နင့်ခြံထဲအထိ ရောက်လာမိလို့ ဘာမှ မလုပ်တာ။ ပိုင်နက်ကျူးလွန်မှုမြောက်နေလို့ ဆင်ခြင်တယ်ဆိုတာ နင် မှတ်ထားလိုက်"

"မဟုတ်ရင် ဘာလုပ်မှာလဲ"

"သတ်ပစ်ချင်တာ…လည်ပင်းညှစ်ပြီးကိုပဲ သတ်ပစ်ချင်တာ"

"လုပ်လေ…လုပ်စမ်းပါ"

"လလ…တော်တော့၊ ဒီမှာ သဒ္ဒါဒဏ်ရာက သွေးတွေ အရမ်း ထွက်နေပြီ"

"တောက်"

နောက်ဆုံး တက်ခေါက်ပြီး ကြည့်သွားတဲ့ လလရဲ့အကြည့်က မီးတွေ ဟုန်းကနဲ ထတောက်သွားသလိုပါပဲ။ ဗုဒ္ဓဟူးသမီးပဲလေ။ ဒေါသဖြစ်ပြီဆို ရှူးရှူးဒိုင်းဒိုင်း လုပ်ပစ်ချင်တာ အခုမှ မဟုတ်ခဲ့ဘူး ဆိုတာ သူငယ်ချင်းဖြစ်ဖူးတဲ့ ကေရာစ် သိမှာသိပဲပေါ့။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ကေရာစ် သင်တန်းကိုသွားကာနီး အဝတ်လဲကာ မှန်ရှေ့မှာ ရပ်လိုက်မိ၏။ မှန်ထဲက ကိုယ့်ပုံကိုကြည့်ပြီး တယ်ချောတဲ့ငါပါလား ပေါ့။ ကောင်မလေးတွေ စိတ်ဝင်စားမယ်ဆိုလည်း ဝင်စားစရာပဲလေ။ အရပ်က ခြောက်ပေ မပြည့်တပြည့်နဲ့ ငါးပေနဲ့ ခြောက်လက်မ။

အသားကဖြူဖြူ…

မျက်ခုံးမွှေးကောင်းကောင်း နှာတံစင်းစင်းမှာ နှုတ်ခမ်းလွှာက မထူမပါးနှင့် ခပ်ရဲရဲပုံစံဖြစ်နေပြီး မျက်နှာဝိုင်းမလိုလိုနှင့် မေးစေ့ကျမှာ သွယ်သွားတာမျိုးပါ။ မှန်ထဲမှာ ကိုယ့်ပုံကိုကြည့်လို့ဝပြီဆိုမှ ကားသော့ ကိုယူပြီး ထွက်လာခဲ့စဉ်…





"အစ်ကိုလေး…အစ်ကိုလေး"

"……………"

"အစ်ကိုလေး"

"ဟ…ဘာဖြစ်လာတာလဲ"

ထမင်းချက်အကူကောင်မလေး သွယ်စင်ဝင်း သုတ်သီး သုတ်ပျာနှင့် ရောက်လာသဖြင့် ကေရာစ် မေးလိုက်ခြင်းပါ။

"ဟို….ဟို"

"ဘာဟိုလဲ…ဘာဖြစ်လို့လဲ"

"အစ်ကိုလေးရဲ့ခွေးလေး နေညိုလေ…နေညို"

နေညို ဘာဖြစ်လို့ပါလိမ့်။ ကေရာစ် မျက်မှောင်ကြုတ်သွားစဉ် မှာပဲ သွယ်စင်က တံတွေးတစ်ချက်မျိုချကာ-

"နောက်ဖေးမှာ နေညို သေနေတယ်…အစ်ကိုလေး"

"ဘာ"

"ပါးစပ်က အမြှုပ်တွေလည်း ထွက်နေတယ်။ အဲဒါကြောင့် အစ်ကိုလေးကို လာခေါ်တာ။ နေညို ဘာဖြစ်တာလဲမသိဘူး"

"ဟင်"

ကေရာစ် ခြေလှမ်းတွေ လျှင်မြန်သွက်လက်သွားလေ၏။ နေညို ကို သူ သံယောဇဉ်ရှိသည်လေ။ သံယောဇဉ်လေး သေဆုံးသွားပြီ ဆိုတော့ သူ တုန်လှုပ်ခြင်း မရှိဘဲ နေနိုင်ပါ့မလား။

"နေညို"

"………….."



www.burmeseclassic.com

www.burmeseclassic.com



"နေညို"

နေညို သေနေတာကို မြင်လိုက်ရတော့ ကေရာစ်ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ ယူကျုံးမရဖြစ်တယ်ပဲ ဆိုပါတော့။ စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ ဘာကြောင့် သေရသလဲဆိုတာကို စဉ်းစားကြည့်ရင်း…

"ဒါ ခေးမိထားတဲ့လက္ခဏာပဲ"

"ရှင်"

"သွယ်ဇင်"

"ရှင်"

"နေညိုကို ဘယ်သူ အစာကျွေးတာလဲ"

"သွယ်ဇင် ကျွေးတာပါ အစ်ကိုလေး…သူ့ကို အစာကျွေးပြီး သွယ်ဇင် ဖန်းကန်တွေ ဆေးစရာရှိလို့ ထားခဲ့တာပါ။ နောက်မှ အော်သံကြားလို့ သွားကြည့်ပြီး ရှန်းနေတာတွေ့တာနဲ့ ကြိုးဖြေပေးလိုက်တာပါ"

"ဒါဆို ဒေါ်စုရော…ဒေါ်စုကို သွားခေါ်စမ်း…ဦးထူးကိုပါ ခေါ်လာခဲ့"

"ဟုတ်ကဲ့ အစ်ကိုလေး"

သွယ်ဇင် ထွက်သွားတုန်းက ကေရာစ် နေညို့ကို ခပ်ငေးငေးလေး ကြည့်နေမိသည်။ တိရစ္ဆာန်ဆိုပေမယ့် လူစကားကို နားလည်သလိုမျိုး သခင် ရှူးတိုက်ပေးရင် ကိုက်တတ်တဲ့ခွေးလေးမို့ နှမြောမိတာပါ။ ဘာပဲဖြစ်ဖြစ် နေညို ဒီဘဝကနေ ကျွတ်လွတ်သွားပြီလို့ပဲ





ထွက်ရတော့မှာပေါ့လေ။

"ကလေး"

"ဦးထူးကို ခေါ်တယ်ဆို"

ဦးထူးနဲ့ဒေါ်စု ရောက်လာတော့ ကေရာစ် ခေါင်းညိတ်ပြလိုက်ကာ-

"ဒေါ်စု"

"ပြောလေ ကလေး"

"နေညိုကို ကျွေးဖို့အစာထဲမှာ ဘာတွေထည့်မိသေးလဲ"

"ဒေါ်စု ဘာမှမထည့်ပါဘူး ကလေးရဲ့။ ခါတိုင်းလိုပဲ ကျွေးခါနီးမှ ထည့်ပေးလိုက်တာပါ"

"အစ်ကိုလေး"

"………………"

"သွယ်ဇင် စဉ်းစားမိပြီ"

"ဘာလဲ"

"နေညိုကို အစာချကျွေးတော နေညို မစားဘူး အစ်ကိုလေး။ သူ အော်လို့ သွယ်ဇင် ကြိုးလာဖြေပေးတုန်းက အစာတွေ ဒီအတိုင်းပဲ ကျန်နေသေးတာ။ ကြိုးဖြေပေးလိုက်တော့ သူ ဟိုဘက်ခြံကို ပြေးသွားတာ မြင်တယ်"

"ဟင်"

ကေရာစ်မျက်နှာ တင်းကာနဲ့ ဖြစ်သွားရ၏။ ရန်ငြိုးရန်စက ခွေးကိုတောင် ချမ်းသာမပေးပါလား။ ဒါ…မနေ့ကအိမ်စွအတွက်



www.burmeseclassic.com

www.burmeseclassic.com



လက်စားချေတာပဲပေါ့။ နင် အဲဒီလောက်တောင် ရက်စက်တတ်ရသလား လနတ်သမီး။ နေညို…တကယ်တော့ ငါ မှားတာပါ နေညိုရယ်…။

ငါ ခိုင်းလို့ မင်း လုပ်ခဲ့တာ…

အခု မင်း သေရပြီပေါ့။ မင်းသေရတာ ငါ့ကြောင့်။ မင်းကို ငါ သတ်လိုက်မိသလိုဖြစ်ပြီပေါ့ နေညိုရယ်။

"တောက်"

"နေညိုအတွက် ဒေါ်စုလည်း စိတ်မကောင်းလိုက်တာ ကလေးရယ်။ နေညို သေတာ အဆိပ်မိတဲ့လက္ခဏာရှိတယ်ဆို…ဟုတ်လား ကလေး"

"ဟုတ်တယ်"

"ဘယ်လိုလူကများ ဘယ်လိုလုပ်လိုက်ပါလိမ့်ကွယ်…ခွေးလေး သနားပါတယ်။ ဘုရားသိကြားမလို့ ခွေးကို သေအောင်လုပ်တဲ့သူ ခွေးလိုပဲ ပြန်မသေရပါစေနဲ့။ ဝဋ်မလည်ပါစေနဲ့လို့ပဲ ဆုတောင်းပေးပါတယ်တော်"

ပြောရင်း ဒေါ်စုက ငိုလေတော့သည်။ ကေရာစ်…နေညိုကို ကျောခိုင်းဖို့ ထရပ်လိုက်တော့၏။ သူ သင်တန်းသွားရဦးမှာလေ။ ခွေးသေတာ လူသေသလို အသုဘရက်ဆိုပြီး ဘာတွေညာတွေ လုပ်နေရတာမှ မဟုတ်တာ။ ဒါပေမယ့် စိတ်ထဲမှာတော့ နေညိုအတွက် စိတ်မကောင်းခြင်းနှင့်…

လနတ်သမီးအပေါ် ဒေါသတွေ ဖြစ်တည်နေခြင်းနှင့်ပေါ့လေ။





"ဦးထူး"

"ပြောပါ ကေရာစ်"

"နေညိုကို ကောင်းကောင်း မြေမြှုပ်ပေးလိုက်ပါ"

ပြောပြီး ကေရာစ် ထွက်လာခဲ့လေလျှင်…

"အစ်ကိုလေး"

"…………"

"အစ်ကိုလေး ကားသော့ ထွက်ကျန်ခဲ့ပြီ"

သူ ပြန်ငဲ့ကြည့်လိုက်တော့ သွယ်ဇင် လိုက်လာပြီး ကားသော့ကို ကမ်းပေးလေလျှင်…

"ကျေးဇူးပဲ"

အတွေးတွေများပြီး ကားသော့ထွက်ကျန်ခဲ့တာကိုပင် မသိတဲ့ အဖြစ်ပါလား။

တကယ်ပဲ သူမှားသွားခဲ့ပေမယ့် ဝန်တော့မခံချင်။ မနေ့ကကိစ္စအတွက်ပေါ့လေ။ သဒ္ဓါဒဏ်ရာ ဘယ်လောက်များသွားလဲ သူ စိတ်မဝင်စားခဲ့မိတာအတွက်…

အခုတော့…

နေညို သေသွားခဲ့ရရှာပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

“ဟဲ့…လလ”

“ဟာင်”

မေလေး လက်ကုပ်ခေါ်လိုက်တာကြောင့် လလ လှည့်ကြည့်လိုက်လေလျှင်-

“ရှေ့မှာ ကေရာစ်”

လလမျက်နှာ ချက်ချင်း တည်တင်းသွားပြီး-

“အဲဒါ ဘာဖြစ်လဲ”

“ကြည့်နေပုံက လူသတ်တော့မယ့်အတိုင်းပဲ”

“ဒါ…မင်းမဲ့တိုင်းပြည် မဟုတ်ဘူး၊ သူ သတ်ရဲရင် သတ်ပစေ ဆက်လျှောက်”





ရပ်တန့်သွားတဲ့ မေလေးလက်ကို ဆွဲပြီး လလ ဆက်လျှောက်လာခဲ့တာ ရဲဝံ့စွာ။ ကိုယ်မှားရင် ဒူးထောက်ပြီး တောင်းပန်ရဲတဲ့သတ္တိရှိသလို ကိုယ်မှန်နေရင်လည်း ဘယ်သူ့ကိုမှ မကြောက်ပေ။ ပြီးခဲ့တဲ့ကိစ္စမှာ ကိုယ်မှားခဲ့လို့လား။ အခု သဒ္ဒါခများ ခွေးကိုက်တဲ့ဒဏ်ရာရှိန်နဲ့ လန့်တာရောပြီး ဖျားနေလို့ သင်တန်းတောင် မတက်နိုင်ဘူးလေ။

သူ့ခွေးက လူလောက်တန်ဖိုးရှိလို့လား။

သူ့ခွေးထိတော့ နာတတ်လိုက်တာ။ လလတို့ ဆက်လျှောက်လာတဲ့ရှေ့မှာ ကေရာစ်က ပိတ်ရပ်ကာ-

“လနတ်သမီး…ခဏနေဦး”

“ဘာလဲ”

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ခြင်းမှာ မျက်ဝန်း၏ စူးနစ်မှုတွေက တဖြောင်းဖြောင်း ရိုက်နှက်နာကျင်စေသလိုပါ။

“နင့်လောက် ရက်စက်ကြမ်းကြုတ်တဲ့မိန်းမ ငါ တစ်ခါမှ မတွေ့ဖူးသေးဘူး…သိလား။ အခုတော့ တွေ့ဖူးလိုက်ပါပြီ။ တကယ့်ကို ရှားရှားပါးပါးပဲ”

“ဘာ”

“ငါ တကယ်အံ့သြတယ်”

“စကားကို ဇွတ်ဝိုက်ကွေ့ပတ်မနေနဲ့ ကေရာစ်…နင် ဘာကိုပြောချင်တာလဲ…တည့်တည့်ပဲပြော။ ခွေးကိစ္စပဲဆိုရင်တော့ နင့်ဘာသာ ထိခိုက်သွားတာ။ ဘာမှမသိ ဘာမှမရှိတဲ့ ခွေးလေး…ငါ့ဘက်မှာက အခု သဒ္ဒါ ဖျားနေလို့ သင်တန်းမတက်နိုင်တော့ဘူး။ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် အချိန်က ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ နင် မသိဘူးလား။ အဲဒါကိုမှ မသိဘူးဆိုရင် နင်လည်း နင့်ခွေးနဲ့ အတူတူပဲ"

"ဘာ"

ပြောလိုက်တာ စကားလုံးကြားမှာ ရေပက်လို့တောင် ဝင်မှာ မဟုတ်ပေ။ ပြောလိုက်တဲ့စကားလုံးတိုင်းကလည်း တစ်ဖက်လူ ပြန်ချေပဖို့ခက်အောင် အချက်ကျကျပါ။ ဒါပေမယ့် အရှုံးမပေးလိုခြင်းတွေက…

"နင် စကားတတ်တိုင်း ပြောမနေနဲ့ လနတ်သမီး‥နင့်သူငယ်ချင်းက သင်တန်းပဲမတက်နိုင်တာ။ အခု ငါ့ခွေးက သေသွားပြီလေ။ ခွေးရဲ့အသက်ကလည်း အသက်ပဲ။ ပါးစပ်ကနေ အမြှုပ်တွေထွက်ပြီး သေအောင် နင် အဆိပ်ခပ်သတ်လိုက်တာ"

"ဘာ"

"ဘာမှ မသိနားမလည်တဲ့ ခွေးတစ်ကောင်အပေါ်မှာ နင် အဲဒီလို ရက်စက်နိုင်တာ ငါ အံ့သြလို့မဆုံးဘူး။ နင် ငါ့ကို မုန်းတာ မဟုတ်လား။ ငါ့အပေါ်ပဲ တုံ့ပြန်ပေါ့။ ခုတော့…တောက်"

"နင်လည်း အတူတူပဲလေ။ မဆိုင်တဲ့ ငါ့သူငယ်ချင်းကို ဒုက္ခပေးခဲ့တာ။ နင်ကမှ ယောက်ျားတန်မဲ့ ပိုပြီး အောက်တန်းကျတာ"

ပြောစရာဖြစ်နေလို့ ပြောလိုက်ခြင်းမှာ ဘာမှထောက်ထားငဲ့ညှာနေစရာ မလိုဘူးလေ။ လနတ်သမီးဆိုတဲ့မိန်းမက သူများပြောသမျှနေမယ့် မိန်းမမျိုးမှ မဟုတ်တာ။ သူက ပါးကိုက်ရင် ကိုယ်ကလည်း





နားပြန်ကိုက်ရုံသာ။ အဲဒီလိုမှ သတ္တိမရှိရင် ကိုယ့်ဘက်က ရှုံးပြီးရင်းရှုံးသွားမှာပေါ့။ သူ့ခွေးသေတာ ကိုယ်နဲ့ဘာဆိုင်လဲ။

လနတ်သမီး အုတ်ခဲနဲ့ထုခဲ့တာ မှန်တယ်။

ဒါပေမယ့် အဲဒီဒဏ်ရာနဲ့တော့ မသေနိုင်တာကို သိနေသည်။ အခုက အဆိပ်ခတ်သတ်တာတဲ့။ မုန်းတာ လူကိုပဲဥစ္စာ။ သတ်ချင်သတ် လူကိုပဲ သတ်မှာပေါ့။

"ငါ့ထက် နင်က ပိုပြီးအောက်တန်းကျသွားပြီလေ။ ဘာမှ မသိနားမလည်တဲ့ ခွေးကို အဆိပ်ခပ်သတ်တဲ့ မိန်းမ"

"ကေရာစ်"

"အပေါ်ယံ ရွှေရည်လူးပြီး အတွင်းမှာ မစင်လိမ်းထားတဲ့ မိန်းမ"

"တောက်"

"ကဲ"

"ဖြန်း"

"ဟာ"

"ဟယ်"

မထင်မှတ်ဘဲ ပါးရိုက်ခံလိုက်ရတာမို့ ကေရာစ် မရှောင်လိုက်နိုင်ပဲ ခံရတာကို မြင်သွားတဲ့ ဖြတ်သွားဖြတ်လာတွေ အံ့သြစွာ ဟာကနဲ၊ ဟယ်ကနဲဖြစ်ပြီး လှမ်းနေတဲ့ ခြေလှမ်းတွေ ရပ်တန့်ကုန်ကြ၏။ ဘာဖြစ်လို့ ရိုက်တာလဲမေးရင် လလမှာ အဖြေရှိပြီးသားပဲလေ။

မိန်းမလို့ သုံးနှုန်းလိုက်တာ…



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ဆတ်ဆတ်ခါခြင်းပဲပေါ့။ မိန်းမမှန်ပေမယ့် အဲဒီလို ရှင့်ရှင့်သီးသီးခေါ်တာကိုပဲ ဒေါသထွက်တာ။ အဲဒီတော့ ဒေါသရဲ့ အင်အားက လက်ဝါးမှာ စုသွားသည်သာပေါ့။ ဒါကို တုံ့ပြန်မယ်ဆိုရင်လည်း လုပ်ရဲသွားပြီတဲ့အတွက် ခံရဲသည်သာ။

"နှင်"

ကေရာစ် ပါးကိုပွတ်ပြီး ရှေ့သို့ စကားမဆက်နိုင်ပေ။ လနတ်သမီးက သူ့ကို စူးစူးရဲရဲ ကြည့်နေလျက်မှ…

"နှင် မယုံမရှိနဲ့…ငါ အဲဒါထက်ပိုပြီး ရက်စက်တတ်သေးတယ်"

"…………"

"သူများအတွက်တော့ မဟုတ်ဘူး။ နှင်တို့မိသားစုအတွက် ရက်စက်တတ်ခြင်းကို သီးသန့်မွေးမြူထားခဲ့တာ။ နှင် သိအောင် ငါ တစ်ခုပြောလိုက်မယ်။ လနတ်သမီးဆိုတဲ့မိန်းမက ကိုယ့်အမှားပဲလုပ်လုပ် အမှန်ပဲလုပ်လုပ် ဝန်ခံရဲတယ်။ ခေါင်းမရှောင်တတ်ဘူး။ အခုကိစ္စမှာ ငါ မမှားဘူး။ ခေါင်းလည်း မရှောင်ဘူး"

ပါးစပ်တိုင်းက ဒီလိုထွက်ကြဖို့ ဝန်လေးကြလို့လား။ မုသာဝါဒဆိုတာ လူတိုင်းမကောင်းတဲ့အရာလေ။ ကိုယ့်အတွင်းစိတ်ယုတ်မာတာကို ဘယ်သူက လှစ်ဟပြတတ်ကြလို့လဲ။

"တစ်ခုတော့ ငါ ဝမ်းနည်းတယ်"

ပြောပြီး မျက်နှာကို ဆတ်ကနဲ မော့လိုက်တော့ ဆံနွယ်စလေးတွေက လှုပ်လီလှုပ်လဲ့ ဖြစ်သွားလေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့





ထားရာမှ ဖွင့်ဟလာသောစကားသည်-

"နှင့်ခွေးကို ငါကိုယ်တိုင် ငါ့လက်နဲ့ မသတ်လိုက်ရလို့ပဲ။ ငါသာသတ်ရင် အဆိပ်ခပ်မသတ်ဘူး။ သွေးထွက်တာ မမြင်ရမှာစိုးလို့"

"ဟင်"

"ငါက သွေးထွက်သံယိုဖြစ်တာမြင်ရမှ ကျေနပ်နိုင်မယ့်သူဆိုတော့ တုတ်နဲ့တောင် မရိုက်ချင်ဘူး…ဓားနဲ့ ခုတ်သတ်ချင်တာ"

"ကဲပါ လလရယ်…လာပါ…တို့…သွားရအောင်"

မေလေး လာဆွဲခေါ်လို့ ထွက်သွားခါနီးတောင်-

"ငါက ခွေးကို မသတ်ဘူး။ လူပဲ သတ်ချင်တာ"

နောက်ဆုံး ဒီစကားကိုပြောပြီး ထွက်သွားသည့်တိုင် ကေရာစ် ပြန်လည်ချေပနိုင်ခြင်း မရှိပေ။ ဘေးကလူတွေ ဝိုင်းကြည့်နေတာကြောင့် ရှက်ဒေါသနှင့် ထွက်လာခဲ့သည့် ခြေလှမ်းတို့သည် မြေပြင်နှင့် ထိလို့ထိမှန်းပင် မသိတော့ပါ။ ကိုယ့်ပါးကို သူရိုက်တယ်။

လနတ်သမီး…

နှင့်ရင်ထဲမှာ သံယောဇဉ် အသက်ရှူသံလေး ခပ်ငွေ့ငွေ့တောင် မကျန်တော့ဘူးပေါ့။ ဟိုတုန်းကဆိုရင် ကေရာစ်ရဲ့ စိတ်ကောက်တိုင်း မနေတတ်လို့ အရွဲ့တိုက်တတ်သူ။ အတူသွား အတူစားခဲ့ကြပြီး ကေရာစ်နဲ့မှ အတူတူ စာမကျက်ရရင် စာမရသလိုပဲဆိုတဲ့သူလေ။

အခုတော့…

အဲဒီသူကပဲ…ရက်စက်တတ်လိုက်တာ ကမ်းကုန်။ ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



နှင့်အပေါ် မုန်းတယ်လို့ ကြွေးကြော်ထားပေမယ့် နှင့်လောက်တော့ မရက်စက်တတ်သေးဘူး လလ။

"ကေရာဇ်"

"ဘာလဲဟ"

"နှင် စာမကျက်သေးဘူးလား"

"ကျက်တော့မှာလေ…ဘာဖြစ်လို့လဲ"

"နှင်စာကျက်မှ ငါရမှာလေ"

"ဘယ်လို"

"နှင်ကျက်တာကို ငါ နားထောင်နေမယ်လေ…ပြီးတော့ နှင်လည်းစာရ…ငါလည်း စာရပေါ့ဟ"

"အပျင်းမ…စာကျက်တာတောင် ရေသာခိုတယ်။ ဒါနဲ့များ ဘာဖြစ်ချင်သလေး ညာဖြစ်ချင်သလေးနဲ့…ဟူး"

"ပျင်းတာ ဘာဖြစ်လဲ…နာမည်သာဆိုးတာ၊ လူသက်သာတယ်ဟ…ငါကလည်း နှင့်အပေါ် အချစ်ဆုံးသူငယ်ချင်းမို့လို့ ဆိုးကြည့်တာပါ။ စိတ်မရှိပါနဲ့…ခစ်…ခစ်"

ပခုံးချင်းတိုက်ပြီးပြောကာ လလ ရယ်လေတော့ သူ လလ နဖူးကို ဖွဖွထုခဲ့မိသည်သာ။ အခု အဲဒီအချိန်တွေ ကုန်ဆုံးသွားခဲ့ပြီ။ ပြန်မရနိုင်မှန်းသိပေမယ့် တမ်းတမိတယ် လလ။ တို့ရဲ့ခင်မင်မှုရေစက်ကို ဖောက်ချခန်းခြောက်စေခဲ့တာ ငါ့ရဲ့ကိုကိုပါ။ နှင့်မမသေသလို ငါ့ကိုကိုလည်း သေခဲ့ရတာပါပဲ။

ဒါပေမယ့်…





နာကြည်းချက်ချင်း အမုန်းချင်းယှဉ်ရင် နှင်က နိုင်ပါတယ်။ ရှုံးတဲ့သူက ငါပါ လလ။ နှင်က ဒီလို ပြတ်သားနိုင်ခဲ့တာကိုးလေ။

"နှင် မယုံမရှိနဲ့…ငါ အဲဒါထက်ပိုပြီး ရက်စက်တတ်သေးတယ်"

"နှင် မယုံမရှိနဲ့…ငါ အဲဒါထက် ပိုပြီး ရက်စက်တတ်သေးတယ်"

ဒီစကားက နားထဲမှာ ပဲ့တင်ထပ်သွားပြီး ကေရာဇ် မျက်လုံးကို ခေတ္တမျှ စုံမှိတ်ထားလိုက်မိသည်။

နှင် မုန်းချင်သလောက်မုန်းစမ်း လနတ်သမီး…

ငါဆိုတဲ့ကောင်ကလည်း နှင်နဲ့ထပ်တူဖြစ်အောင် ကြိုးစားမယ် ဆိုတာ…

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ပါးကိုမှတ်၍ အံကြိတ်ပြီးဖြစ်ခဲ့သမျှ ပြောပြနေတဲ့ ကေရာစ် ရင်ထဲမှာ ဘယ်လိုရှိနေမလဲ။ မိုးဝေနဲ့ဥက္ကာကတော့ စိတ်မကောင်း ဖြစ်နေရသည်သာ။ ဒီကိစ္စ ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းမှာ လွန်ခဲ့ တာက ကေရာစ်ပဲလေ။ သူသာ ခွေးနဲ့ ရှူးမတိုက်ခဲ့လျှင် ဒီလိုတွေ ဖြစ်လာစရာအကြောင်းမှ မရှိတာ။

"ကေရာစ်"

"............"

"မင်း တော်တော်နာသွားလား သူငယ်ချင်း"



"ပါးနာတာထက် ရင်နာတာ ပိုဆိုးတယ်။ ငါ သူ့ကို မုန်းတယ် လို့ ပြောနေပေမယ့် တကယ်တော့ သူ့အပေါ် ငါ အ[illegible]လောက် ရက်စက်နိုင်ဘူး"

"အင်း"

"သူကတော့ကွာ...ကျွတ်"

သူတို့သိတာပေါ့။ ရန်ဖြစ်ကြတိုင်း စကားနဲ့ ဘယ်လိုပဲ အနိုင် ယူယူ ကိုယ်ထိလက်ရောက်တော့ လနတ်သမီးကို ကေရာစ် လက်ဖျား နဲ့တောင် မတို့ခဲ့ပေ။ လနတ်သမီးကသာ ကိုယ်ထိလက်ရောက်တွေ နဲ့ပြီး အနိုင်နဲ့ပိုင်း, ပိုင်းသွားခဲ့တာ။ ကေရာစ်က အမြဲတမ်း မခံချိ ခံသာနှင့် ရှုံးနိမ့်ကျန်ခဲ့ရသူပါ။

ဒါ...

သံယောဇဉ်အငွေ့အသက်တွေကို ဖော်ပြခြင်းပါပဲ။ လလဘက် က နာကြည်းချက်နှင့် သံယောဇဉ်ကြိုးကို တိကနဲ ပိုင်းကနဲ ဖြတ်တောက်လိုက်နိုင်ပေမယ့် ကေရာစ်ဘက်မှာတော့ ပင့်ကူအိမ်လို သံယောဇဉ်တွေက နှောင်ဖွဲ့နေဆဲပါ။ အရင်မှားခဲ့သူက ကိုယ့်အစ်ကို ဆိုတာကိုလည်း သူ သိနေတာပဲလေ။ သူတို့ဘက်က သမီးတစ်ယောက် လုံး အရှက်တကွဲ အကျိုးနည်းနဲ့ သေဆုံးခဲ့ရသလို သူတို့ဘက်က ခံစားမှုကို နားလည်ပေးနိုင်ခဲ့သည်။

ဒါပေမယ့်...

ကိုယ့်အစ်ကိုလည်း အသေဆိုးနဲ့ သေခဲ့ရတာပဲလေ။ ကိုယ့် အစ်ကိုကို သတ်တဲ့ သူ့အဖေလည်း သူ့စရိတ်နဲ့သူသွားပြီ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးချင်း အမုန်းတွေ၊ အငြိုးတွေဖွဲ့တာ ထားတော့။

မဆိုင်တဲ့ လူငယ်ချင်းတွေမှာ…

မတည့်လို့ သွေးကွဲနေကြတာကို မြင်ပြီး စည်းလုံးအောင် နားချပေးရမယ့်အစား သူကပါ ကိုယ့်ကို မုန်းလိုက်တာ ခါးခါးသီးသီးပါပဲ။ အဲဒါကိုပဲ ကေရာဇ် မခံစားနိုင်တာ။ လူကြားကောင်းအောင် မုန်းတယ်လို့ ဆိုနေရပေမယ့် သူ့ တုံ့ပြန်သမျှက စိတ်၏ထွက်ပေါက်အနေနဲ့ အရွဲ့တိုက်လိုခြင်းတွေပါ။

"မင်းရင်ထဲမှာ သူ့ကို သံယောဇဉ် မပြတ်နိုင်မှန်း တို့ သိပါတယ်ကွာ…ဒါပေမယ့် အရင်လို ပြန်ဖြစ်လာဖို့ကလည်း ဘယ်လိုမှ မမျှော်လင့်ရဲတော့တဲ့ကိစ္စ"

"အဲဒါ မင်းအစ်ကို ရှုပ်ခဲ့လို့ဖြစ်ကုန်တာ။ အခု သူ့အရှုပ်က ဖြေလို့ကို မရတော့ဘူး"

"သူ့ဘက်ကနေပြီး မင်း စဉ်းစားကြည့်ဦးလေ…သူ့မမကိစ္စကြောင့် သူတို့ ပတ်ဝန်းကျင်ရဲ့အလယ်မှာ မျက်နှာငယ်…အရှက်ရခဲ့တာ။ မင်းတို့က ယောကျ်ားလေးရှင်ဆိုတော့ မင်းအစ်ကိုရဲ့အသက်တစ်ချောင်း ဆုံးရှုံးလိုက်ရပေမယ့် လူလယ်ခေါင်မှာ မတိုးရဲလောက်အောင် မဖြစ်ဘူးပေါ့။ သူတို့က အရှက်လည်းရ၊ အသက်လည်းဆုံးဆိုတော့ ဘယ်ခွင့်လွှတ်နိုင်ပါ့မလဲ"

"ပြီးတော့ မိန်းကလေးတွေက ယောကျ်ားလေးတွေလောက် သည်းခံအားမကောင်းဘူးလေကွာ…သံယောဇဉ်ကြီးရင် ယောကျ်ားတွေထက် ပိုကြီးတတ်ပြီး မုန်းပြီဆိုရင်လည်း တမာပင်ထိပ်ဖျားက





ကြက်ဟင်းခါးသီးထက် ပိုခါးတယ်ဆိုတာမျိုးကွ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပြောနေတဲ့စကားတွေကို ကေရာဇ် လက်ခံပါသည်လေ။ လလကိုလည်း အပြစ်မမြင်ပါဘူး။ ဒီလိုတွေဖြစ်အောင် ဖန်တီးပေးတဲ့ ကံကြမ္မာကိုပဲ အပြစ်တင်ချင်တာ။ ဒီလို မိန်းမရှုပ်တဲ့ အစ်ကိုနဲ့မှ ညီအစ်ကို လာတော်စပ်ရတဲ့ ကိုယ့်ဆုတောင်းကိုလည်း correctionနဲ့သာ ဖျက်လို့ရရင်…

မွေးကင်းစကလေးအရွယ်ကတည်းက ဖျက်ပစ်လိုက်မိမှာ အမှန်ပါပဲ။

"ငါလည်း ကိုကိုနဲ့ပတ်သက်ပြီး ခေါင်းမဖော်ရဲအောင် ရှက်ရဘာပါပဲကွာ"

"ဘယ်လို…ဘယ်လို"

"ဟုတ်တယ်…ဥက္ကာ…ဒီအကြောင်းတွေကိုသိတဲ့ လူတွေရဲ့ မျက်ဝန်းထဲမှာ ယှော်ဝင်နေတဲ့ အဓိပ္ပာယ်တွေကို ငါ သိနေတယ်။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး လက်တို့ပြီး အတင်းပြောကြတာတွေ။ မင်းထိပ်ခေါင်ရဲ့ညီက မင်းထိပ်ခေါင်လိုပဲ လာမှာပါဆိုတဲ့အကြည့်တွေနဲ့လေ"

"မဟုတ်တာကွာ…အဲလိုကြီးကျတော့"

မိုးဝေနဲ့ဥက္ကာ…ကေရာဇ်ရဲ့ခံစားချက်ကို နားလည်စွာနှင့် စိတ်မကောင်းဖြစ်သွားကြသည်။ တကယ်တော့ ခြေမ,မကောင်းတာ ခြေမပဲ ပြောကြပေါ့။ လက်မကိုပါ ဆွဲထည့်ပြောဖို့မှ မလိုပဲလေ။

"အေးလေ…ဘာဆိုင်လို့လဲ။ ညီအစ်ကိုဆိုပေမယ့် လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်စိတ်တစ်မျိုးပဲဟာ။ တစ်မျိုးထဲမှာ တစ်မိသား တစ်ယောက် ထွန်းဆိုတဲ့စကား ရှိနေတာပဲ။ တစ်ယောက်မကောင်းတိုင်းသာ ကျန်တဲ့ သူပါ လိုက်မကောင်းကြရင် လောကကြီးကို လူမိုက်တွေ ဖုံးလွှမ်းသွားမှာပေါ့။ လူတွေကလည်း ခက်တယ်ကွာ”

“အဲဒါက မင်းတို့အတွေးပါ။ လူတော်တော်များများရဲ့အတွေး က ဒီပုပ်ထဲထည့်ထားတာ ဒီပဲပါပဲလို့ တွေးကြမြင်ကြတာ”

လူတော်တော်များများရဲ့စိတ်တွေက ဒီလို ထင်တတ်မြင်တတ် ကြတာ သဘာဝတရားလိုဖြစ်နေတော့ ဒါလည်းမဆန်းပေ။ ခံရသူ အဖို့မှာတော့ စိတ်တွေ မွန်းကျပ်နေမှာပေါ့။ သူတို့ ကေရာစ်ရဲ့ခံစားချက် ကို နားလည်ပေးနိုင်ပါသည်လေ။

“ခွေးကိစ္စမှာတော့ မင်း လွန်တယ် ကေရာစ်”

“ငါ သိပါတယ်…ငါလည်း တစ်ခါတစ်ခါ ဘာဖြစ်မှန်းကို မသိဘူး။ သူ့ကို တစ်နည်းနည်းနဲ့ စိတ်အနှောင့်အယှက်ဖြစ်အောင်ကို လုပ်နေချင်တာ”

“ဟင်”

“လုပ်ပြီးရင်လည်း စိတ်မကောင်းသလိုလို ဘာလိုလိုဖြစ်ရပြန် ရော”

“အဲဒါ…ဘာလဲဆိုတာ ငါ သိတယ်”

“ဟင်…ဘာလဲ”

မိုးဝေပြောလို့ ပြန်မေးလိုက်တော့ မိုးဝေက သူ့ကို ခပ်တွေတွေ လေး စိုက်ကြည့်ကာ–





“အဲဒါ အချစ်ကွ”

“ဟင်”

“မင်း သူ့ကို ချစ်နေတာ”

“ဘာဆိုင်လို့လဲကွ”

“ဆိုင်တယ် ကေရာစ်…အချို့အချစ်စိတ်ကျတော့ ကိုယ်နဲ့ အဆင်မပြေရင် ဖြစ်နိုင်လို့ကတော့ ကိုယ့်ရှေ့မှာ ဒိုင်းကနဲ လဲသေအောင် လုပ်ချင်တာ။ တကယ်တမ်း ဒုက္ခရောက်မှာမျိုးကျတော့ မကြည့်ရက် နိုင်ပြန်ဘူး”

“ဖြစ်နိုင်မဖြစ်နိုင်ကို မင်း စဉ်းစားကြည့်ပေါ့ကွာ”

သူတို့ပြောတာ တကယ်ပဲလား။ ကိုယ်မဟုတ်တဲ့ သူများတွေကို အရေးပေးပြီး တွဲသွားတွဲလာလုပ်တာကိုပဲ အမြင်ကတ်လို့ သူ ရန်စနေ မိတာလေ။

ယုတ်စွအဆုံး…

မိန်းကလေးချင်းတောင် ကိုယ့်ထက် အရေးပေးတာကို မကြိုက် ချင်တာ။ ဒီစိတ်ကြောင့် ဒီလိုဖြစ်ခဲ့တာအတွက်…ဟူး…စဉ်းစားရ တော့ ခက်ပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

ဒီနေ့တော့…

ဦးနိုင်မင်း ထောင်ကလွတ်ပြီ။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပေါ့လေ
ကိုယ့်မိသားစုကို အကြောင်းကြားထားခြင်းမရှိတာကြောင့် ကိုယ့်
တွေ့ရင် ဘယ်လောက်ဝမ်းသာလိုက်ကြမလဲလို့ တွေးပြီး မျက်ရည်
တောင်လည်မိ၏။

ကိုယ့်ခြံရှေ့ရောက်တော့…

သူ မမြင်ရတာကြာပြီဖြစ်သော ကိုယ့်ခြံကိုယ့်အိမ်ကို ငေးငေး
ကြည့်နေမိသေးကာ နောက်မှပဲ ခြံတံခါးပွင့်နေတာကို သတိထားမိ





အိမ်ကြီးဆီကိုကြည့်လိုက်တော့ တစ်ယောက်ယောက် အပြင်သွားမလို့
ထင်ပါရဲ့။ ကားအနားမှာ ရပ်စောင့်နေတာ ဘယ်သူလဲတော့ သူ
သေသေချာချာ မသိပေ။

အရင်က ဒရိုင်ဘာမောင်စိုးပဲလား…

ဒါမှမဟုတ် လူသစ်ပဲလား။ ကိုယ့်ခြံကိုယ့်အိမ်မို့ ဦးနိုင်မင်း
ရဲရဲဝင်လာခဲ့ရာ ကားအနားကိုရောက်လုလုမှာ သေသေချာချာ
သိလိုက် ရတာတော့ ဒရိုင်ဘာမောင်စိုးဆိုတာပါပဲ။

ဒါကြောင့်…

"ဟော…မောင်စိုး"

"……………"

မောင်စိုးက သူ့ကိုလှည့်ကြည့်ပြီး ချက်ချင်းမှတ်မိဟန် မတူပေ။

"မောင်စိုး"

"ဗျာ"

"မင်း ငါ့ကို မမှတ်ဘူးလား"

မောင်စိုးက သူ့ကို သေသေချာချာ စိုက်ကြည့်နေပြီးမှ-

"ဟာ…ဆရာ"

"အေး…ဟေး…ဟုတ်ပါ့ကွာ"

"ဒါ…ဒါဆို ဆရာ…ဆရာ လွတ်လာပြီပေါ့နော်။ ဆရာ
လွတ်လာပြီ…ဝမ်းသာလိုက်တာဗျာ"

ဝမ်းသာအားရနှင့် မောင်စိုး သူ့ခါးကိုဖက်လေတော့ ဦးနိုင်မင်း
မောင်စိုးပခုံးကို ပြန်ဖက်ရင်း ဝမ်းသာဝမ်းနည်း ရင်ထဲစို့နစ်ကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမ…မမကြီးရေ…ဒီမှာ ဆရာပြန်လာပြီ။ ဆရာ ထောင်က လွတ်လာပြီဗျ"

"……………"

"မမကြီး…လလ"

"……………"

"ဒီမှာ ဘယ်သူလဲ…လာကြည့်ကြဦးလေ"

"ဟဲ့…မောင်စိုး ဘာတွေ စွတ်အော်နေတာလဲ။ သေးလူတွေ ကြားမကောင်းအောင် အသံမြကြီးနဲ့ဟယ်"

"ဟုတ်ပါရဲ့…လေးလေးစိုးအသံက မီးလန့်လို့ အော်တာကျနေ တာပဲ"

"ယမင်း…သမီး"

"ဟင်"

သုတ်သီးသုတ်ပျာနဲ့ ထွက်လာကြတဲ့ သားအမိနှစ်ယောက် ဦးခိုင်မင်းကိုမြင်တော့ ခြေလှမ်းတွေ ရပ်တန့်သွားကာ ဆွံ့အ,သွားသူ များပမာနှယ်။

"ယမင်း…ဘာကြည့်နေတာလဲ။ ကိုယ် ထောင်က လွတ်လာ ပြီလေ ယမင်းရဲ့"

"ကို"

"ဖေဖေ"

"သမီး"

"အမယ်လေး ကိုရယ်"





ဒေါ်ယမင်းလှိုင် သတိလက်လွှတ်ဖြစ်ပြီး ခင်ပွန်းသည်၏ရင်ခွင် တွင်းသို့ တိုးဝင်ကာ ချုံးပွဲချငိုကြွေးပါလေတော့၏။ ဦးခိုင်မင်းရဲ့ရင်ခွင် ထဲမှာ ဇနီးက တစ်ဖက်၊ သမီးက တစ်ဖက်ပေါ့လေ။ သူမှာ ဒီသမီး၊ ဒီဇနီးနဲ့ ဝေးကွာနေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ ခုတော့ ကံကောင်း ထောက်မစွာနဲ့ ပြန်ဆုံခွင့်ကြုံပါပြီလေ။

"ယမင်း"

"အဟင့်…ဟင့်…ကိုရယ်"

"ကို…ပြန်ရောက်လာပြီပဲဟာ…မငိုနဲ့တော့လေ ယမင်းရဲ့… မင်းငိုတော့ သမီးက ပိုဆိုးမှာပေါ့။ မင်း ပြုံးလိုက်စမ်းပါ ယမင်းရယ်… တို့ကို အပြုံးနဲ့ ဆီးကြိုစမ်းပါ"

"ကိုရယ်…ယမင်း…ယမင်းလေ…ယမင်း ဝမ်းသာလွန်းလို့ ပါ ကိုရဲ့"

ရင်ဘတ်ချင်းတွေခွာပြီးနောက် ဒေါ်ယမင်းလှိုင်က မျက်ရည် တွေသုတ်ပြီး ပြုံးပြရှာလေသည်။ တကယ်တော့ ဦးခိုင်မင်း လူသတ်လို့ ထောင်ကျတယ်ဆိုတာ သူများအပေါ် ယုတ်မာကောက်ကျစ်လိုခြင်း တွေနဲ့ သတ်ဖြတ်ခဲ့တာမဟုတ်ပေ။ သမီးမွေးထားတဲ့ ဖခင်တစ်ယောက် အနေနဲ့…

သမီးအတွက်…

ဖခင်ကောင်းပီသလိုက်တာပါ။ ကိုယ့်သမီးလေးဘဝကို အညှင်းဆဲ နှိပ်စက်ခဲ့တဲ့ကောင်ကို ဘယ်ဖခင်မျိုးက လက်ပိုက်ကြည့်နေနိုင်မှာလဲ။ ဒါ အရင်တုန်းကစိတ်ပဲပေါ့လေ။ အခုတော့ သူ့စိတ်တွေ ပြောင်းလဲသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါပြီ။ ထောင်ထဲမှာ နေရတဲ့ကာလတွေမှာ…

အတွေ့အကြုံအရ…

ဘဝကပေးတဲ့ အသိတွေ…

သူ့အကြောင်း၊ ကိုယ့်အကြောင်း ပြောဖြစ်ကြရင်းကနေ အတွေး အခေါ်တွေက ရင့်ကျက်လာခဲ့ပါပြီ။ ဒေါသ၊ လောဘ၊ မောဟဆိုတဲ့ မီးတွေကို ငြိမ်းသတ်နိုင်ခြင်းသည် အောင်နိုင်ခြင်းပါပဲ။

"ဒီနေ့လွတ်မယ်ဆိုတာ ယမင်းကို ဘာလို့ အကြောင်းမကြား တာလဲ ကိုရယ်…ယမင်း လာကြိုမှာပေါ့"

"ယမင်းတို့သားအမိကို အံ့ဩဝမ်းသာစေချင်လို့ပါ။ ကဲ… အခု ကြိုသိမထားတော့ ဘယ်လောက် အံ့ဩပြီး ဝမ်းသာရလဲ"

"ကဲပါ…လာ…အိမ်ထဲဝင်ရအောင်။ ဩော်…မောင်စိုး"

"ဗျာ"

"ငါ အပြင်မသွားတော့ဘူး၊ နင်လည်း အိမ်ထဲဝင်လေ… မတွေ့ရတာကြာနေတော့ နင့်ဆရာနဲ့ စကားစမြည်လေး ပြောလိုက် ပါဦး"

"ဟုတ်ကဲ့ မမကြီး"

အားလုံး အိမ်ထဲသို့ဝင်ခဲ့ကြတော့ ဧည့်ခန်းထဲအရောက်မှာ ချိတ် ထားတဲ့ သမီးကြီးဓာတ်ပုံကို လှမ်းကြည့်ပြီး ဦးနိုင်မင်းရင်ထဲမှာ ဆို့တက်သွားလေ၏။ အချစ်ကြောင့် မှားခဲ့ပြီး ဘဝ၊ အသက်ပါ ပေးဆပ်သွားတဲ့ သမီးကြီးပေါ့။

တကယ်ဆို…





မင်းထိပ်ခေါင် သိတတ်ခဲ့ရမှာ။ အိမ်နီးချင်း မိန်းကလေး တစ်ယောက်ရဲ့ဘဝကို ခြေတော်တင်စီးပစ်မယ့်အစား တန်ဖိုးထား စောင့်ရှောက်ပေးရမှာပင် မဟုတ်ဘူးလား။

ခုတော့…

အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစားတဲ့ကောင်…

"ဖေဖေ…ထိုင်လေ"

"အေး…အေးပါ သမီးရယ်"

သမီးက လက်မောင်းဖက်ပြီး ထိုင်ခိုင်းလို့ ထိုင်ခဲ့ပြီးနောက်–

"အခုအခြေအနေက ဘယ်လိုလဲ…ယမင်း"

"ဘယ်လိုရှိရမှာလဲ…လမ်းမှာတွေ့ရင်တောင် ခေါ်နဲ့ ပြေးထိုး သတ်ချင်လောက်အောင် မုန်းကြတာ။ အခု မီးဆက်ပွားနေတာ ကေရာဇ်နဲ့ သမီးငယ်ပါ ကမ္ဘာ့ရန်ဘက် ဖြစ်နေပြီလေ"

"ဟင်း"

ဦးနိုင်မင်း သက်ပြင်းချလိုက်မိ၏။ လူကြီးတွေရင်ထဲမှာ တောက် လောင်နေတဲ့ အမုန်းမီးတွေ ကလေးတွေရင်ထဲအထိ ကူးစက်လောင် ကျွမ်းတယ်ဆိုတာတော့ မကောင်းပါဘူးလေ။ မီးဆိုမှတော့ ပူလောင် တာပေါ့။ ကလေးတွေကို မပူလောင်စေချင်ပါဘူး။

ပြီးတော့…

ကေရာဇ်က မင်းထိပ်ခေါင်လိုမှ မဟုတ်တာ။ လူဆိုတာ မွေး ကတည်းက သူ့ဗီဇနဲ့သူလာတာ။ မင်းထိပ်ခေါင်က ငယ်ငယ်ကတည်း က မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး နေတတ်ပြီး ကေရာဇ်ကျတော့



www.burmeseclassic.com

www.burmeseclassic.com



လနတ်သမီးကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ အရောတဝင် ရင်းနှီးဆက်ဆံတာ မရှိပေ။

"မနေ့ကပဲ သူတို့နှစ်ယောက် အကြီးအကျယ် စကားများကြသေးတယ်တဲ့"

"ဟင်"

"စကားများရန်ဖြစ်ကြတိုင်း သမီးက အနိုင်နဲ့ပိုင်းနိုင်သူလေ။ အဲဒီအတွက် ယမင်းကတော့ ကျေနပ်နေရတာပဲ"

"ဟုတ်လား…သမီး"

"ဟုတ်တယ် ဖေဖေ"

ဖြေလိုက်ပုံက မာဆတ်ဆတ်မို့…သြော်…သမီးငယ်ကလည်း အမုန်းတရားကို မြေသြဇာကျွေးနေတယ်ဆိုတာ မယုံစရာမရှိပေ။

"ဘာဖြစ်ကြတာလဲ…ပြောပါဦး"

"ဒီလို ဖေဖေ"

လလ အဖြစ်အပျက်တွေအားလုံးကို အတိုချုံး၍ ပြောပြလိုက်တော့ ဦးနိုင်မင်း ငြိမ်သက်စွာ နားထောင်နေရင်းမှ သက်ပြင်းချလိုက်မိ၏။ ကြားရတာတွေက နားမချမ်းသာစရာတွေ။

"သမီးက သူ့ခြေးကို တကယ်သတ်လိုက်မိတာလား"

"ဖေဖေရယ်…ဘာမှ မသိနားမလည်တဲ့ခြေးကို သမီးက အဲဒီလောက် ရက်စက်ပါ့မလား"

"အဲဒါ ရှင်းပြရင်ရမှာကို ဘာလို့ ကိုယ့်ထိလက်ရောက်ပါးရိုက်ခဲ့ရတာလဲ သမီးရဲ့…လူလယ်ခေါင်မှာဆိုတော့ သူ ရှက်သွားမှာပေါ့"





"အို…ပါးရိုက်ခဲ့တာ နည်းတောင်နည်းသေးတယ်။ ကို…သိလို့ သူ့အမေက သူ့သားကိုထိရင် ခွေးခွေးခုန်နေတာလေ။ ယမင်းက အဲဒီအဖြစ်ကိုကြည့်ပြီး ဟားတိုက်ရယ်ချင်တာ။ သူတို့ခံရတာ အသေးအမွှားလေးပါ ကိုရဲ့"

"ယမင်း"

"…………….."

"ကို…ဒေါသနဲ့တုံ့ပြန်လို့ မမှားသင့်တာတွေ မှားပြီး…ကိုလည်း ထောင်ထဲမှာ ဒုက္ခခံခဲ့ရတာပဲလေ။ ရန်ကိုရန်ချင်း မတုံ့နှင်းချင်ပါနဲ့တော့ ယမင်းရယ်…တကယ်တော့ ဒေါသနဲ့တုံ့ပြန်တာဟာ သူတစ်ပါးကို မီးခဲနဲ့ ကောက်ပေါက်သလိုပါပဲ။ သူတစ်ပါးကို ထိဖို့ ထိဖို့ မသေချာဘဲ ကောက်ကိုင်လိုက်တဲ့ ကိုယ့်လက်ပဲ အရင်မှုလောင်ခံရတာပါ"

ဒါ…ဦးနိုင်မင်း ကိုယ်တွေ့နဲ့ယှဉ်ပြီး ပြောပြတာပါလေ။ သမီးကြီးကိစ္စနဲ့ပတ်သက်ပြီး သူ ဒေါသမထိန်းနိုင်လို့ မင်းထိပ်ခေါင်ကို သတ်လိုက်မိတာ။ ကိုယ်လည်း ထောင်ကျ၊ သမီးကြီးလည်း ရှက်လွန်းလို့ သူ့ကိုယ်သူ သတ်သေသွားတာ ပြင်လို့မရတော့တဲ့ကိစ္စတွေပဲလေ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဦးခိုင်မင်း ထောင်ကလွတ်ပြီဆိုတဲ့အသံကြားတာနှင့် သူငယ်ချင်းလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်တဲ့ ဦးလှဘော်တစ်ယောက် သူ့သားဖြစ်သူနှင့်အတူ အိမ်ကိုရောက်လာလေလျှင်…

"လာကွာ…လှဘော်…ထိုင်…မတွေ့ရတာကြာတော့ သတိရတယ်ကွာ…ငါတောင် မင်းဆီလာဖို့ စဉ်းစားနေတာ"

"ဟုတ်လား…လာခဲ့ရောပေါ့"

"မောင်ကျော်စွာ…ထိုင်လေ"

"ဟုတ်ကဲ့"





"မောင်ကျော်စွာ အခု မင်းအဖေလုပ်ငန်းတွေမှာ ဝင်ကူနေပြီလား"

"ဝင်ကူရုံတင် ဘယ်ကမလဲ…သူပဲ ဦးစီးလုပ်နေတာလေ။ ငါက အနားယူနေပြီကွ"

"ဟုတ်လား"

အကုန်လုံး ထိုင်လိုက်ကြပြီးနောက် ဦးခိုင်မင်းတစ်ယောက် ကျော်စွာမင်းကို အကဲခတ်သလို ကြည့်လေသည်။ အရင်ကတည်းက သိနေပေမယ့် အရင်က ငယ်သေးတော့တစ်မျိုးပေါ့။ အခုကျတော့ တည်ငြိမ်ရင့်ကျက်နေသည့်ပုံနှင့်လေ။

"အင်း…သားမွေးထားတဲ့လူကတော့ အားကိုးလို့ရပြီပေါ့ကွာ။ ငါ့မှာတော့သမီးမွေးထားတော့ မနားရသေးဘူးဖြစ်နေတာ"

"မင်းကလည်း သမီးပေးရင် သားရတယ်လေကွာ"

"ဘာ"

"ဟဲ…ဟဲ…မင်း ငါ့ကို မျက်ထောင့်နီနဲ့ မကြည့်နဲ့ သူငယ်ချင်း…သဘာဝတရားက လွန်ဆန်လို့ရတာ မဟုတ်ဘူးကွ။ သင့်တော်တာတွေ့ရင် ဟိုစကားကို မေ့မထားနဲ့လေ"

"ဘယ်စကားလဲ"

"သမီးကညာ အခါမလင့်စေနဲ့ဆိုတာမျိုးလေ"

အင်း…ဟုတ်သားပဲလို့ ရင်ထဲမှာသာ ထောက်ခံလိုက်မိ၏။ ငါ…အမုန်းအကာနဲ့ဆိုတာကို ကိုယ်က လက်တွေ့ကြုံလိုက်ရတာပေလေ။ ဒေါ်ကြီးတုန်းက သူတို့ သတိတစ်ချက်လစ်ပြီး လစ်လျူရှုလိုက်မိတာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ။ လူတိုင်းက ဒီလိုမဖြစ်နိုင်ပေမယ့် ခဲမှန်ဖူးတဲ့ စာသူငယ်ပဲလေ။

သမီးငယ်လည်း…

အရွယ်ရောက်နေပြီဆိုတော့ စဉ်းစားဖို့တော့ လိုပါပြီ။ သမီးငယ်က တည်ငြိမ်ပြီး မာနကြီးမှန်းသိပေမယ့် ကံကြမ္မာကို မယုံရဲတော့ဘူးလေ…

"မင်း ပြောတာ ဟုတ်တော့ဟုတ်ပါတယ်"

"ဟုတ်တော့ဟုတ်ပါတယ် လုပ်မနေနဲ့…ဟုတ်ကိုဟုတ်တာ"

"သင့်တော်မယ့်လူက ရှာရဦးမယ်လို့ ပြောတာကွ။ ခုချက်ချင်းကြီး ငါက ဘယ်သူနဲ့ သွားပြီးပေးစားရမှာလဲ"

"မင်းကလည်း ရှာစရာမလိုပါဘူးကွာ…ဒီမှာ ငါ့သားတစ်ယောက်လုံး ရှိနေတာပဲဥစ္စာ…မင်းနဲ့ငါက မင်းမိသားစုအကြောင်း ငါသိ၊ ငါ့မိသားစုအကြောင်း မင်းသိပဲလေ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကို ဖိတ်တာ မကောင်းဘူးလား"

"ဖေဖေကလည်း"

ကျော့စွာမင်း ကိုယ့်အကြောင်းပါလာတော့ ဦးနိုင်မင်းကို အားနာသွားရသည်။ တစ်ဖက်က မိန်းကလေးရှင်ဆိုတော့လေ…

"ခွေးကောင်…မင်း တော်တော်နှစ်နာနေဦးမယ်"

"ငါက တကယ်ပြောတာကွ…မင်းဘက်က သဘောတူမယ်ဆိုရင် ငါ့ဘက်က မင်းတို့စိတ်တိုင်းကျ လုပ်ပေးဖို့ အဆင်သင့်ပဲ"

"ဘာတွေ စိတ်တိုင်းကျလုပ်ပေးတာလဲ…ကိုလှဘော်ရဲ့"





"ယမင်း"

"ဘာဖြစ်ရမှာလဲ ယမင်းရဲ့…ငါက နင်တို့ဆီမှာ ဒ…တောင်းနေတာလေ"

"ရှင်"

ဝင်ထိုင်ထိုင်ချင်းပဲ ဒီစကားမျိုးကြားလိုက်ရတော့ ဒေါ်ယမင်းလှိုင်၏ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိပေ။ ဝမ်းသာတာမှန်းမသိ၊ ဝမ်းနည်းမိတာမှန်းမသိပါပဲ။ ခင်ပွန်းကို ကြည့်လိုက်မိတော့…

"သမီးရော"

"ရှိတယ်…ကို…သူ့အခန်းထဲမှာ ဝတ္ထုဖတ်နေတယ်"

"သွားခေါ်လိုက်ပါဦး"

ဒေါ်ယမင်းလှိုင် ခေါင်းညိတ်ပြီး ထသွားလေတော့၏။ သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့စကားကို ရှေးလူကြီးသူမတွေက အလကားဆိုရိုး ပြုထားခဲ့ကြတာမှ မဟုတ်ပဲလေ။ လှဘော်နဲ့သူတို့က တစ်ယောက်အကြောင်း တစ်ယောက်သိကြပြီး ကျော့စွာမင်း လိမ္မာတာကို ဟိုးအရင်က သူ သိထားခဲ့တာပဲလေ။

မိုက်ရူးရဲဆန်တတ်တဲ့အရွယ်မှာတောင် လိမ္မာခဲ့တာ…အခုအရွယ်ရောက်နေမှတော့ ပိုပြီး သိတတ်လိမ္မာနေမှာပေါ့။ ကိုယ့်မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတော့တာ။ ဟိုဘက်ခြမ်းမှာကလည်း သားတစ်ယောက်နဲ့သားတယ်ဆိုတော့ အမြင်ကတ်ပုဒ်မကို ကြောက်နေရသေးသည်လေ။

"သမီး လာပြီ…လာ…သမီး"



www.burmeseclassic.com

www.burmeseclassic.com



လလ ဝင်ထိုင်လိုက်တော့-

"သမီး"

"ရှင်"

"ကိုလှဘော်ကိုတော့ သမီး သိပြီးသားပါ"

"ဟုတ်…သိပါတယ် ဖေဖေ"

"အေး…သူကတော့ ကိုလှဘော်ရဲ့သားလတ် ကျော်စွာမင်းတဲ့။ မောင်ကျော်စွာလည်း မှတ်ထားပေါ့ကွာ…ဒါ…အန်ကယ့်သမီး နာမည်က လနတ်သမီးတဲ့"

နှစ်ယောက် အကြည့်ချင်းဆုံသွားပြီး ကျော်စွာမင်းက ခေါင်းညိတ်ပြုံးပြကာ-

"တွေ့ရတာ ဝမ်းသာပါတယ် လနတ်သမီး…ကျွန်တော့်ကို အစ်ကိုတစ်ယောက်လို သဘောထားပြီး ခင်မင်နိုင်ပါတယ်"

"ဟာ…ဟော့ကောင်"

"ဗျာ"

"မင်းစကားက ဘာတုန်းကွ…အစ်ကိုတစ်ယောက်လို ခင်မင်ပါဆိုတော့ မဟုတ်သေးပါဘူးကွာ…"

"ဟာ…လှဘော်…မင်းက သားရှင်ဆိုပြီး အဲလိုကြီး ပြောင်ကျကျ ကလေးတွေကို မစနဲ့လေကွာ…နောင်ဖြစ်လာကာမှ ဖြစ်သလိုတစ်မျိုး…ခုက ငါ့မျက်နှာကို ကြည့်ဦးမှပေါ့ကွ"

"အေးပါ…ငါပြောတာ များသွားရင် တောင်းပန်ပါတယ် ဆောရီး…ဆောရီး…ဟား…ဟား…ဟား"



ဦးလှဘော် ရယ်လေတော့ ဦးခိုင်မင်းခမျာ သမီးရှင်ဆိုတော့ ချက်နှာရဲကာ ဟိုလှဲဒီလှဲပေါ့လေ။ ကျော်စွာမင်းကတော့ ခေါင်းငုံ့ကာ ပြုံးနေမိ၏။ လနတ်သမီးကတော့ ဘယ်လိုနေမယ်မသိပါဘူး။ သူ့ဘက်ကတော့ လူကြီးတွေ စီစဉ်ပေးရင် လက်ခံဖို့ အဆင်သင့်နဲ့ပေါ့လေ။

"ယမင်း"

"ရှင်"

"မင်း ဘယ်လိုသဘောရလဲ"

ဦးခိုင်မင်းရဲ့အမေးကို ဒေါ်ယမင်း သဘောပေါက်စွာ…

"ကို့သဘောပါ"

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"ဟင်"

စကားရာစ် ခေါင်းငုံ့ပြီး လမ်းလျှောက်လာရင်း မော့ပြီး ရှေ့တူ ကို ကြည့်လိုက်တော့ လနတ်သမီးနှင့်လူတစ်ယောက် ရယ်ကာ မောကာ စကားပြောနေတာကို မြင်လိုက်ရတော့ အံ့သြခြင်းနှင့်အတူ ရင်ထဲမှာ အောင့်သက်သက် ဖြစ်သွားရ၏။ လလက အရင် သူ့ရဲ့ သူငယ်ချင်းဖြစ်တာကလွဲရင်…

အခုနောက်ပိုင်း…

ဘယ်ရွယ်တူယောကျ်ားလေးနှင့်မှ ရင်းနှီးပတ်သက်မှုရှိတာ မဟုတ်ပေ။ အခု ရယ်မောနေကြပုံထောက်တော့…



ဒီလူ…

ဘယ်သူလဲ…

ဘယ်ကလဲ…

လလနဲ့ ဘယ်လိုပတ်သက်နေသလဲ…

'လဲ' ပေါင်းများစွာနှင့် ရင်ထဲမှာ စိုးရိမ်စိတ်က ဘာကို စိုးရိမ်မှန်းမသိပေ။ ဘာကိုစိုးရိမ်ရမှာလဲ။ ကိုယ်နဲ့ ဘာမှ…မှ မဆိုင်တာကို သူ့ဘာသာသူ ဘယ်သူနဲ့တွဲတွဲ ဘာတွေပဲလုပ်လုပ် ဘယ်လိုပဲဆက်ဆံ ဆက်ဆံ ကိုယ်က မဆိုင်တဲ့ ရပ်ဝန်းဒေသမှာ ရပ်နေသူ။ ပါဝင်စွက်ဖက်ခွင့်ဆိုတာ ကိုယ့်မှာမရှိတော့ဘူးလေ။

ဟိုးအရင်တုန်းကတော့…

သူ မကြိုက်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောသလို ကိုယ် မကြိုက်တာရှိရင်လည်း ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့တာ။

"ကဲပါ…စကားက မပြတ်နိုင်တော့ဘူး…ကိုကျော်စွာ… ပြန်တော့လေ…လလ သူငယ်ချင်းတွေ လာတော့မှာပါ"

"မနှင်ပါနဲ့…လလသူငယ်ချင်းတွေလာတဲ့အထိ စောင့်ပေးမယ်လေ။ တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး"

"ကိုကျော်စွာကလည်း ဘယ်သူက ကိုက်ဖဲ့စားလို့ရတာမှတ်လို့"

"ကိုက်ဖဲ့စားလို့ မရပေမယ့် စလို့နောက်လို့တော့ ရတယ်လေ။ ညည်းစားစကားပြောလို့လည်း ရတယ်"

"အဲဒါက ကိုယ် လက်ခံချင်မှဖြစ်တာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ်"

"ဘာကမဟုတ်တာလဲ"

"ဘာမှကို မဟုတ်တာ"

လလက ရယ်လိုက်ပြီး-

"ကဲပါ ကိုကျော်စွာရယ်…လလတစ်ယောက်တည်းလည်း ဘာမှမဖြစ်ပါဘူး။ ကိုကျော်စွာ အလုပ်သွားရဦးမှာ မဟုတ်လား… သွားပါ"

"အသလွှတ်ကို နှင်နေတော့တာပါလား။ ကဲ…သွားပါ့မယ် ဗျာ…သွားပါ့မယ်"

ကျော်စွာ အပြုံးနှင့် လလမျက်နှာလေးကို စေ့စေ့ကြည့်လေ တော့ လလမျက်နှာကို ဟိုလွှဲဒီလွှဲနှင့်ပါ။ လူကြီးပြောပြထားလို့ သူတို့ နှစ်ယောက်ကို သဘောတူထားမှန်းသိသည်။ အလိုက်အထိုက်လည်း ဆက်ဆံနေသည်။

ဒါပေမယ့်…

အချစ်ဆိုတာကိုတော့ လလ ခံစားလို့ မရပါဘူး။ အချစ်ကြောင့် ပျော်ရွှင်ကြည်နူးရတဲ့သူတွေရှိသလို အချစ်ကိုမှီပြီး စိတ်အလိုလိုက်မိရင့် ဘဝပျက်ကြသူတွေလည်းရှိနေတော့ လလ အချစ်ကို စိတ်လည်းမဝင် စား ကိုးလည်းမကိုးကွယ်ချင်ပေ။ ကိုယ့်မမက ရှေ့မှာ ဥပမာပေးသွား တာပဲလေ။ ဒါကြောင့် အချစ်ကိုတော့ ကြောက်ပါတယ်။ အချစ်မရှိ လည်း နေတတ်ပါတယ်ဆိုတာမျိုးပေါ့။

"ကိုယ်သွားမယ်"





"ဟုတ်ကဲ့"

တစ်ယောက်နဲ့တစ်ယောက် လက်ပြနှုတ်ဆက်နေတာကို မြင်ရ သလတော့…

"တောက်"

စကားစ မမြင်ရတဲ့ လေကိုပဲ ခြေထောက်နဲ့ လွှဲကန်မိလိုက် ၏။ သူ့စိတ်ထဲမှာ တစ်နေ့လုံး ဟိုတွေးဒီတွေးနဲ့ နေလို့မရပါဘူး။ နောက်နေ့မှာတော့ အဲဒီနှစ်ယောက်ပဲ ကားမောင်းထွက်သွားတာ မြင် သည်နှင့် သူလည်း ကားကို နောက်မှမောင်းလိုက်သွားကာ အကြံ ထုတ်စက်တယ်ပဲပြောပြော…

သူတို့ ကားရပ်တဲ့အချိန်မှာ…

ကိုယ့်ကားလည်း ဖြစ်ချင်ရာဖြစ်လို့ နောက်ကနေ ဝင်တိုက်ထည့် သိုက်တာ…

"ဒုန်း"

"အမေ့"

"ဟာ"

ကျော်စွာနဲ့လလ ကားပေါ်ကနေ ဖြည်းဖြည်းဆင်းရမယ့်အဖြစ် ကနေ မြန်မြန်ဆင်းဖြစ်သွားကြပြီး ကားနောက်မြီးသို့ အလျင်အမြန် သွားကြလေလျှင် နောက်ကားခေါင်းက ကိုယ့်ကားနောက်မြီးမှာ ဒါကပ်နေတာကိုမြင်ရတော့ ကျော်စွာ မျက်စိ မျက်နှာပျက်ပျက် ခင်ကြသာ…

"သွားပါပြီကွာ…ကုန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကေရာဇ် လှစ်ကနဲပြုံးပြီး ကားပေါ်ကနေ ဆင်းလိုက်ကာ–

"ကားတစ်စီးလုံးတောင် ဝယ်စီးနိုင်ပြီး နောက်ဖြီးလေး ဝင်တိုက်မိတာနဲ့ အဲဒီလောက် မျက်စိမျက်နှာ ပျက်မသွားစမ်းပါနဲ့ဗျာ…တိုက်တဲ့လူကရော လျော်နိုင်တဲ့အရည်အချင်းရှိတယ်လို့ ခင်ဗျား မတွေးမိဘူးလား"

"ဟင်…ကေရာဇ်"

မချိုမချဉ်မျက်နှာနှင့် ပြောလာသူက ကေရာဇ်ဖြစ်နေတာမို့ လလရင်ထဲမှာ ဒေါသကြောင့် အသက်ရှူပင် မဝချင်သလိုလိုပါ။ ဒါ…လလတို့မှန်းသိလို့ တမင်လုပ်တာပဲဖြစ်မှာ။

"မင်းလည်း ကားတစ်စီးလုံး ဝယ်စီးနိုင်မှတော့ လျော်နိုင်မှန်း ငါ သိပါတယ်။ ငါ့အတွက်လည်း စီးပွားမပျက်နိုင်ဘူး၊ ဒါပေမယ့် ရပ်လိုက်တဲ့ကားကို နောက်ကနေ ဝင်တိုက်တယ်ဆိုတော့"

"ဘယ်လိုထင်လို့လဲ"

"တမင်ဝင်တိုက်သလိုမျိုးကြီးပဲ"

"ဟုတ်တယ်…သူ တမင်ဝင်တိုက်တာ"

"ဟင်"

လလစကားကြောင့် ကျော်စွာ ကြောင်သွားလေသည်။ တမင်ဝင်တိုက်တယ်ဆိုတော့ လလနဲ့များ ပတ်သက်နေမလား။ သူ့မျက်ဝန်းတွေက ဒေါသရောင်လက်နေလျက် တစ်ဖက်လူနှင့် ရင်းရင်းနှီးနှီး သိနေတဲ့ပုံစံမျိုးပါ။

"နင် ဘာအချိုးချိုးတာလဲ ကေရာဇ်"





"ကျွတ်…ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလာမေးနေပြန်ပါပြီ"

"ဒါဆို နင်က ဝန်ခံတယ်ပေါ့။ တမင်ဝင်တိုက်တာပေါ့ ဟုတ်လား"

"ပြောမိလို့လား"

"ဘာ"

ပြောနေပုံက မခိုးမခန့်နဲ့ ပါးဆွဲရိုက်ချင်စရာပါပဲ။

"ငါ သိတယ်…နင် တမင်လုပ်တာ"

"အဲဒါနဲ့ လေကုန်ခံပြီး ဘာလို့လာမေးနေသေးလဲ"

"ငါက သေချာအောင်မေးတာ"

"အခု သေချာသွားပြီ"

"တောက်"

"လနတ်သမီး"

"…………"

"သူက မင်းနဲ့ ဘယ်လိုပတ်သက်နေလဲ"

"သူ့ဘက်ကိုယ့်ဘက် သွေးကြွေးဆပ်စရာရှိတဲ့ လူတွေပေါ့ ကိုကျော်စွာ…ဘယ်သူပဲဖြစ်ဖြစ် အပင်စိုက်ရင် ကိုယ်စိုက်တဲ့အပင် အမျိုးအစားရဲ့အသီးပဲ ပြန်စားရမှာ။ သူ့ကို ကျွန်မ တုံ့ပြန်မှာက…"

"ဘယ်လောက်လျော်ပေးရမလဲ"

"ဘာဖြစ်သွားလဲ ကြည့်ရဦးမှာလေကွာ"

"ဘာမှကြည့်စရာမလိုဘူး ကိုကျော်စွာ…ရှင့်ကား ဘာဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လျှော်မယ်။ အဲဒီလျှော်ကြေးအတွက် သူ့ဆီက ကျွန်မ တန်ရာ တန်ကြေးပဲပြန်ယူမှာ"

"ကိုယ်က လျှော်ကြေးလိုချင်လို့ ပြောနေတာမဟုတ်ပါဘူး လနတ်သမီးရယ်…မင်း ပေးစရာမလိုပါဘူး"

ကိုကျော်စွာ စကားကို လလ မကြားသည့်အလား ခြေလှမ်းတွေ ရှေ့တိုးပြီး ကေရာစ်နှင့် နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်ရပ်လိုက်ကာ

"ငါက ငါ့မမ ပပဆည်းဆာလို မပျော့ညံ့ဘူး ကေရာစ်… မကြင်နာတတ်ဘူး…မသနားတတ်ဘူး။ နင် ဘာဖြစ်ချင်လဲ…ပြော"

"ငါကလည်း မင်းထိပ်ခေါင် မဟုတ်ဘူး"

ဘာဖြစ်ချင်သလဲ ပြောတဲ့။ ကိုယ်က ဘာမှမဖြစ်ချင်တဲ့သူလေ။ ဖြစ်နိုင်ရင် သူ့နဲ့ကိုယ် ငြိမ်းချမ်းရေးယူပြီး အရင်တုန်းက ဘဝလေးကို ပြန်လိုချင်တာ။ မရနိုင်တော့ စိတ်တွေ ကသိကအောက်ဖြစ်ပြီး လုပ်ချင် ရာလုပ်နေမိတာ သူမှ မသိပဲလေ။ ကိုကို့အပြစ်တွေအတွက် ကျေအေး မယ်ဆိုရင်…

ကေရာစ်…

ဘယ်လိုပဲ ပေးဆပ်ရပေးဆပ်ရပါ။ ခုတော့ ဖန်ခွက်တစ်လုံး ကျကွဲသလို ဘယ်လိုမှ ပြန်ဆက်လို့မရတော့ဘူးလား။ သူ့ရင်ထဲက အငြိုးတွေ ဘယ်တော့များမှ သေးသိမ်ကျုံ့လို့သွားမှာလဲလေ။ မျှော်လင့် လို့မရတော့ ကိုယ်လည်း ယောကျ်ားမာနနဲ့ တုံ့ပြန်ခဲ့တာတွေဟာ မှန်းလို့ မဟုတ်ဘူးဆိုတာ…

"ဒီမှာ ကေရာစ်"





"…………"

"နင် ငါနဲ့ပတ်သက်သူမှန်သမျှကို လိုက်ပြီး ဒုက္ခမပေးပါနဲ့။ နင် မကျေနပ်တာ ငါနဲ့ပဲရှင်း။ အခုလည်း နင်နဲ့တန်တဲ့တုံ့ပြန်မှုကို ငါ ပေးခဲ့မှာ"

"ဘာလဲ"

"နင် သိပ်သိချင်လား"

"……………"

"အခုပဲ သိရမယ်"

"ဖြန်း"

"ဟာ"

လျှင်လိုက်တဲ့ လက်ခံလိုက်ရပြန်ပြီလေ။ ဘယ်လိုမှ ထင်မထား တာကြောင့် ကျော်စွာမင်းလည်း အံ့သြသွားရလေသည်။

"လာ…ကိုကျော်စွာ…သွားမယ်"

ကေရာစ် ပါးကိုပွတ်ရင်း လလ နောက်ကျောကို လိုက်ငေးနေ မိတော့၏။

နင် ဘယ်လောက်ရက်စက်နိုင်မှာလဲ…

ငါ့ကို သတ်ပစ်ဖို့အစီအစဉ်များ ရှိသေးလား လလရယ်…။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

လလ အိမ်ထဲကို ဝင်လာလို့ ဧည့်ခန်းထဲရောက်တာနှင့် မမရဲ့ ဓာတ်ပုံကို လှမ်းကြည့်လိုက်သည်။ ဓာတ်ပုံထဲကနေ လလကို ရယ်ပြနေသလိုပဲ။ အပြစ်ကင်းစင်နေသည့် မျက်နှာလေးနှင့်ပါ။ လလ ဆိုဖာပေါ်မှာ ဝင်ထိုင်ရင်း ဓာတ်ပုံကို မော့ကြည့်နေဆဲမှ ညာဘက်လက်ဖဝါးကိုလည်း ဖျစ်ညှစ်ဆုပ်ကိုင်မိလိုက်၏။

သူ့ပါးကို ရိုက်ခဲ့တဲ့ ကိုယ့်လက်ဖဝါးမှာ အခုထိ စပ်ဖျင်းဖျင်းဖြစ်နေတုန်းပဲလေ။ သူ့ပါးကို ရိုက်ခဲ့ရတဲ့လက်…နာရုံမကလို့ ကျိုးပဲသွားပါစေ လလ နာတရမှာမှ မဟုတ်ဘဲ။ ကျေနပ်ခြင်းများနဲ့သာ။





"မမ"

နုတ်မှ ဖွဖွခေါ်ရင်း လလ မျက်ရည်လည်လည်လာရ၏။ လလက မမကို သိပ်ချစ်တာပဲလေ။ မမသေတော့ လလ ငိုလွန်းလို့ သတိလစ်ခဲ့ရတာ။ အတိတ်ကပုံရိပ်တွေ…မျက်ဝန်းထဲမှ ထင်ဟပ်လို့မနေနိုင်သောအချိန်တို့သည်…

"မမ"

"ဟင်"

"မမနဲ့ကိုခေါင် ချစ်သူတွေဖြစ်နေကြတယ်ဆို…ဟုတ်လား"

"အင်း…ဟုတ်တယ်လေ…ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ…မမ ကိုခေါင်အကြောင်း မသိတာမဟုတ်ဘဲနဲ့။ တစ်ယောက်ပြီးတစ်ယောက် ချစ်နေတာ…ချစ်သူဆိုတဲ့ မိန်းမတွေ သူ့အသက်စေ့လောက်ပဲ။ တစ်ယောက်မှမမြဲဘဲ ထည်လဲတွဲနေတဲ့ဥစ္စာ"

"ငါ့ကိုတော့ သူ တကယ်ချစ်တာပါဟဲ့…ငါ့ကို အလိုလည်းလိုက်တယ်။ ပြီးတော့ သူ့အတွက် ငါက နောက်ဆုံးချစ်သူပါတဲ့။ ငါလည်း သူ့ကို ယုံတယ်။ ဘာဖြစ်လို့လဲဆို ငါနဲ့ကျ သူက အမြဲတမ်း အလျှော့ပေးရတာလေ။ အရင်လူတွေတုန်းက သူ အဲလိုအလျှော့ပေးဆက်ဆံခဲ့ဘူးတဲ့"

"သူ ပြောတာလား"

အဲဒါကျတော့ မမက ပြန်မဖြေပေ။ ဟုတ်နေတာကိုးလေ။ သူ လက်တွေ့ မြင်တာကြားတာ ဘာရှိလို့လဲ။ ဒါပေမဲ့ အချစ်နဲ့ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



လာရင် လူတွေက မျက်ကန်းတွေချည်းပဲဆိုတဲ့စကားအတိုင်း ကိုယ့်ချစ်သူပြောတာ မျက်စိစုံမှိတ် ယုံထားပုံရသည်လေ။

အချစ်ဆိုတာ…

ကျားကွက်ရွှေ့သလိုပါပဲ။ အကွက်ရွှေ့မှားတာ မမှားတာကို ရွှေ့နေတတ်သူထက် ဘေးကလူက ပိုသိပိုမြင်နေတာ မဟုတ်လား။

"သူကတော့ ပြောမှာပေါ့ မမရဲ့…ကိုယ် အရင်က ရည်းစားတွေ ဘယ်လောက်ပဲများခဲ့များခဲ့ တစ်ယောက်မှ တကယ်မချစ်ခဲ့ပါဘူး။ မင်းကိုကျမှ တကယ်ချစ်မိတာပါ။ ကိုယ် မင်းကိုပဲ လက်ထပ်မှာပါတို့ပေါ့။ အဲ…နောက်တစ်ယောက်ကိုလည်း ထပ်စိတ်ဝင်စားချင်ပြန်ရော…အဲဒီတော့မှ"

"လလ"

ခပ်ဆောင့်ဆောင့် ခေါ်လိုက်တာကြောင့် လလ စကားစပြတ်သွားလေလျှင်…

"နင်က ငါ့ကို လူကြီးလေသံနဲ့ ဆုံးမနေတာလား"

"လလက ဖြစ်တတ်တာတွေကို ပြောပြနေတာ မမ"

"ဖြစ်တတ်တာက ဖြစ်နေတာမဟုတ်ဘူးလေ…နင်က အကြီးလား…ငါက အကြီးလား။ နင့်ထက် ငါ ထမင်းအစောကြီး ပိုစားထားတာ…နင့်ထက် ငါ ပိုသိတယ်"

"ပိုသိတာက အချစ်နဲ့မပတ်သက်တဲ့အရာတွေပဲ ဖြစ်မှာပါ။ အခုက မမ အသိဉာဏ်တွေကို အချစ်ဆိုတဲ့စကားလုံးလှလှလေးတွေက ဖုံးအုပ်ထားမှာစိုးတာ"



"အဲဒီတော့လည်း ငါ့ထိုက်နဲ့ငါ့ကံပဲ။ နင် ဘာမှ ငါ့ကို ဆရာလုပ်စရာမလိုဘူး လလ…အချစ်က သကြားသီးပဲဖြစ်ဖြစ်၊ ပဒိုင်းသီးပဲဖြစ်ဖြစ် အရသာကို စားနေတဲ့သူ အသိဆုံးပဲ။ နင်က မစားဖူးသေးဘဲနဲ့ သူများ ဝါးနေတာကို တွေးထုတ်နိုင်းတာ…နင်ကိုယ်တိုင် ချစ်တတ်လာတဲ့နေ့ကျ ငါ့ထက် နင့်မျက်စိ ပိုကန်းလိမ့်မယ် သိလား"

"မမ"

"မကြားချင်ဘူး…ငါ့ကို ဘာမှထပ်မပြောနဲ့"

ဆောင့်ဆောင့်အောင့်အောင့်နှင့်ပြောပြီး မမ ထသွားလေတော့ လလ သက်ပြင်းသာ ချမိတော့၏။ လလက စာတွေဖတ်လွန်းလို့လား မသိပါဘူး။ ဗဟုသုတရစရာတွေဆို မှတ်ထားတတ်သလို ကိုယ်ပိုင်အတွေးအခေါ်တွေကလည်း ကွန့်မြူးနေသည်သာ။ ချစ်သူရှိတဲ့သူတွေက သူ့ချစ်သူကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ…

မြှောက်ပင့်ပေးတဲ့သူတွေကိုသာ အကောင်းမြင်တတ်ကြပြီး…

တားဆီးပိတ်ပင်တဲ့သူဆိုရင် ကိုယ့်မိသားစုဖြစ်ပါစေ ရန်သူလို သတ်မှတ်ကြသည်တဲ့။ အခုပဲကြည့်…မမတစ်ယောက် လလကို စိတ်ဆိုးသွားပြီလေ။ လလက ကိုမင်းထိပ်ခေါင်ကို အပြစ်မရှိ အပြစ်ရှာပြီး ပြောနေတာလည်း မဟုတ်ပါဘူး။ လလမှာလည်း အပေါင်းနဲ့ အသင်းနဲ့၊ မျက်စိနဲ့၊ နားနဲ့ပဲဥစ္စာ။

ဒါကြောင့်…

ကြေရာစ်နဲ့ တိုင်ပင်ကြည့်တော့…

"ကိုကို ရည်းစားများတာတော့ ဟုတ်ပါတယ်။ ငါ ပြောကြည့်

www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောမရဘူး။ သူ့ကို ဆရာလုပ်ရမလားလို့ ငါ့ကို လက်သီးနဲ့ ထိုးမယ်တောင်လုပ်တာ။ မိန်းကလေးတွေက စပြီးနေရာပေးလို့ ယူတာဘာဖြစ်လဲတဲ့"

"ဟင်"

"သူက ချောတာကိုး…အဲဒီချောတာကိုပဲ အပြစ်မြင်ရတော့ မလားမသိဘူး။ ဒါပေမယ့် တို့က အိမ်နီးချင်းတွေပဲလေဟာ…လူကြီးတွေ မျက်နှာပျက်အောင်တော့ ကိုကို လုပ်မယ်မထင်ပါဘူး။ မမကို သူ တကယ်ချစ်တာပဲဖြစ်မှာပါ"

"ဪ…လက်စသတ်တော့ နင်က လိပ်ကိုး…"

"ငါက ဖြစ်နိုင်တာကို တွေးကြည့်တာပါ။ တို့က အငယ်တွေဆိုတော့ သူတို့ကို ဆရာကြီးလေသံနဲ့ ဆုံးမလို့မှ မရတာ။ ပွဲကြည့်ပရိသတ်ပဲ လုပ်ရမှာပေါ့"

"အေး…နင့်ဘက်က ယောကျ်ားလေးဆိုတော့ နင် ဒီစကားမျိုး ပြောအားရှိမှာပေါ့။ ဟွန်း…ငါကတော့ ငါ့မမ တစ်ခုခုဖြစ်လို့ကတော့ ငြိမ်မနေနိုင်ဘူး။ ခုလည်း ငြိမ်နေမယ်တော့ မထင်နဲ့…"

"ဟင်"

လလစကားကြောင့် ကေရာစ် မျက်မှောင်ကြုတ်သွားလေသည်။ ဒါကို လလ မြင်တာပေါ့။ သူ တွေးချင်တွေးနေမှာပေါ့လေ။ လလ ဘာလုပ်မလဲဆိုတာမျိုးတွေ။ လလက စိတ်ဓာတ်ပြင်းထန်သူ။ ကိုယ်မှန်တယ်ထင်ရင် ဘာမဆိုလုပ်ရဲသူ။ သည်းခံစရာရှိရင်လည်း သည်းခံတတ်သူလေ။



နာမည်က လနတ်သမီးမို့လို့သာပေါ့။

နေနတ်သမီးသာဆိုရင် ခက်ရချေရဲ့။ မကျေနပ်တဲ့ တွေကို လိုက်ပြီး မီးလိုက်ရှို့မလား မပြောနိုင်တဲ့စိတ်ဓာတ်မျိုးပါ။

"ငြိမ်မနေတော့ နင်က ဘာလုပ်မှာလဲ။ ကိုကို့ကို သတ်ပစ်မှာ လား"

"သတ်ဖို့အထိတော့ မလိုအပ်သေးပါဘူး။ သူ့နဲ့ ငါ တွေ့ပြီး မေးသင့်တာမေး…ပြောသင့်တာ ပြောရမှာပါ"

"အဲဒါတော့ ခင်ဗျားသဘောပဲ"

ကေရာစ် ရွဲ့သလိုပြောတာကို လလက ဂရုမစိုက်ပေ။ ကိုယ် ဘာင့်နတ်ကပဲ နှိုးဆော်နေသလား မသိပါဘူး။ ကိုခေါင့်ကို ယုံလို့ကို နေတာပါ။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

ကိုခေါင်ကို တွေ့ရဖို့အတွက် လလ မကြာခဏဆိုသလိုပဲ သူ့
အိမ်ကိုသွားခဲ့ပေမယ့် နှစ်ယောက်တည်းတွေ့ရဖို့ အခွင့်ကမသာခဲ့
ကိုခေါင်ဆိုတဲ့လူက အိမ်သိပ်ကပ်တာမဟုတ်တော့ လင်ပန်းဖင် ဆီ
ဆုပ်ရသလိုပဲလေ။ တွေ့ရတဲ့အခါကျပြန်တော့ လူကြီးတွေနဲ့
မဖြစ်ပြန်။

အဲဒီနေ့ကတော့…





လလ သူတို့အိမ်ကိုအသွားမှာ ကိုခေါင်က အပြင်ထွက်မလို့ ပြင်ဆင်နေတာပဲလေ။ လူကြီးတွေက အနီတီသစ္စာ မွေးနေ့ ဘုရားသွားကြတယ်တဲ့။ ကေရာစ်ပြောလို့ သိတာပဲပေါ့။ ကေရာစ်က ပြောပြီး ရှောင်ပေးတဲ့သဘောနှင့် အပေါ်ထပ်သို့ တက်သွားလေလျှင်

"ကိုခေါင်"

ခေါ်တော့ လှည့်ကြည့်လေလျှင်…

"ကိုခေါင် ဘယ်သွားမလို့လဲ"

"ဟာ…ငါ ဘယ်တုန်းက အိမ်ကပ်လို့လဲ။ ထုံးစံအတိုင်း အပြင်သွားမှာပေါ့"

"ကိုခေါင်…လလကို အချိန်နည်းနည်းလောက် ပေးပါလား"

"ဟင်"

ကိုခေါင်က လလကို အံ့သြသလို ကြည့်လေ၏။ ကြည့်မှာပေါ့။ သူ့ရိုက်ကို မကြိုက်လို့ လလ သူနဲ့ ရင်းရင်းနှီးနှီးမှ မနေခဲ့ဘဲလေ။ လူကြီးတွေနဲ့ ကေရာစ်ကို ခင်တာက ခင်တာပါပဲ။ ဒါကြောင့် လလရဲ့ ခုတောင်းမှုက သူ့အတွက် အံ့သြစရာ ဖြစ်ချင်ဖြစ်နေမှာပေါ့။

"အချိန်နည်းနည်းပေးရမယ်…ဟုတ်လား"

လလ ခေါင်းညိတ်ပြလိုက်လေလျှင်…

"ဘာအတွက်လဲ"

"ကိုခေါင့်ကို လလ မေးစရာရှိလို့ပါ"

"အထူးအဆန်းပါလား…ကောင်းကင်က ရေတွေကြီး၊ မြေကြီး လသာတော့မယ်ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကိုခေါင်"

"ကောင်းပြီလေ… ငါ အချိန်ပေးမယ်။ ဘာလဲပြော… ဇကာရာဇ်နဲ့ အဆင်မပြေလို့လား"

မေးလိုက်တဲ့မေးခွန်းက ဘာသဘောဆောင်နေလဲမသိပေမယ့် ပြန်မမေးတော့ပါဘူး။ ကိုယ်ပြောချင်တဲ့ လိုရင်းကိုသာ…

"ဒီလိုပဲ မတ်တတ်ပြောရမှာလား ကိုခေါင်"

"ဟ…နင့်ကို ဘယ်သူက မထိုင်နဲ့လို့ တားထားလို့လဲ။ နင် ကြိုက်တဲ့ဆိုဖာမှာ ဝင်ထိုင်လို့ရတာပဲဥစ္စာ"

"ကိုခေါင်က မတ်တတ်ကြီးပဲဥစ္စာ"

"အေးအေးဆေးဆေးဆိုရင် ခြံထဲဆင်းပြောမလား"

"ကောင်းသားပဲ"

"အပျွန်း…ရည်းစားစကားပြောမှာဆိုရင်တော့ ငါက အားနာ ပါးနာနဲ့ ခေါင်းညိတ်ပြီးသားပဲနော်"

"ဘာ"

ကိုခေါင့်စကားကြောင့် လလ မနာမကျင် တုတ်နဲ့ အရိုက်ခံ လိုက်ရတဲ့ မြွေပွေးလိုပါပဲ။ ဒေါသမျက်ဝန်းနှင့် သူ့ကို ဆတ်ကနဲ မော့ကြည့်လိုက်မိ၏။ သူ ရည်းစားများတယ်ဆိုတာ ဒီလိုပဲ မိန်းကလေး တွေကို ထိခလုတ် ပါးခလုတ်စကားတွေနဲ့ စခဲ့လို့ စိတ်မခိုင်သူတွေ ငြိကုန်ကြတာပဲဖြစ်မှာပေါ့။

လလက…

သူ့လိုလူမျိုးကို တိုယ်ကစပြီး ရည်းစားစကားပြောဖို့မပြောနဲ့



သူကပြောရင်တောင် မျက်နှာတံတွေးနဲ့ ထွေးပစ်မိမှာ အမှန်ပါပဲ။

"ဘာလဲ…ကိုခေါင်က ငါ ရုပ်ချောတယ်ဆိုပြီး မိန်းကလေး တိုင်းကို ငါပြောတိုင်း ဖြစ်တယ်၊ ငါခြွေတိုင်း ကြွေမှာပါဆိုတဲ့အတွေးနဲ့ ဘန်တာက်နေတာလား ကိုခေါင်…အဲဒါဆိုရင်တော့ ကိုခေါင် မှားသွား ပြီ။ သစ်သီးတောင် အညှာလွယ်တဲ့အသီးရှိသလို အညှာခိုင်တဲ့အသီး ရှိတယ်။ လလ အခုံးအစွန်ထိ ပြောလိုက်မယ်။ လလက ကိုခေါင် ခြွေမှ စားကောင်းတဲ့အသီးဖြစ်မယ်ဆိုရင်တောင် အပင်ပေါ်မှာပဲ အပုပ် ခံလိုက်မယ်…သိလား"

"ဟား…ဟား…ဟား…ဟား"

သူက လလစကားကို သဘောကျသလို ရယ်လေတော့ ဒေါသစိတ်တွေကို မနည်းဆုံးမနေရသည်။ ဒါ…ရယ်စရာလား။ သလကလည်း တကယ်ပြောတာလေ။ သူ့လိုလူမျိုးကို အိပ်မက်ထဲ ထည့်မက်မိရင်တောင် ချက်ချင်း ခေါင်းထလျှော်ပစ်မှာ။ ရုပ်ဆိုတာ ရောဂါဖြစ်လို့ သွေးသောက်ရတဲ့ ဆေးဖက်ဝင်အသီးမှ မဟုတ်တာ။

သူ့ရုပ်က ဆေးဖက်ဝင်နေရင်တောင်…

လလလို မိန်းကလေးမျိုးက အဲဒီဆေးကို မသောက်ဘဲ အသက် ပဲ အသေခံလိုက်မယ်။

"လူတော်တော် ဒေါသချည်းပါပဲလား…ငါက စတာပါ။ နင်က အချိုမြိန်ဆုံးနဲ့ အမွှေးကြိုင်ဆုံးအသီးဖြစ်နေရင်တောင် ငါက သည်း တံတွေးမျိုချပြီး နှာခေါင်းရှုံ့သွားမှာ"

"အဲဒါဆို စကားကို ဆင်ခြင်ပြောလေ…လူဆိုတာ အစွယ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်တိုင်း ကျားမဟုတ်သလို ရေငုပ်တိုင်းလည်း ဖားမဟုတ်ဘူး။ ကိုခေါင့်ရည်းစားတွေမဟုတ်တဲ့ မိန်းကလေးတွေကို အထင်မသေးပါနဲ့''

''နင့်မမလည်း ငါ့ရည်းစားတွေထဲက တစ်ယောက်ပဲလေ''

''ဟင်''

ဟုတ်သားပဲ။ ကိုယ့်စကားနဲ့ကိုယ် ပြန်အပတ်ခံလိုက်ရတဲ့အတွက် ကိုယ်ပဲ မှားပါတယ်ပေါ့။ မမကိုလည်း တားလို့မရ၊ ကိုခေါင့်ကို လလကတော့ သဘောမှမကျပဲလေ။ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ကြတယ်ဆိုရင်…ကိုခေါင် အရင်က ရည်းစားအယောက်တစ်ရာပဲ ထားခဲ့ထားခဲ့ နားလည်စွာ သဘောထားပေးနိုင်ပါသည်။

အခုက…

ဘာမှန်းမှ မသိဘဲလေ။ သူ့အတွက်က ရည်းစားထားတာ ထမင်းစားရေသောက်အလုပ်လို ဖြစ်နေတာ။ နှစ်ဦးနှစ်ဖက် တကယ်ချစ်ကြရင် ပြဿနာမရှိပေမယ့် တကယ်မချစ်တဲ့သူနဲ့ တကယ်ချစ်တဲ့သူဆိုရင် တကယ်ချစ်တဲ့သူဘက်က ဆုံးရှုံးနစ်နာမှုတွေ ဘယ်လောက်များလိုက်ပါမလဲ။

''လလကလည်း မမအကြောင်းပဲ ပြောချင်တာ''

''ပြောလေ…ပပ ဘာဖြစ်လို့လဲ''

''မမကို တကယ်မချစ်ဘူးဆိုရင် ကိုခေါင် အိမ်မီးချင်းတစ်ယောက်အနေနဲ့ မျက်နှာမပျက်ရအောင် ချမ်းသာပေးပါ။ လလ တောင်းပန်ပါတယ်။ မမက အစွဲအလမ်း ကြီးတတ်လွန်းလို့ပါ။ ကိုခေါင်အတွက် မိန်းမ မရှားဘူးပဲမဟုတ်လား''

''ဘယ်လို''

''မမက ကိုခေါင် ချစ်တယ်ဆိုတာကိုပဲ ယုံနေပုံရတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် လလကတော့ မယုံဘူး။ အဲဒါကြောင့် မီးကိုလောင်ခင်ကတားတဲ့အနေနဲ့ ကိုခေါင့်ဘက်က စပြီး မမကို ဖြတ်လိုက်ပါ။ အိမ်နီးချင်းအချင်းချင်း မျက်နှာမပျက်ရအောင်''

''ဒီမှာ ကောင်မလေး''

''……………''

''နင် မသိရင် မှတ်ထား။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာ။ တစ်နည်းပြောရရင် အပ်တစ်ချောင်းကို အပ်ကြိုးထိုးတဲ့အခါ အပ်က ငြိမ်ပြီး လက်မခံရင် အပ်ကြိုးထိုးလို့ မရဘူး။ အပ်က ငြိမ်နေနေသာ အပ်ကြိုးဆိုတာ…''

''ကိုခေါင် မမိုက်ရိုင်းနဲ့နော်''

''နင်က ဘလိုင်းကြီး လာကောနေတာလေ…တကယ်ဆို ငါ့ကို နင် လာချုပ်ရမယ့်အစား နင့်အစ်မကိုပဲ နင် ပြောရမှာ။ ငါက ယောက်ျားလေးပဲ…အိုးဖွင့်ပေးလို့မှ မနှိုက်ရင်…''

''ကိုခေါင်''

သူပြောလိုက်တဲ့ စကားတွေက ဘယ်အဓိပ္ပာယ်ရောက်နေပြီလဲ။ သက်ရောက်မှုတွေကို တွေးကြည့်လိုက်တော့ လလ ထခုန်ပစ်ချင်လောက်အောင် ဒေါသထွက်ရ၏။ ဒါ သူ့မှာ နှမ မရှိလို့ ကိုယ်ချင်းမစာပြောတာလား။ အခြားနှမ မရှိတဲ့သူတွေတိုင်းတော့ ဒီလိုဟုတ်မှာ





www.burmeseclassic.com

www.burmeseclassic.com



မမွေးကြပါဘူး။ သူ့ကျမှ…

ဗီဇကိုက မကောင်းတာ။

သူ့စကားကို အဓိပ္ပာယ်ကောက်ကြည့်ပြီး မမအတွက် စိုးရိမ် စိတ်တွေက တဖွားဖွားပါ။ ဟုတ်မှာပါ…သူ့ပုံစံကိုက စားနေကျ ကြောင်ပါးပုံစံဖြစ်နေတာ။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားဆိုတော့ အိမ်နီးချင်းဆိုပြီး ထောက်ထားငဲ့ညှာနေမှာ မဟုတ် တော့…

ဘုရား…ဘုရား…

"ကိုခေါင် နှမချင်းမစာနာ မပြောပါနဲ့။ ကိုခေါင် မညှာမတာ လုပ်ခဲ့သမျှ ကိုခေါင့်နှမကို သူများ အဲလိုလုပ်ရင် ကိုခေါင် ဘယ် နေမလဲ။ နည်းနည်းလောက် ကိုယ်ချင်းစာကြည့်စမ်းပါ"

"ငါ့မှာ နှမ မရှိလို့ကိုပဲ ကိုယ်ချင်းမစာတတ်တာ ရှင်းပြီလား နောက်တစ်ခု နင် မှတ်ထားလိုက်ဦး…ယောက်ျားဆိုတာ မိန်းမနေ ပေးမှရတာ။ မိန်းမကမှ နေရာမပေးရင် ဘာမှကျူးကျော်လို့မရဘူး ရှိကောင်းရှိနိုင်ပေမယ့် ရှားရှားပါးပါးပဲဖြစ်မှာ။ နင့်လိုမိန်းကလေး ဆိုရင် ငါ နေရာတောင်းပါ့မလား။ ရမှမရနိုင်ဘဲလေ…ဘာလုပ် လဲ"

"တောက်"

မိုက်ရိုင်းလိုက်တာ။ ရည်းစားတွေနဲ့တွေ့ရင် စကားလုံး ချိုနေမယ့် ဒီပါးစပ်က ခုတော့ ထွက်လိုက်တာ မိုက်မိုက်ရိုင်းရိုင်း မိန်းကလေးတွေကို တန်ဖိုးမဲ့အောင် ပြောနေတာ။ ခေါင်က သူ့





စိုက်ကြည့်လိုက်ပြီး-

"နင့်မမဆိုတဲ့ အပ်ကိုပဲ နင် ရအောင်လုပ်ခါထားပေါ့။ အဲဒါမှ အပ်ကြီးထိုးလို့မရမှာ။ ပြောသာပြောရတယ်…လွန်တော့လွန်နေပါပြီ"

"ဘာ"

လလ ဒေါသကို ဘယ်လိုမှ မထိန်းနိုင်တော့ပေ။ ပြောလိုက်တဲ့ စကားလုံးတိုင်းက မိန်းကလေးတွေရဲ့သိက္ခာကို အပိုင်းပိုင်းဖြစ်အောင် ရိုက်ချိုးနေတာ။ ဒါကြောင့် အသားတွေပင် ဆတ်ဆတ်တုန်လာပြီး-

"လူယုတ်မာ"

"ဖြန်း"

လက်တစ်ဖက်က ရိုပ်ကနဲ ပြောက်တက်သွားတာ အားနဲ့အင်နဲ့ ပါ။ ခေါင် ထင်မှတ်မထားတာကြောင့် ခံလိုက်ရပြီး ပါးကိုပွတ်၍ ဖြန့်လှည့်ကြည့်တဲ့ မျက်ဝန်းတွေက မီးခိုးငွေ့များပင် ထွက်နေသလိုပါ။ သူ့အတွက် မိန်းကလေးတစ်ယောက်ရဲ့ ပါးရိုက်ခံရခြင်းက…

ဒါ…ပထမဆုံးအကြိမ်ပါပဲ။

ပွဲတိုင်းအောင်လာခဲ့သမျှ ဒီပွဲမှာ ရှုံးပြီဆိုတော့ အကျိုးအကြောင်း ကို ဆက်စပ်ချင့်ချိန်မနေနိုင်တော့ပေ။

"နင်…ငါ့ပါးကို ရိုက်တယ်"

"ဟုတ်တယ်…အဲဒါ ရှင်နဲ့ ထိုက်တန်တာကို ပေးတာ"

"တောက်"

"ကဲ"

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ကေရာစ် ဘယ်အချိန်ကဘယ်လို ရောက်လာသည်မသိဘဲ မင်းထိပ်ခေါင်လက်ကို ဖမ်းဆုပ်ထားကာ–

"မိန်းကလေးနဲ့ယောကျ်ားလေး ကိုကို အဲလိုလုပ်ဖို့ လိုလို့လား"

"မင်း…ဖယ်စမ်း…ဟောကောင်"

"မဖယ်ဘူးဗျာ"

"တောက်"

"လလပြောတာ် အိမ်နီးချင်းတွေ မျက်နှာပျက်စရာဖြစ်ကုန်မှာ စိုးလို့ ပြောနေတာ။ ကိုကို စဉ်းစားဖို့မလိုဘူးလား။ ဒီလူဒီလူတွေက မကောင်းရာမကောင်းကြောင်းနဲ့ တစ်သက်လုံး နေသွားကြရမှာ"

"မျက်နှာပျက်တော့ ဘာဖြစ်လဲ…သူ့ထမင်းသူစား၊ ကိုယ့်ထမင်းကိုယ်စားနေကြတာ။ ဟိုဘက်ခြံ ဒီဘက်ခြံနေကြတာ မခေါ် မဖြစ် တစ်အိမ်တည်း အတူနေကြတာမှ မဟုတ်ဘဲလေကွာ"

"ဟာ…ကိုကို အဲလို စကားကို လွယ်လွယ်မပြောနဲ့လေဗျာ"

"ပြောတော့ဘာဖြစ်လဲ…ဟောကောင် မင်း ဖယ်စမ်း"

လလရှေ့မှာ ကာရပ်ထားတဲ့ ကေရာစ်ကို ခေါင်က အင်္ကျီစဆွဲ နေလေတော့…

"မဖယ်ဘူးဗျာ"

"တောက်…မင်း"

"ခွပ်"

"အ"

"ကေရာစ်"





"ခွပ်"

"အ"

ခေါင် လက်သီးနှင့်ထိုးခဲ့ပြီး ချာကနဲ လှည့်ထွက်သွားလေလျှင် ရှေ့မလှ ကျန်ခဲ့ရသူက ကေရာစ်ပဲပေါ့။ လလကတော့ ကေရာစ်အတွက် စိတ်မကောင်းဖြစ်ရသလို တစ်ဖက်မှာလည်း မမအတွက် စိုးထိတ်မှုများနှင့်သာ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

“ဘယ်လို…ဘယ်လို လလ”

လလ ဘာမှပြန်မဖြေဘဲ နှုတ်ခမ်းကိုသာ တင်းတင်းစေ့ထားလေတော့…

“ပြောစမ်းပါ၊ နင်…နင် ခေါင်းကို ပါးရိုက်ပစ်ခဲ့တယ်…ဟုတ်လား”

“ဟုတ်တယ်”

ဟုတ်တယ်ဆိုတာနှင့် ပပ မျက်နှာက ဖျော့တော့မည့်မိုးသို့နယ် မျက်ရည်တွေ ချက်ချင်း လည်လာပြီး–





“သွားပါပြီဟယ်…သွားပါပြီ…နင် အဲလိုလုပ်လို့ ဘာဖြစ်သွားမယ်ဆိုတာ သိရဲ့လား။ နင် အဲလိုလုပ်တာ ငါ့ဘဝကို ဖျက်ဆီးလိုက်တာနဲ့ အတူတူပဲ လလရဲ့”

“ဟင်”

“အဟင့်”

ပပက ငိုပြီးမှ ဆတ်ကနဲ ပြန်လှည့်ကြည့်ကာ–

“နင် ဘာလို့ သူ့ကို သွားတားတာလဲ…ဘာရည်ရွယ်ချက်နဲ့လဲ လလ…ညီအစ်မချင်း ငါ ခံစားရတာ ငါ့ဘဝပျက်တာကို နင်က မြင်ချင်တာလား…ပြောစမ်းပါဦး”

“မဟုတ်ဘူး မမ”

“ဘာမဟုတ်တာလဲ…ဘာကြောင့်ပဲဖြစ်ဖြစ် အခု အဲဒီသဘောပဲ သက်ရောက်သွားပြီ…နင် သိရဲ့လား”

မမစကားကြောင့် လလ တွေကနဲ ဖြစ်သွားလေ၏။ သူ့စကားအဓိပ္ပာယ်က ဘာလဲ။ လလရဲ့လုပ်ရပ်က မမရဲ့ဘဝကို ဖျက်ဆီးသလိုဖြစ်နေတယ်တဲ့လား။ ဒီစကားအဓိပ္ပာယ်က အရှုံးကို ကျယ်ပြန့်သည်သေ…ဘာတွေလဲ။ ဟိုတစ်ယောက်ကလည်း ပြောလိုက်တာ…

အပ်ရော အပ်ချည်ရော…

ဥပမာ ပေးလိုက်တာက ဟိုလိုလို ဒီလိုလို။ ဒီတစ်ယောက်စကားနဲ့ ဆက်စပ်ကြည့်လိုက်တော့…လလ ထိုင်ရာကနေ ဆတ်ကနဲ ထလိုက်မိပြီး–

“မမ”



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါ ပြောခဲ့သားပဲ။ ခေါင်က ငါ့ကို တကယ်ချစ်တာပါလို့။ အခု နှင့်ရဲ့လုပ်ရပ်ကြောင့် အဲဒီအချစ်ဆိုတဲ့အရာကို မာနတွေ၊ နာကြည်းမှုတွေနဲ့ ဖုံးကွယ်ပစ်လိုက်ရင်…"

ပြောရင်း မျက်ရည်ကို သုတ်လိုက်လေလျှင်…

"ဖုံးကွယ်လိုက်တော့ရော ဘာဖြစ်လဲ…သူ့လိုလူ နောက်တစ်ယောက် မရနိုင်တော့ဘူးလို့ မမ ထင်နေတာလား။ တကယ်ချစ်တဲ့သူတဲ့…ပြောလိုက်တာများ ရစရာမရှိအောင်ပဲ။ ဒါလား ချစ်တာ"

"သူက ဘာပြောလိုက်လို့လဲ"

"အပ်ငြိမ်မှ အပ်ကြိုးဆိုတာ ထိုးလို့ရတာတဲ့။ သူ့စကားက ဘယ်ရောက်သွားပြီလဲ။ လလ…ကိုခေါင်နဲ့ မမကို လုံးဝ သဘောမတူဘူး။ သူက မိန်းကလေးတွေကို အထင်သေးတဲ့ပုံစံနဲ့။ သူ့မှာ နှမ မရှိတော့ ကိုယ်ချင်းမစာနိုင်ဘူးတဲ့။ ကဲ…သူပြောတာ ကောင်းသလား။ ပြီးတော့ လွန်တော့လွန်နေပါပြီဆိုတာတွေ"

"အဟင့်"

မမ ငိုပြန်ပြီ။ မမရုပ်ရည်နဲ့ ကိုခေါင်ထက်သာတဲ့သူကို ရနိုင်သားပဲ။ ဒါကိုပဲ ငိုနေစရာလား။ အချစ်ဆိုတာ မျှဝေလို့ မကုန်နိုင်တဲ့ အရာပဲလေ။ သေဆုံးသွားတယ်ဆိုတာလည်း မရှိပါဘူး။

"မမ"

"…………"

"ဘာလို့ အဲလောက်တောင် ငိုနေရတာလဲ။ သူ မမကို တကယ်မချစ်ဘူးနော်။ အဲဒါကို လလ သိနေလို့ သွားပြောမိတာပါ။





ဒါကို သူက မချေမငံနဲ့ ဆက်ဆံတာ။ တကယ်ဆို မမကို သူ တကယ်ချစ်ရင် သည်းခံရမှာပေါ့"

"နှင်သိတာ အဲဒီလောက်ပဲမို့လား"

"အဲဒါထက် လလက ဘာကို ပိုသိရမှာလဲ"

"အေး…မသိဘဲ သွားပြောချင်ရာ ပြောပြီးပြီမို့လား…ပါးတောင်ရိုက်ပစ်ခဲ့တယ်ဆိုတော့ နှင်က အောင်နိုင်သူပေါ့လေ။ အခန့်မသင့်ရင်တော့ ငါပဲ ဆုံးတာတွေ၊ ရှုံးတာတွေနဲ့ ကြုံရမှာ"

"မမ ပြောတာကို လလ နားမလည်ဘူး။ မမက ဘာလို့ ဆုံးရှုံးရမှာလဲ။ ဒီလိုလူနဲ့ ပတ်သက်မိတာကမှ ကံဆိုးတာ။ သူနဲ့ မပတ်သက်တော့ဘူးဆိုရင် မမ ကံကောင်းပြီလို့သာမှတ်"

"ကံမကောင်းဘူး…ငါ့ကို သူ ဖြတ်လိုက်ရင် ငါက ကံဆိုးသူဖြစ်မှာ လလရဲ့"

"ဟင်"

"အိ…ဟီး"

မမကိုကြည့်ပြီး လလ ဘယ်လိုနားလည်ရမှန်းမသိတော့ပေ။ ပြောတော့ သူ့ကို တကယ်ချစ်တာပါပြောပြီး တကယ် ယုံကြည်မှုရှိရင် အဲလောက်စိုးရိမ်ပြီး ငိုစရာလိုလို့လား။ ကိုခေါင်သာ မမပြောသလို မကို တကယ်ချစ်တယ်ဆိုရင် လလ ဘာပဲပြောပြော ဘာပဲလုပ်ခဲ့ လုပ်ခဲ့…

မမအပေါ်…

အပြစ်တင်ဖွယ်ရာစရာမှ မလိုပဲလေ။ ချစ်တဲ့စိတ်က အရာရာကို



www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်ပစ်တယ်တဲ့။ သူ မမအပေါ်-နားလည်ပေးနိုင်ရမှာပေါ့။

"မမ"

"............"

"မမ ဘာလို့ အဲလောက်ငိုနေရတာလဲ။ မမ သူ့ကို မမ ကိုယ်တိုင်က ယုံကြည်မှုမရှိဘူးလား။ လလ ခုလိုလုပ်မိတာလည်း"

"တော်တော့ လလ"

လလ နှုတ်ဆိတ်သွားလေတော့၏။ စဉ်းစားရပြီလေ။ စကား တွေရယ်၊ မမ ငိုနေတာရယ်ကြည့်ပြီး ရင်လေးလိုက်တာ။ ကိုခေါင် ပြောခဲ့တဲ့ စကားတွေက-

"လွန်တော့ လွန်နေပါပြီ"

"လွန်တော့ လွန်နေပါပြီ"

"လွန်တော့ လွန်နေပါပြီ"

"ဟင်"

ကိုခေါင် ပြောခဲ့တဲ့စကားကို အထပ်ထပ်ကြားပြီး လလ စိုးထိတ်မှုတို့နှင့်...

"မမ"

မမအနားသို့ ထသွားလိုက်မိ၏။ ကိုယ်မေးချင်တဲ့စကားအတွက် မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်းပဲ...

"မမ...မမနဲ့ သူနဲ့ သန့်ရှင်းခဲ့ကြတယ်မို့လား။ မမ သူနဲ့ ဘာမှ မဖြစ်ခဲ့ပါဘူးနော်။ ချစ်သူဖြစ်ခဲ့ကြရုံပဲ မဟုတ်လား။ လလ သိတ် တယ်...မမမှာ ဘာမှမဖြစ်ဘူးမို့လားဟင်"



လလ စိုးရိမ်ကြီးစွာ အမောတကောမေးရင်း မဟုတ်ပါစေနဲ့လို့ ထပ်ထပ် ဆုတောင်းနေပေမယ့် မမ ခေါင်းခါလိုက်တာ [illegible] ဘော င်မှန်းမသိတာကြောင့် ထပ်မေးဖို့ ပါးစပ်ဟလိုက်စဉ်...

"မသိသေးဘူး...အခြေအနေက လွန်တော့လွန်ခဲ့ကြတယ် လ"

"ရှင်"

"ငါ တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်တယ်။ ဒါပေမယ့် ဝိညာဉ်သိက္ခာနဲ့ ပတ်သက်နေတော့ ဘယ်သူ့ကိုမှလည်း ရင်မဖွင့် "

"ဒါဆို လလကို ရင်ဖွင့်လေ...မမရဲ့"

"ဟုတ်တယ်...နှင်နဲ့ငါက ညီအစ်မအရင်းဆိုတော့ နှင့်ကိုပဲ ရင်ဖွင့်ရတော့မှာပေါ့"

လလဘက်သို့ လှည့်လာတဲ့ မမမျက်နှာလေးက ညှိုးညှိုးငယ် ။ မျက်ရည်တွေကလည်း ကျလို့ပေါ့။ လလရဲ့လုပ်ရပ်က မမကို သောက် ခံစားထိတ်လန့်သွားစေခဲ့သလား။ လလကလည်း နာနဲ့ပဲလေ။

"လလ"

"ပြောလေ မမ"

"သူက ငါ့ကို ပြောတယ်။ သူတွဲခဲ့တဲ့ မိန်းကလေးတွေထဲမှာ အချစ်ဆုံးတဲ့။ မမကိုပဲ လက်ထပ်မှာပါတဲ့လေ"

လလကတော့ လျှာအရိုးမရှိတိုင်း ပြောတယ်လို့ပဲ ကင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆို သူ့ပုံစံက ဘာကိုမှ အလေးအနက်မထား၊ စကားပြော
ရင် ခပ်ပေါ့ပေါ့ပါပဲ။ အဲဒါကိုပဲ လလ မကြိုက်တာ။

"မမလည်း ယုံတယ်…အခုထိလည်း ယုံချင်နေတုန်းပဲ"

"အဲဒါဆိုလည်း ပြီးတာပဲလေ"

"မပြီးဘူး လလ"

"ဟင်"

"ငါ့ညီမလေးကို နားနဲ့မနာ၊ ဖဝါးနဲ့နာပါ။ သူနဲ့ မမ ချစ်သူ
အဆင့်ကို ကျော်လွန်ခဲ့ကြပြီးပြီ"

"ရှင်"

လလတစ်ကိုယ်လုံး မိုးကြိုးအပစ်ခံလိုက်ရသည့်အတိုင်းပါ
ကိုယ့်တစ်ကိုယ်လုံး ပြာနှမ်းသွားသလိုလိုပင်။ မိုက်လိုက်တာ မမ
လို့ ဘယ်လိုပြောရမလဲ။ သူက ကိုယ့်ထက်အကြီးဖြစ်နေတော့
လက်မထပ်ရသေးဘဲနဲ့ ဘဝကို ပုံအပ်ရသတဲ့လား။

"အခု ငါ ဟိုဟာမပေါ်တာ သုံးလရှိပြီ"

"ဘုရား…ဘုရား"

ရင်ဘတ်ကိုဖိရင်း အသက်ရှူပင် ရပ်ချင်ချင်…

"သူ့ကို ပြောမလို့လုပ်နေကာမှ နင်က သူ့ပါးကို ရိုက်ခဲ့တယ်
ဆိုတော့ သူ ငါ့ကိုပါ စိတ်ဆိုးနေရင် ဒုက္ခပဲ။ ပြီးတော့ နင့်လုပ်
ကြောင့် ငါ သူ့ကို ဘယ်လိုရင်ဆိုင်ရမလဲ"

ဒါဆို ကိုယ်ပဲ မှားတာပေါ့။ မလွန်ခင်တားဖို့ ကြိုးစား
လွန်နေပြီတဲ့။ ဖြစ်ပြီးသွားတဲ့ကိစ္စကလည်း နောက်ပြန်ဆုတ်လို့





ဒီတော့ ကိုယ့်ဘက်ကပဲ အလျှော့ပေးပြီး ဒူးထောက်ရမယ်ဆိုလည်း…

"လလ လွန်သွားတယ်ဆိုရင် တောင်းပန်ပါတယ် မမ။
လလက ဒီလောက်အထိ ထင်မထားလို့ပါ။ အခုလည်း လလ သူ့ကို
တောင်းပန်ပါ့မယ်။ သူ ကျေနပ်တဲ့အထိ"

တကယ်ပါ…ဒီအခြေအနေဖြစ်လာပြီဆိုမှတော့ ကိုယ့်ဘက်က
ဦးပဲတောက်ရတောက်ရ၊ လက်ပဲခြောက်ရခြောက်ရ သူ ကျေနပ်အောင်
ဆုပ်ရတော့မှာပေါ့။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ရှုံးနေပြီပဲလေ။

"နေပါစေ…ငါပဲ ငါ့ဘာသာ ကြည့်ရှင်းလိုက်ပါ့မယ်"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဘာ…မင်းမှာ ကိုယ်ဝန်ရှိနေပြီ…ဟုတ်လား…ပပ"

ပပ မငုံ့မရဲနှင့်ပဲ ခေါင်းညိတ်လိုက်မိ၏။ ပပ ထင်ထားတာက ပပမှာ ကိုယ်ဝန်ရှိနေပြီဆိုရင် သူ ဝမ်းသာအားရဖြစ်ပြီး ပြုံးပျော်သွားလိမ့်မယ်လို့ ထင်ထားတာ။ အခုတော့ ကြည့်ပါဦး။ ပပကို ကြည့်လိုက်တဲ့မျက်လုံးတွေက မလိုလားမှုတွေ အပြည့်နဲ့။ ဒေါသရောင်များပင် တောက်နေလို့ပါလား။

ပပ…



သူ့အကြည့်ကို ရင်မဆိုင်ရဲစွာ ခေါင်းငုံ့ချလိုက်မိသည်။ ဒီအခြေအနေရောက်မှတော့ ဘာတတ်နိုင်မှာလဲ။ သူပြောသမျှ ခံရတော့မှာပဲလေ။ လက်ထပ်ရဖို့က အဓိကမဟုတ်လား။ သူ ပပကို တကယ်ချစ်တယ်လို့ ပြောခဲ့ဖူးမှတော့ လက်ထပ်ကြရုံပဲ ရှိတော့တာပေါ့။ ကိုယ့်ရင်သွေးပဲလေ…သူ တာဝန်တော့ယူမှာပါ။

"မင်း တော်တော်တုံးတဲ့မိန်းမပဲ ပပ"

"ရှင်"

"ဒီလောက် တားဆေးတွေ ပေါနေတဲ့ခေတ်မှာ မင်း ဒီလိုမဖြစ်အောင် ကာကွယ်မထားတာ ငါ တကယ် အံ့သြတယ် သိလား။ မင်းက လည်မလိုလိုနဲ့ တော်တော်တုံးတဲ့ မိန်းမ၊ အ,တဲ့ မိန်းမ… အခု ဒီလိုဖြစ်လာပြီဆိုတော့"

"လက်ထပ်ကြရုံပဲရှိတော့တာပေါ့ ခေါင်ရဲ့"

"ဘာ"

"အမေ့"

အော်လိုက်တဲ့အသံကြောင့် ပပ လန့်ပြီး ကိုယ်လေးပင် ဆတ်ကနဲ တုန်သွားရလေ၏။

"လက်ထပ်ရမယ်…ဟုတ်လား"

"ဟုတ်တယ်လေ…ဒီအခြေအနေရောက်လာမှတော့ လက်မထပ်လို့မှ မရတော့တာ။ ခေါင်ပဲ ပပကို တကယ်ချစ်တယ်ဆို။ အခု ပပ လွယ်ထားရတာ ခေါင့်ရင်သွေးလေ။ ရင်သွေးလေး အတွက်…"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း ပပ"

"..............."

"အဲဒါပဲ ပပ…ယောကျ်ားလေးတွေက တကယ်ချစ်ပါတယ် ပြောတိုင်း ယုံတာကိုက မင်း အ,တာ။ လျှာမှာ အရိုးရှိတာမှ မဟုတ်ပဲ ကွ။ ဒီလိုပဲ ပြောနေကြတာကို ယုံစားပြီး ဘဝပါ ပုံအပ်တဲ့ မင်းလို မိန်းမမျိုးကို ငါ လုံးဝ အထင်မကြီးဘူး။ မင်း မှတ်ထား…ပပ၊ ယောကျ်ားဆိုတာ မိန်းမတွေနဲ့ပတ်သက်ပြီး မရရင် အရင်းရရင် အမြတ် လို့ သဘောထားကြတာ။ လူတိုင်းမဟုတ်ပေမယ့် ငါဆိုတဲ့ကောင်က လည်း အဲဒီစာရင်းဝင်ပဲ"

"ခေါင်"

"မင်း အစကတည်းက ငါ့အကြောင်း မသိခဲ့တာမှ မဟုတ် တာ။ မင်း အညှာလှယ်တာ မင်းထိုက်နဲ့မင်းကံပဲပေါ့"

"ခေါင် ဘယ်လိုပြောလိုက်တာလဲ"

"ဟား…ဟား…ဟား…ဟား"

"ခေါင်"

ခေါင်က ဟက်ဟက်ပက်ပက် ရယ်ပစ်လေသည်။ သူ့အတွက် လက်ထပ်ခြင်းဆိုတာ ငရဲတွင်းကြီးနှင့် သူ ဘယ်သောအခါမှ ဘယ်မိန်း ကိုမှ လက်ထပ်မှာမဟုတ်ပေ။ ဒါ ခေါင့်ရဲ့ဆုံးဖြတ်ချက်ပဲလေ။ အပြော ချိုပြီး ရုပ်ချောတဲ့သူ့အတွက် စိတ်အလိုဆန္ဒတွေ ဖြီးပြည့်စုံနေခဲ့တာ မဟုတ်လား။

ဖခင်စိတ် မမွေးနိုင်တဲ့အတွက်…



ရင်သွေးဆိုတာလည်း သူ့ဘဝမှာ အရေးမှမကြီးပဲလေ။ အနှောင် အဖွဲ့တွေ သူ မလိုချင်ပါဘူး။ ဒါကို လက်ထပ်ဖို့ ပြောလာတော့…

"ပပသည်းခံ…မင်း ရူးများနေလားကွာ။ မင်းထိပ်ခေါင် ဆိုတဲ့ကောင်က မင်းကိုမှရယ် မဟုတ်ဘူး။ တွဲမိတဲ့ မိန်းကလေးတိုင်း ကို ချစ်တယ်လို့ပဲ ပြောနေတာ ရိုးအီနေပြီကွ။ အဲဒီစကားက ငါ့ အတွက် အဓိပ္ပါယ်မှမဟုတ်တာ။ မင်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီး တာကိုး။ ငါ မင်းကို ချစ်သလို အခြားချစ်တဲ့ မိန်းကလေးတွေလည်း ရှိသေးတာပဲ။ ဒါပေမယ့် ငါ ဘယ်သူ့ကိုမှ လက်ထပ်မှာမဟုတ်ဘူး"

"ဟင်"

"မင်းကို ငါ လက်ထပ်လိုက်ရင် ကျန်တဲ့ချစ်သူဆိုတဲ့ မိန်းကလေးတွေအပေါ် ငါ မတရားရာကျသွားမှာပေါ့ကွ"

ပပရင်ထဲမှာ ဆစ်ကနဲ နာကျင်သွားခြင်းနှင့်အတူ ခေါင့်မျက်နှာ ကို မော့ကြည့်ရင်း ထရပ်လိုက်မိ၏။ မင်းကို တကယ်ချစ်တာပါ၊ လက်ထပ်မှာပါဆိုတဲ့စကားက ကိုယ်တစ်ယောက်တည်းကို ပြောခဲ့တာ မဟုတ်ဘူးတဲ့လား။ ကိုယ်ကတော့ ယုံစားပြီး ဘဝကို ပုံအပ်ခဲ့တာ လေ။

အခု…

ဒီစကားမျိုးပြောလာပြီဆိုတော့…ပပကိုယ်ဝန်အတွက် သူ တာဝန်မယူနိုင်ဘူးဆိုတဲ့သဘောပေါ့။ လလ သူ့ကို မယုံခဲ့တာတောင် ကိုယ်ကတော့ ကာကွယ်ပေးလို့။ သူကတော့ ကိုယ့်ဘဝကို သင်္ချိုင်း ချိုးရက်တယ်ပေါ့လေ။ ရင်နာလိုက်တာ။ ဒီလိုယောကျ်ားမျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးစာမပါလည်း နေပါစေလို့ နောက်ဆုတ်လိုက်ရအောင်ကလည်း... ကျုံ့နေတဲ့ခြေက နုတ်လို့မရတော့ဘူးလေ။ ဘာပဲဖြစ်ဖြစ် ကိုယ့် အရှက်နဲ့သိက္ခာအတွက်...

"အဲဒီလို ပစ်ပစ်ခါခါကြီးတော့ မပြောပါနဲ့ ခေါင်ရယ်... ပပလေ ခေါင့်ကို သိပ်ချစ်လို့ လိုက်လျှောခဲ့မိတာပါ။ ပပ အဲဒီလောက် ထိ လိုက်လျှောခဲ့တာ ခေါင့်ကို ချစ်လို့ပါ။ ခေါင် ပပကို မချစ်ရင် နေ...ရပါတယ်။ ပပဘက်က ချစ်နေခွင့်ရရင် ကျေနပ်ပါတယ် ခေါင် ရယ်...ပပအပေါ် အဲဒီလောက်အထိတော့ မရက်စက်ပါနဲ့နော်"

"ငါ စကားကို အဆုံးပြောပြီးပြီ ပပ...မင်းညှဲ့လို့ ဒီလိုဖြစ်ရ တာ ငါလည်း မတတ်နိုင်ဘူး"

"ခေါင်...အဲလိုတော့ တာဝန်မမဲ့ပါနဲ့"

"တာဝန်မဲ့တယ်လို့ ပြောရအောင် တာဝန်ယူမယ်လို့ရော ငါ ပြောခဲ့ဖူးလို့လား"

"ဒါဆို ပပက ဒီကလေးကို ဘယ်လိုလုပ်ရမှာလဲ"

"လွယ်ပါတယ်...ရှင်းရှင်းလေးပဲ"

"..........."

"ဖျက်ချပစ်လိုက်"

နားထဲကို မိုးကြိုးပစ်ချလိုက်သလို ယောင်ယမ်းကာ ပပ ခြေ တစ်လှမ်းပင် နောက်ဆုတ်သွားမိ၏။ သူက အဲဒီလိုလူလား။ ဒါ ကိုယ်ပဲ မိုက်မဲခဲ့တာပေါ့။ အဲဒီမိုက်မဲမှုအတွက်...

"ပြောရက်လိုက်တာ ခေါင်ရယ်...ဘာမှအပြစ်မရှိတဲ့ ရင်သွေး ကို အဲလိုလုပ်ပစ်ဖို့ဆိုတာ"

"ငါကမှ အလိုမရှိတာကွ"

ပပ မျက်ရည်တွေက သုတ်လို့မနိုင်အောင် စီးကျလာပြီး ရင်ထဲ မှာ မီးစနှင့် အထိုးခံနေရသည့်နှယ်။ မိုက်လိုက်တာဆိုပြီး ကိုယ့်ရင် ကိုယ်ခွဲပြီး ဆားသိပ်သေရမလား။ ပလီပလာ တီတီတာတာ စကား တွေကို ယုံခဲ့မိလို့ ခုတော့...ကိုယ့်ဘဝက သွားပြီ...ဖွတ်ထွက်နေတာ တောင် ဆွမ်းတော်တင်နေချင်တဲ့ မိန်းမ။

အခု ဘာလုပ်ရမလဲ။

တာဝန်မယူနိုင်ဘူးတဲ့။

"ပြောရက်လိုက်တာ ခေါင်ရယ်...ခေါင်...ပပ သိက္ခာ အတွက် နည်းနည်းတော့ ကိုယ်ချင်းစာပေးပါ။ ခေါင်...ပပကို လက်ထပ်ပါ။ ပြီးမှ ခေါင် ကွာရှင်းပေးဆို ပပ ကွာရှင်းပေးမယ်"

"မင်း ငါ့ကို အရူးမှတ်နေလား ပပ...မင်းလိုသာ ပြောကြ ကြေး...ငါကလည်း ကိုယ်ချင်းစာပေးခြင်းနဲ့ မင်းလိုပြောတဲ့ မိန်းကလေးတိုင်းကိုသာ ငါ လက်ထပ်ရရင် ရှင်ဘုရင်တွေလို တောင်နန်းစံ မြောက်နန်းစံတွေနဲ့ မင်းက ဘယ်နယောက်မြောက် ဖြစ်မယ်မှန်းတောင် သိမှာမဟုတ်ဘူး။ အဲဒီတော့ မင်းအတွက် ငွေမလို မှန်းတော့ သိပါတယ်။ ဒါပေမယ့် ဘယ်လောက်လိုချင်လဲ ပြော... မင်း ဗိုက်ထဲကကိစ္စကို ရှင်းပစ်လိုက်"

လူမဆန်လိုက်တာလို့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာ"

"မင်း ခုမှသိသလား"

"ငါ နောင်တရချိန် အချိန်နောက်ကျသွားခဲ့တယ်။ အေး... အခုနေတော့ နင် ပြုံးထားဦးပေါ့ မင်းထိပ်ခေါင်။ တစ်နေ့ မှုခိုးကနေ သားကောင်ဖြစ်တတ်တယ်ဆိုတာလည်း နင် မမေ့နဲ့။ နင် စောင့်ကြည့် နင့်ကို ငါ ဒုက္ခရောက်အောင် မြန်လုပ်ပြမယ်"

"ဟား...ဟား...ဟား...ဟား"

မင်းထိပ်ခေါင်က ရယ်ပြန်လေသည်။ အခုမှ သားကောင်ကို ရလိုက်တဲ့ မုဆိုးအတိုင်းပါပဲ။ ဒါပေါ့လေ..အခုချိန်မှာတော့ ပပက သားကောင်ဖြစ်နေတာကိုး။ သူ့ကို ချစ်မိတာကိုက ကိုယ်မှားတာ။

"နင် ဆက်မှတ်ထားလိုက်ဦး မင်းထိပ်ခေါင်"

"ဘာလဲ"

"နင်က အခုချိန်မှာတော့ ငါ့ဦးချို လှလှချောရဲ့လို့ မာန်မာနတက်နေတဲ့ ရွှေသမင်ပဲပေါ့။ အေး...ဦးချိုကို ချိုးငြိတဲ့အခါဆိုတာလည်း ရှိတယ်။အဲ ဒီအခါကျမှတော့ နင်..."

စကားစကို ဖြတ်ထားပြီးမှ...

"အရာရာတိုင်းမှာ တန်ပြန်သက်ရောက်မှုဆိုတာ ရှိတယ်"

"ငါကလည်း ဦးချိုကို ချိုမငြိအောင် ပြေးခဲ့တာ။ အခုချိန်ထိ ပဲလေ။ နင်က ငါ မောလို့ တစ်ထောက်အနားခံရတဲ့ ချိုစပ်က မြက်ခင်းပြင်တစ်ခုပဲ"

"တောက်"



ပပ...ရင်နာနာနှင့် ဒေါသကို မျိုသိပ်ပြီး လှည့်ထွက်ခဲ့တော့၏။ တာဝန်မယူနိုင်ဘူးတဲ့။ ကိုယ့်ဘဝက သွားပြီလေ။ အခုံးနဲ့အရှုံးနဲ့ပဲ လူလယ်ခေါင် မျက်နှာမပြရဲအောင် ဖြစ်တော့မှာ။ လိပ်လို ခေါင်းလျှိုထားလို့လည်းမရ။ စိတ်ကို အလိုလိုက်မိလို့ ရလာတဲ့ ရလဒ်ကတယ်ပြီး ပြင်းထန်ပါလား။

အဲဒါ ကိုးကွယ်ချင်ဦးလေ အချစ်။

ခုတော့...

ကိုယ့်အပျိုစင်ဘဝကို တန်ဖိုးမထားမိလို့ ဘယ်သူ့ကိုမှ မျက်နှာမပြရဲတွာနှင့် ကိုယ့်ဘဝကိုယ် အဆုံးသတ်ရမလား။

ဒါမှမဟုတ်...

ဒီကလေးကို သတ္တိရှိရှိမွေးပြီး သူ့အပေါ် လက်စားချေလိုခြင်းနဲ့ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်နိုင်းရမလားဆိုတာ...

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"အမိုက်မ"

"ဖြန်း"

"မိဘမျက်နှာကို အိုးမဲသုတ်ပြီး အရှက်ခွဲတဲ့ ကောင်မ…ကဲ"

"ဖြန်း"

"ကို…တော်ပါတော့"

"ဖေဖေ"

ဦးခိုင်မင်းတစ်ယောက် သိသိချင်း ရှက်လွန်းလို့ သမီးကို ပါးရိုက်ပစ်လိုက်တာပါ။ ဇနီးနဲ့သမီးငယ် ပြေးလာပြီးဆွဲပေမယ့် ဒေါသက အရှိန်လျှော့လို့ မရပေ။ ဆွဲနေတဲ့လူတွေလက်ထဲက ရုန်းထွက်ပြီး–





"အခု ပတ်ဝန်းကျင်ကို ငါ ဘယ်လိုမျက်နှာပြရမလဲ…ခွေးမ၊ ခွေးထက်မိုက်တဲ့ ကောင်မ…မိဘကို အရှက်ခွဲတဲ့ ကောင်မ"

"ဖြန်း"

"ကို…"

"ဖေဖေ"

"ယမင်း တောင်းပန်ပါတယ်…တော်ပါတော့"

"ဖယ်ကြစမ်း"

"မမ"

ဒေါ်ယမင်းက ဦးခိုင်မင်းကိုယ်ကြီးကို ဖက်ထားပြီး လဲလက သဲကျသွားတဲ့ မမကို ပြေးပွေ့ရလေသည်။ ဒီနေ့ ကမ္ဘာပြိုဖို့ ယိုင်တဲ့နေ့လားတော့ မသိပေ။ မိန်းကလေးတစ်ယောက်ရဲ့ဘဝ အရှက်တကွဲ အကျိုးနည်းစရာတွေနဲ့ ကြုံရပြီဆိုရင် ဖအေနဲ့မောင်တွေက အသက်ပေးပြီး ဖြေရှင်းကြတဲ့ သာဓကတွေ ဒုနဲ့ဒေးပါပဲ။

အခု…

ရှေ့ဆက် ဘာတွေဖြစ်ကြဦးမလဲ မတွေးရဲစရာပါ။ မိန်းကလေးသွေး မွေးထားတဲ့ ဖခင်မို့ ဦးခိုင်မင်း အစစအရာရာ ဆိုဆုံးမ၍ ညီးကာမ်းနဲ့ အုပ်ချုပ်ခဲ့တာပါလေ။ သမီးတွေကို ပိုင်းကောင်းကျောက်ဖိ ခြင်းဆေးချင်လွန်းလို့ ပါးစပ်က အမြဲထွက်လုမတတ် ပြောဆိုဆုံးမခဲ့တာသွေး…

အခု…

အလကားဖြစ်ကုန်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ရှက်တယ်…ငါ့မျက်နှာ ဘယ်သွားထားရမလဲ။ ငါ အရမ်းရှက်တယ်။ ငါ ဒီလောက် ဆိုးဆုံးမနေတဲ့ကြားက အခု ဘယ်လိုလုပ်ကြမလဲ…တောက်…သတ်ပစ်လိုက်တာပဲ ကောင်းပါတယ်ကွာ"

"ကို"

"တောက်"

"သတ်ပါ ဖေဖေရယ်…သတ်ပါ၊ သမီးသေမှ အေးမှာ။ သမီးကို သတ်ပစ်လိုက်ပါ။ ဒီအမိုက်မကို သတ်ကြပါ…အီး…ဟီး"

"သတ်မှာ…စိတ်ချ"

"ယမင်း ပြောပါရစေ…ကို…ပြဿနာတစ်ခုဖြစ်လာပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ ခုကိစ္စက ကျောက်သင်ပုန်းပေါ်မှာ စာရေးသလို ဖျက်ပစ်လို့ရတဲ့အရာမှ မဟုတ်တာ။ အေးအေးဆေးဆေး ဖြေရှင်းကြတာပေါ့။ ကိုယ်က မိန်းကလေးရှင်ဆိုတော့ ဒူးပဲထောက်ရထောက်ရ မင်းထိပ်ခေါင်ကို တောင်းပန်သင့် တောင်းပန်ရတော့မှာပဲလေ"

"ကွာ…တောက်"

ဦးခိုင်မင်းမှာ အံကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ဆုပ်ထားလျက်ပါ။ အမြဲတမ်း ဂုဏ်သိက္ခာပိုင်းနဲ့ပတ်သက်ပြီး လက်မထောင်လာခဲ့တဲ့ ဦးခိုင်မင်း။ အခု အဲဒီထောင်ထားတဲ့ လက်မကို ချိုးချပစ်ရတော့မှာ။ မျက်နှာကို ဓားနဲ့သာ လှီးပစ်လို့ရရင် ခုချက်ချင်းပဲ ကိုယ့်မျက်နှာကို ဓားနဲ့ လှီးပစ်ချင်လောက်အောင် ရှက်တာ။

"ဟုတ်ပါတယ် ဖေဖေရယ်…ပြဿနာတစ်ခုကို ဒေါသနဲ့ ဖြေရှင်းရင် မှားပြီးရင်း မှားပဲဖြစ်မှာပေါ့။ အောက်ကျို့တာတွေဘာတွေ





တွယ်ကပ်နေလို့ မရတော့ဘူးလေ"

"ကျွန်မ…ခေါင့်ကို သွားပြီးတောင်းပန်မယ်။ သစ္စာတို့ကိုလည်း အကျိုးအကြောင်း ပြောပြရမှာပေါ့။ ခေါင် လက်မခံရင်တောင် သစ္စာတို့က လူရမ်းကားတွေမှ မဟုတ်ဘဲ ကိုရယ်"

မျက်လုံးကို စုံမှိတ်ပြီး သက်ပြင်းချလိုက်တာ ကိုယ့်မာနကို သိက္ခာချလိုက်ခြင်းပါလေ။

"နော်…ကို"

"…………"

"သစ္စာတို့က ပြောလို့ရမှာပါ။ အိမ်နီးချင်းတွေပဲဥစ္စာ…သူတို့ ပစ်ပစ်ခါခါ မလုပ်လောက်ပါဘူး"

"မင်း…သွားစရာမလိုဘူး၊ ငါ သွားမယ်"

"ကို"

"ငါ…ခေါင့်ကို အေးအေးဆေးဆေးပဲ တောင်းပန်မှာပါ။ ငါ့သမီးအတွက် ဖခင်ကောင်းပီပီ ငါ့သိက္ခာ၊ ငါ့မာနတွေကို ချိုး…"

အသံက တုန်သွားသဖြင့် စကားက ရှေ့ဆက်ထွက်မလာပေ။ ဘဝဖျက်တာထက် မာနဆေးစက်ပြန့်တင်ရင် အသစ်ပြန်ဖြစ်လာနိုင်သေးတာပဲ။ လောလောဆယ် အဖို့မှာတော့ အမိုက်မရဲ့ အရှုပ်တော်ပုံ ရှင်းသွားရေးအတွက် သားမက်ဖမ်းရတော့မှာပဲပေါ့။

"ကို…သွားလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

"ယမင်းလည်း လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မလိုက်ခဲ့နဲ့…ငါ ဒီပြဿနာကို ပြေလည်အောင် ရှင်းမှာပါ။ အများပတ်ဝန်းကျင်အလယ်မှာ လက်ညှိုးပေါင်းများစွာ အထိုးခံရတာထက်စာရင် မင်းထိပ်ခေါင်တစ်ယောက်တည်းရှေ့မှာ ငါ ဒူးထောက်မယ်"

ပြောပြီး ဦးခိုင်မင်း အပေါ်ထပ်သို့ တက်သွားလေ၏။ ပြီးမှ ပြန်ဆင်းလာကာ တစ်ဖက်ခြံသို့ ကျသွားလေသည်။ ကိုယ့်သိက္ခာ၊ ကိုယ့်တန်ဖိုး မထားတဲ့သမီးကြောင့်…သူတို့သိက္ခာတွေကရော ဒီတစ်ခုရရင် တော်ပြီလို့ လိုက်ဆယ်လို့မှမရတာ။

ရှားတစ်ချောင်းကြောင့်…

အုတ်တစ်သောင်းပျက်ရတယ်ဆိုတာ ဒါမျိုးပေါ့လေ။

❀❀❀





# အခန်း (၁၆)

မင်းထိပ်ခေါင် ဖိနပ်ကို ငုံ့ပြီး ကြိုးချည်နေစဉ် ကိုယ့်ရှေ့မှာ ခြေတစ်စုံ ရပ်လာတာကြောင့် မော့ကြည့်လိုက်တော့–

"မင်းထိပ်ခေါင်"

ခေါ်လိုက်တဲ့လေသံက အေးစက်စက်ပါ။ မျက်ဝန်းတွေကလည်း အေးစက်စက်နှင့်ပါပဲ။ ဦးခိုင်မင်းက သူ့ကို ဘယ်တုန်းကမှ ကြည့်ရခဲ့သူ မဟုတ်ပေ။ အခု ကိုယ့်ရှေ့ကို ရောက်လာပြီဆိုတော့ မင်း လွှန့်ကာနဲ့ ပြုံးလိုက်မိ၏။ မာနမင်းသားကြီးဦးမင်းခိုင်…သူ့သမီးနဲ့ အသက်ပြီး ရောက်လာလေသလား။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ စကားပြောချင်တယ်"

"ဗျာ"

"အေးအေးဆေးဆေးပေါ့"

"ကျွန်တော် အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်။"

"မဟုတ်ပါဘူး…မင်း အိပ်မက်မက်နေရင်တောင် အခုချိန်မှာ ငါက စိတ်ရှည်လက်ရှည် ထိုင်စောင့်နှိုးပေးရမယ့်ကောင် ဖြစ်နေပါပြီ"

မင်းထိပ်ခေါင် မျက်မှောင်ကြုတ်သွားပြီး-

"အန်ကယ်…ဘာကို ပြောချင်တာလဲ၊ ကျွန်တော် မသိဘူး ဖြစ်နေတယ်"

"မင်း အိပ်ချင်ယောင်ဆောင်မနေနဲ့…မင်းထိပ်ခေါင်၊ မင်း သိနေမှာပါ။ ငါ ဘာကြောင့် မင်းဆီကို ဒီလိုရောက်လာရတယ်ဆိုတာ မင်းနဲ့ပပကိစ္စ…"

"ဪ…သိပြီ"

သိပြီဆိုပြီး ထရပ်လိုက်တဲ့ မင်းထိပ်ခေါင်ရဲ့ပုံစံက မချိုမချဉ်။ မိဘတွေ မဆိုမဆုံးမလို့မဟုတ်ဘဲ ဗီဇကိုက မကောင်းစွာ မိဘစကားကို နားမထောင်တတ်ခဲ့သူဆိုတော့ သူများမိဘကို ရိုသေလေးစားဖို့ဆိုတာ ဝေလာဝေးစွပေါ့။ အခု သူ့မိဘတွေဆိုရင်လည်း သူ့ကို လက်မြှောက်ထားတာလေ။

နေချင်သလိုနေတော့ဆိုတာမျိုးပေါ့။

သူ့ခံယူချက်က သူများနဲ့မှမတူ။ အိမ်ထောင်ပြုဖို့ အိမ်ထောင်မှု[illegible]တွေကို ထမ်းဆောင်ရမှာကိုပဲ သေမလောက်ကြောက်နေတာ။

ပြီးတော့…

အိမ်ထောင်ကျခြင်းသည် ဘဝဆုံးသွားခြင်းလို့ သတ်မှတ်တာ။

"သိပြီဆိုရင်လည်း မင်းကို ငါ တောင်းပန်ပါတယ် မင်းထိပ်ခေါင်…ပပရဲ့အခြေအနေကို မင်း သိနေပြီပဲ။ မင်း ပပကို လက်ထပ်[illegible]ပါ။ ငါ ဖအေတစ်ယောက်အနေနဲ့ ဒီစကားတွေ မပြောချင်ဘူး။ [illegible]သေမယ့် မင်း အသက်ကြီးလို့ သမီးမွေးထားတဲ့ ဖအေနေရာကို [illegible]ရင် ငါ့ကို ကိုယ်ချင်းစာတတ်လာမှာပါ"

"ဖအေ…ဟုတ်လား"

"………………"

"အဟွန်း…ကျွန်တော်က သူများတွေနဲ့ မတူဘူး အန်ကယ်ရဲ့။ [illegible]နေ့ ဝင့်တွေ အတုံ့အလှည့်တွေ ရှိလာမှာစိုးလို့ ဘယ်သားသမီးရဲ့ [illegible]မှ အဖြစ်မခံချင်တာ။ အဲဒါကြောင့် ဘယ်မိန်းမကိုမှလည်း [illegible]ယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး"

"ဘာ"

"ပျော်ပျော်နေသေခဲ့ဆိုတဲ့အတိုင်း ကျွန်တော်က လွတ်လွတ်[illegible]ပ်လပ် ပျော်ပျော်ရွှင်ရွှင်ပဲ နေချင်တာ"

တက်ခေါက်ပြီး ခွေးစကားမပြောနဲ့လို့ အော်ပစ်လိုက်ချင်ပေ[illegible] ဦးနိုင်မင်း သမီးအတွက် ဒေါသကို မျိုသိပ်လိုက်ပါသည်လေ။ [illegible]တို့ အရှက်နဲ့ဂုဏ်သိက္ခာအတွက် သားမက်လောင်းရှေ့မှာ ဒူးထောက်[illegible] ယောက္ခမအဖြစ် ရာဇဝင်တွင်ချင်လည်း တွင်ပါစေတော့။







www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့စရိုက်ကို အန်ကယ် သိပါတယ် မောင်ထိပ်ခေါင်…သမီးကိုသာ လက်ထပ်မယ်ဆိုရင် မင်းရဲ့ကောင်းကွက်ဆိုးကွက်အားလုံးကို အန်ကယ်တို့ လက်ခံပါ့မယ်။ လွန်ခဲ့တာကိုလည်း အပြစ်မပြော ချင်တော့ပါဘူး။ လက်ရှိအခြေအနေကနေ လူမြင်တင့်တယ်အောင်လို့ မင်း ပပကို လက်ထပ်ပါ။ ပြီးမှ မင်းသဘောပဲ…ပပကို တစ်ရက် တည်းပဲပေါင်းပေါင်း…"

"ခင်ဗျား…ရူးနေလား ဦးခိုင်မင်း"

"ဟင်"

အန်ကယ်တောင် မခေါ်တော့တဲ့ ဦးခိုင်မင်းတဲ့။ မိန်းကလေးတွေနဲ့ စကားပြောရင် နှုတ်ချိုသလောက် ခုကျတော့ မသေခင်က ပုပ်ပြီး လောက်တက်ခံရမယ့် ပါးစပ်နဲ့ပါလား။

"ဝါးပင်က ဝါးသီးသီးရင် ဘဝဆုံးသွားတတ်သလို ငှက်ပျောပင်လည်း အသီးသီးရင် ဘဝဆုံးတာပဲ။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း အဲဒီအပင်တွေလိုပဲ။ အိမ်ထောင်ပြုသွားရတာနဲ့ ဘဝဆုံးပြီလို့ သတ်မှတ်ထားလို့ ကျွန်တော့်တစ်သက် ဘယ်မိန်းမကိုမှ လက်မထပ်ပါဘူး"

"ဘာ"

"ကျွန်တော်ပြောတာ ရှင်းရှင်းလေးပါ။ အိုးဖွင့်ပေးတဲ့သူက ဖွင့်ပေးရင် နှိုက်စားတဲ့သူကလည်း စားမှာပဲ။ တာဝန်တွေ၊ ဝတ္တရားတွေ မပြောနဲ့…နားမလည်ဘူး။ ကျွန်တော်နဲ့ အဲဒီလိုမကင်းကြတိုင်းသာ လက်ထပ်ရရင် အခုချိန်မှာ အန်ကယ့်သမီး ဘယ်နှယောက်မြောက်





ဖြစ်မယ်မှန်းတောင် မသိဘူး"

"ခွေးစကားမပြောနဲ့ ခွေးသား"

ဒီတစ်ခါတော့ ဘယ်လိုမှ သည်းမခံနိုင်တော့တာမို့ ဦးခိုင်မင်း ဒေါသတကြီး ဆဲလိုက်တာဖြစ်၏။ ဖအေတစ်ယောက်ရှေ့မှာ ပြောနေတာ ပက်ပက်စက်စက်ပါ။ မထူးတော့ပါဘူး။ ဒီကောင်မျိုးကို သတ်ပြီး ကြိုးစင်တက်လိုက်တာမှ ကောင်းဦးမယ်။ သူများသားမျိုး သမီးပျိုတွေကို ဒုက္ခပေးနေတဲ့ကောင်…အလကား ဆန်ကုန်မြေလေး။

ကိုယ်ကတော့…

ကိုယ့်ဘက်ကလူ အသုံးမကျတာအတွက် တောင်းပန်ခယနေတာ။ ဒါကိုပဲ ပြောနေတာ မညာမတာပါ။

"လူယုတ်မာ…မင်းက လူစိတ်မရှိတဲ့ ခွေးပဲကွ"

"အခု အဲဒီခွေးရှေ့မှာပဲ အန်ကယ် တောင်းပန်ခယနေရတာပဲ မဟုတ်လား။ ဆောရီးပါ…အန်ကယ် ကျွန်တော့်ရှေ့မှာ တစ်နေကုန် ဒူးထောက်မယ်ဆိုရင်တောင် ကျွန်တော် အန်ကယ့်သမီးကို လက်မထပ် နိုင်ပါဘူး"

"တောက်"

လက်သီးက ကျစ်သထက်ပိုကျစ်သွားလေ၏။

"အဲဒီအတွက် ကျွန်တော့်ကို အပြစ်မတင်ပါနဲ့။ ပြောတိုင်းယုံပြီး အညာလွယ်တတ်တဲ့ ခင်ဗျားသမီးကိုပဲ အပြစ်တင်ပါ။ မင်းထိပ်ခေါင်ဆိုတဲ့ကောင်က ယုတ်မာပေမယ့် စည်းနဲ့ကမ်းနဲ့ပဲ ယုတ်မာတာ။ အတင်းအဓမ္မဆိုတာမျိုး ဘယ်တော့မှ အကြမ်းမဖက်ဘူး…



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တယ်နော်"

နွားမ…အိမ်က နွားမကိုပါ သတ်ပစ်ရမှာ။ အခု သူ့မှာ ပြန်ချေပဖို့ စကားလုံးတောင် မရှိတော့ပြီ။ သူ့ကြောင့် ရှုံးပြီးရင်း ရှုံးခဲ့ တာ မာန၊ သိက္ခာ၊ ဘဝ…အားလုံးပါပဲ။ မိန်းကလေးဆိုတာ ဖက်တ မို့ ထိန်းသိမ်းဖို့ ကိုယ်မသင်ခဲ့၊ မခုံးမခဲ့တာလည်း မဟုတ်ဘဲနဲ့။ ကို တာဝန်ကျေအောင် တောင်းပန်ပြီးပြီ။

တောင်းပန်လို့မှ မရတော့…

မောင်းပြန်ချမယ့် တန်ပြန်ရလဒ်ကတော့ အခု မျက်နှာချင်း ပြီး ရပ်နေတဲ့ နှစ်ယောက်ထဲက တစ်ယောက်မရှိမှဖြစ်မှာ။ ဒါကြော ဂျာကင်ထပ်ဝတ်လာပြီး ခါးကြားမှာ ထိုးလာတဲ့ ဓားကို လက် စမ်းမိလိုက်ပြီး…

"မင်းက နှမချင်း ကိုယ်ချင်းမစာတတ်တဲ့ကောင်"

"ကျွန်တော့်မှာ နှမမှ မရှိတာ…မဆန်းပါဘူး"

"ဒါပေမယ့် မင်းကို မွေးထုတ်ထားတဲ့ မအေကတော့ မိန်း ကွ"

"ဘာဗျ"

စကားထဲမှာ ကိုယ့်မေမေကို ထည့်ပြောလာတော့ မခံနိုင် ဖြစ်သွားမိ၏။ ဒါပေမယ့် ကိုယ့်မေမေက အသက်ကြီးနေပြီပဲဥ ဘာဖြစ်စရာရှိတာမှတ်လို့။ ပြီးတော့ မိန်းမချင်း အတူတူဆိုပေမ ကိုယ့်ဘဝကို တန်ဖိုးထားတတ်သူနဲ့ တန်ဖိုးမထားတတ်သူက သေးတာပဲလေ။



ဘယ်လောက်ပဲချစ်ချစ်…

ကိုယ့်ဘဝကို တန်ဖိုးထားတတ်တဲ့ မိန်းကလေးတွေကျတော့ သိက္ခာအတွက် နှလုံးသားကိုသာ စတေးကြတာပဲဥစ္စာ။

"မင်းကို ငါ နောက်ဆုံးမေးမယ်"

"……………"

"မင်း ငါ့သမီးကို လက်ထပ်မှာလား…လက်မထပ်ဘူးလား"

"လုံးဝ…လုံးဝ လက်မထပ်နိုင်ဘူး"

လုံးဝဆိုကတည်းက ဦးခိုင်မင်းလက်က လှုပ်ရှားသွားပြီး-

"လူစိတ်မရှိတဲ့ကောင်"

"ခွပ်"

"အား"

"အယုတ်တမာကောင်"

"ခွပ်"

"အား"

"သေစမ်း…သေစမ်း"

ခေါင့်ရင်ဝကို ဓားနှင့်ထိုးပြီး ဦးခိုင်မင်း ခေါင့်ကိုယ်ကြီးကို တွန်းပစ်လိုက်၏။ လဲကျသွားတဲ့ ခေါင်…ဦးခိုင်မင်းကို အံ့သြစွာ ကြည့်ရင်းပဲ ဘာစကားတစ်ခွန်းမျှ ပြန်မဆိုနိုင်တော့ချေ။ ဦးခိုင်မင်းက သူ့ကို မီးလောင်ပြာကျဖြစ်စေသော်ဆိုတဲ့ မျက်လုံးများနှင့် ကြည့်နေခဲ့ ရှာပဲ…

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ခေါသစ္စာဖြိုး အပြင်ထွက်လာတာနှင့်တိုးပြီး သားအဖြစ်ကို ဒွင်လိုက်ရတော့…

"သား"

"…………"

"အမယ်လေး…သား"

ဦးခိုင်မင်း ဓားကို ဆွဲနုတ်ပြီး ဘယ်သူ့ကိုမှ မကြည့်ဘဲ လှည့်ထွက်လာခဲ့တော့သည်။ လုပ်ရဲရင် ခံရဲရမှာပေါ့။ ဓားကို ကျစ်ကျစ်ဆုပ်ပြီး သူ့ခြေလှမ်းတွေ ဦးတည်ရာသည် သက်ဆိုင်ရာဆီ သို့လေ။

သမီးအတွက်…

ပေးဆပ်ရသည့် ဖခင်တစ်ယောက်ရဲ့သတ္တိက အဲဒီလိုဆိုတာ…

❀❀❀





## အခန်း (၁၅)

"ဘာ…ကိုက ခေါင်ကို ခေါင်ကို ဓားနဲ့ ထိုးသတ်လိုက်တယ်…ဟုတ်လား"

မောင်စိုး အပြေးတစ်ပိုင်းနှင့်ဝင်လာပြီး အမောတကောနှင့် ပြောလိုက်တဲ့စကားက လလတို့သားအမိ ရင်ကို ငရဲမီးနဲ့ အပက်ခံလိုက်ရသလိုပါပဲ။ ထွက်သွားတုန်းက အေးအေးဆေးဆေးပါပဲ။ ဒူးထောက်ပြီးပဲ တောင်းပန်ရ…တောင်းပန်ရတဲ့။ အခုတော့ ခေါင်ကို သတ်လိုက်ပြီဆိုတော့…

"ဘုရား…ဘုရား…ဒုက္ခတော့ ရောက်ကုန်ပြီထင်ပါရဲ့"

"ဟုတ်ရဲ့လား…ဦးစိုးရယ်"

ခေါ်ယမင်းလှိုင် ရင်ဘတ်ဖိရင်း ဘုရားတ,ကာ မဟုတ်ပါစေနဲ့ သို့ ဆုတောင်းပေမယ့် မောင်စိုးက ခေါင်းညိတ်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမကြီးရဲ့…အခု ဆရာက သူ့ဘာသာသူ အဖမ်းခံမယ်ဆိုပြီး…သွားပြီ။ ဟိုကောင်ကလည်း သေမှာကျိန်းသေတယ်"

"အမယ်လေး"

"မေမေ"

"အမိုက်မ…အဲဒါ ဟိုအမိုက်မကြောင့် ဖြစ်ရတာ…ကိုယ်ကျိုးတော့နည်းကုန်ပါပြီ"

"မေမေ"

မေမေ တစ်ခုခုဖြစ်မှာစိုးလို့ လလ ထိန်းပေးလိုက်စဉ်မှာပဲ…

"ဘယ်မှာလဲ…ဟိုအမိုက်မ…သူ့ကိုပါ သတ်ပစ်ဖို့ကောင်းတာ…အမိုက်ကာစ ပြသာဒ်မီးလောင်…ဒင်း…မီးမွေးတာ…ဒင်းဖြိုဟ်မွေတာ…ဖြိုဟ်မ"

"မေမေ"

ဒေါ်ယမင်းလှိုင် မျက်ရည်တွေလည်းကျ…သမီးကြီးကိုလည်း ဒေါသဖြစ်ကာ လှည့်ထွက်သွားတဲ့ ခြေလှမ်းတွေက ထဘီအောက်နားပင် ကွဲထွက်လုမတတ်ပါပဲ။ လလ…မေမေ…မမကို တစ်ခုခုလုပ်မှာစိုးတာနှင့် မေမေ့နောက်သို့ ထပ်ကြပ်မကွာ လိုက်လာခဲ့ရတော့သည်။

"မေမေ…မမကို ဘာလုပ်မလို့လဲ"

"ဖြိုဟ်မကို သတ်ပစ်မလို့"

ပြောရင်း ဒေါသနှင့် အခန်းတံခါးကို ဆောင့်တွန်းပစ်လိုက်ရာ–

"ဒုန်း"



တံခါးက အလွယ်တကူ ပွင့်သွားပြီး အခန်းထဲကို ကြည့်လိုက်တော့–

"ဟင်"

"အမယ်လေး"

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် သားအမိနှစ်ယောက်စလုံး ရင်ဘတ်ဖိမိရသည့်အဖြစ်ပါ။ ကုတင်ပေါ်မှာ ပပကိုယ်က ဆန့်ဆန့်ကြီးဖြစ်နေပြီး လက်ကကတ္တဲလောင်းကျနေလို့ပါ။ ကြမ်းပြင်မှာ ပြန့်ကျဲနေတာက အိပ်ဆေးပုလင်းဆိုတော့…

"မမ"

"သမီးကြီး"

ဒေါသနှင့်လာခဲ့သူက အခုတော့ သမီးကြီးဆီ အပြေးသွားလို့ ပွေ့ထူလိုက်ကာ–

"သမီးကြီး…အမယ်လေး…ကယ်ကြပါဦး"

"မမ"

"အီး…ဟီး"

အဲဒီနေ့တ လလတို့မိသားစု ကမ္ဘာပျက်တဲ့နေ့ပါပဲ။ ဒီသာယာချမ်းမြေ့ခဲ့တဲ့ ကမ္ဘာလေးက မင်းထိပ်ခေါင်ဆိုတဲ့လူကြောင့် ပျက်စီးခဲ့ရတာပါ။

ဒါကြောင့်…အဲဒီနေ့ကစလို့ လလရင်ထဲမှာ အမုန်းမီးတွေ တောက်ခဲ့တာ ယနေ့ထက်ထိ တဟုန်းဟုန်းနှင့်ပါလေ။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

လလမျက်ဝန်းမှာ မျက်ရည်တွေကျနေတာတောင် ကိုယ့်ကိုယ်ကိုယ် မျက်ရည်ကျမိမှန်း သတိမထားမိပေ။ မမဓာတ်ပုံကိုကြည့်ရင်း အတိတ်ကို သတိရနေမိတဲ့ အတွေးစတွေက ဘယ်လောက်တောင် ရှည်လျားသွားလဲ မသိတော့ပါဘူး။

"သမီး"

"..........."

"သမီး"

"............"

"ဟဲ့...သမီး"



"အင်...ရှင်...ဩော်...မေမေ"

ဒေါ်ယမင်းလှိုင် မျက်ရည်တွေကျနေတဲ့ သမီးကိုကြည့်ပြီး ပခုံးကို လှုပ်ခေါ်လိုက်တော့မှပဲ လလ သတိဝင်ပြီး ကမန်းကတန်း မော့ကြည့်လေလျှင်...

"သမီး ငိုနေတယ်"

"ရှင်"

"ဘာဖြစ်လို့လဲဟင်...သမီး...မေမေ့ကို ပြောစမ်းပါ။ မေမေ စိုးထိတ်လိုက်တာကွယ်"

လလ ခုမှပဲ ကိုယ်ငိုနေမိပါလားလို့ မျက်ရည်ကို သုတ်လိုက်ရင်း...

"ဘာမှမဖြစ်ပါဘူး မေမေ...သမီး မမကို သတိရမိသွားလို့ပါ"

"ဩော်"

လလစကားကြောင့် ဒေါ်ယမင်းလှိုင်လည်း သမီးကြီးဓာတ်ပုံကို မော့ကြည့်မိလျက်သား ဖြစ်သွားလေ၏။ ဒီဓာတ်ပုံကို ဒီဧည့်ခန်းမှာချိတ်ပြီး နေ့စဉ်နဲ့အမျှ အမှုန်းမီးတွေကို မငြိမ်းရအောင် လောင်စာထိပ်ထည့်ပေးနေခဲ့တာပဲလေ။ ဘယ်သူပဲ မှားခဲ့...မှားခဲ့...

နောက်ဆုံး အဖြေကတော့...

မိန်းမသားဆိုတာ ကိုယ့်အရှက်နဲ့သိက္ခာကို တန်ဖိုးထားရမည်။ ယောကျ်ားတစ်ယောက်ကို ဘယ်လောက်ပဲချစ်ချစ်၊ ဘဝပုံအပ်တဲ့အထိတော့ မဖြစ်သင့်ကြောင်း...တစ်ကမ္ဘာလုံးက မိန်းကလေးတွေ ဥပဒေ

www.burmeseclassic.com



တတ်ကြပါစေ။

"မေမေလည်း သတိရတာပေါ့ သမီးရယ်။ သမီးငယ်လည်း အိမ်ထောင်ပြုရမယ့်အရွယ်ရောက်ပြီဆိုကတည်းက မေမေ စိတ်ပူခဲ့ရတာ။ ခုတော့ စိတ်အေးရတော့မှာပါ"

"သမီးက အချစ်ကို မကိုးကွယ်ပါဘူး မေမေ"

"မေမေ သိပါတယ်"

"သမီး မေမေတို့စကားကို နားထောင်မှာပါ။ ဒါကြောင့် ကိုကျော်စွာကို လက်ခံနိုင်ဖို့ သမီး ကြိုးစားနေပါတယ်။ မိဘစကား နားထောင်တဲ့အတွက် သမီးရဲ့အိမ်ထောင်ရေးလည်း ကံကောင်းမယ်လို့ သမီး ယုံကြည်ထားပါတယ်"

"ဝမ်းသာလိုက်တာ သမီးရယ်…မေမေ ဝမ်းသာလိုက်တာကွယ်"

ဒေါ်ယမင်းလှိုင် သမီးလက်ကလေးကို ထွေးဆုပ်ရင်း မျက်ရည်တွေ ကျလာမိ၏။ တစ်ပင်တည်းမှာပေမယ့် အသင်းကွဲနေတဲ့ တစ… ပင် ဥပမာလို အရွက်ကခါးပေမယ့် အပွင့်ကတော့ မွှေးပါတယ်လေ… အဲဒီလိုပါပဲ…တစ်မိတည်းက မွေးထားတဲ့ ညီအစ်မအရင်းပေမယ့်…

လနတ်သမီးက…

သူ့သိက္ခာကို တန်ဖိုးထားပြီး ထိန်းသိမ်းနေထိုင်တတ်သူ။ အချို့တွေ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာမျိုး သမီးကြီး… ဖြစ်လေမလားလို့ သမီးငယ်ကို ကြည့်တဲ့မျက်လုံးတွေက အထင်သေး… မှုတွေနဲ့ပါ။





"ဒီနေ့လည်း သမီး…ကောရာမ်နဲ့ ပြဿနာဖြစ်ခဲ့သေးတယ် မေမေ…ဒီကောင် လူပါးဝတာ"

"ဟင်"

"ဘယ်ရမလဲ…သမီးလည်း သူ့ကို ပါးရိုက်ပစ်ခဲ့တာပေါ့"

"ဘာဖြစ်ကြတာလဲ သမီး"

ဖြစ်ကြတိုင်း ကိုယ့်သမီးက အနိုင်နဲ့ပိုင်းသူမို့ ဒေါ်ယမင်းလှိုင် …နှပ်စွာ ပြုံးရင်း မေးလိုက်တာပါ။

"ကိုကျော်စွာနဲ့သမီး ကားရပ်လိုက်တဲ့အချိန်မှာ သူက ရပ်ထား…ကားကို ဝင်တိုက်တာ မေမေ"

"ဘုရား…ဘုရား…ဘာတွေဖြစ်သွားသေးလဲ သမီး"

"ကားပဲ နည်းနည်းပါးပါး ထိခိုက်သွားတာပါ မေမေ… …ကျော်စွာကလည်း သမီး ရှင်းမယ်ဆိုလို့သာနေတာ…အဲဒီကောင် … ဘာပြောတယ်ထင်လဲ"

"သူက ဘာပြောလဲ"

"အပွန်း"

ရယ်သလိုအသံ ထွက်သွားပေမယ့် နှုတ်ခမ်းကတော့ မဲ့လိုက်…ပါ။ အခုပြန်တွေးရင် အခု ဒေါသဖြစ်ဖို့ကောင်းတာ။ အခုထိ …နေသေးတဲ့ လက်ဖဝါးကို ပွတ်လိုက်ရင်း…

"ကားတစ်စီးလုံးတောင် ဝယ်စီးနိုင်ပြီး…ခြောက်ဖြီးလေး …ကိုက်မိတာနဲ့ အဲဒီလောက် မျက်စိမျက်နှာပျက်မသွားစမ်းပါနဲ့ဗျာ …တိုက်တဲ့လူကရော လျော်နိုင်တဲ့အရည်အချင်းရှိတယ်လို့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မတွေးမိဘူးလားတဲ့လေ"

"*အောင်မာ…ဒင်းက လူပါးဝလို့*"

"ဟုတ်တယ် မေမေ…သူ လူပါးဝလို့ သမီး ပါးရိုက်ပစ်ခဲ့တာ"

"ကောင်းတယ်…သိပ်ကောင်းတယ် သမီး။ ဖြစ်နိုင်ရင် မေမေက သူတို့တစ်မိသားစုလုံးကို ဒေးတုံးတုံးနဲ့ မသေမချင်း မွှန်းသတ်ချင်တာ။ ဥပဒေဆိုတာ ရှိနေလို့သာပေါ့"

"သားအမိတွေ ဘာတွေ မကျေမနပ်ဖြစ်နေကြတာလဲ"

"ဩ…ကို"

ဦးခိုင်မင်းက အပေါ်ထပ်ကို ဆင်းလာရင်း လှေကားရင်း အရောက်မှာ လှမ်းမေးလိုက်ခြင်းပါ။ သားအမိတွေ ပြန်မဖြေဘဲ ဦးခိုင်မင်း ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်မှပဲ…

"သမီးနဲ့ကောရာစ်ပြဿနာ ဖြစ်လာလို့တဲ့…ကို"

"ဟင်"

"သူက သမီးနဲ့မောင်ကျော်စွာ စီးသွားတဲ့ကားကို နောက်ကနေ ဝင်တိုက်တာတဲ့။ ဒါ…သက်သက်ရန်စတာပဲ။ အဲဒါကြောင့် သမီးက ပါးရိုက်ပစ်ခဲ့တာတဲ့"

"ဟုတ်လား…သမီး"

"ဟုတ်တယ်…ဖေဖေ"

ဦးခိုင်မင်း သက်ပြင်းသာချလိုက်မိတော့၏။ ဒီရန်ပြီးရန်စတွေ ဘယ်တော့မှ ပြေကြမှာလဲ။ သူ့ဘက်ကိုယ့်ဘက် ဆုံးရှုံးမှုတွေ ရင်မှာ





ဒိက်ပြီး မီးတွေ တောက်လောင်နေကြတာ။ ကိုယ့်ရင်ထဲမှာတော့ မီးတွေငြိမ်းနေပါပြီလေ။ ကိုယ်ပြုခဲ့သည့်ကံအတွက် ကိုယ်ပြန်ခံခဲ့ရသည့်နောက်ပိုင်း သူ သိခဲ့တာသည်…

ဒေါ်သရှေ့ထားရင် မှားတတ်တယ်ဆိုတာပါပဲ။

သင်ခန်းစာဆိုတာ သူများပို့ချတာကို မှတ်သားရတာထက် ကိုယ်တိုင် မှားဖူးကြုံဖူးတော့မှ ပိုပြီး သိရတာပါ။

"ရန်ကိုရန်ချင်း မတုံ့နှင်းပါနဲ့တော့ သမီးရယ်…ဒေါသဆိုတာ မီးနဲ့ အတူတူပါပဲ"

"ဟင်"

"တစ်ဖက်နဲ့တစ်ဖက် ဒေါသတွေနဲ့ တုံ့ပြန်နေရင် ဒီမီးတွေ ဘယ်တော့မှ ငြိမ်းမှာလဲ။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာစမြဲပါ။ ကိုယ်စိုက်ရင် စိုက်တဲ့အပင်က အသီးပဲ ကိုယ်ပြန်စားရမှာပေါ့။ သူများ ရင်ထဲကမီးကို မငြိမ်းသတ်နိုင်ရင်တောင် ကိုယ့်ရင်ထဲကမီးကို မေတ္တာတရားနဲ့ ငြိမ်းသတ်လိုက်ကြပါတော့"

သားအမိနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်သွားကြလေ၏။ အရင်က ရင်းနှီးခဲ့ရတာအတွက် ထွက်လာတဲ့ အမြွက်အစွန်းက ဒီလိုစိတ်၊ ဒီလိုစကားတွေတဲ့လားလေ…။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ကိုယ့်ခြံထဲကနေပဲ ကေရာစ် ကုံကော်ပင်ကြီးကို လှမ်းမျှော်နေမောရင်း ပါးကိုပဲ လက်နဲ့စမ်းမိလိုက်သည်။ ကိုယ့်ပါးက သူ့လက်ဝါးနဲ့ရိုက်ဖို့ပဲ ဖြစ်တည်လာခဲ့သလား။ ရိုက်ပါ လလ…နင်ရိုက်လို့ ငါ့ပါးနာတာကို ငါ ခံနိုင်ရည်ရှိပါတယ်ဟာ…နင့်လက်ကလေး နာသွားမှာကိုပဲ ငါက စိုးရိမ်တာပါ။

ဟို…အရင်ငယ်ငယ်က…

ဒီကုံကော်ပင်ကြီးအောက်မှာ အတူကစားခဲ့တဲ့ နေ့ရက်တွေကို သတိရလိုက်တာ။ အဲဒီတုန်းကတော့ နင့်ရင်ထဲမှာ ဘာအငြိုးအတေးမှ မရှိခဲ့ဘူးနော်။





ကိုကို…

ကိုကို သိပ်ရက်စက်တယ်ဗျာ။ အခုလို မိသားစုနှစ်ခုကြားမှာ အမုန်းမီးတွေ တောက်လောင်လာအောင် မီးမွှေးပေးခဲ့တာ ကိုကိုပဲ။

"အစ်ကိုလေး"

"…………….."

"အစ်ကိုလေး"

"ဟင်"

သူ လှည့်ကြည့်လိုက်တော့ သွယ်စင်ပါ။

"အစ်ကိုလေး ဘာလုပ်နေတာလဲ။ အပြင်မှာ အေးတယ် အစ်ကိုလေးရဲ့"

"ရပါတယ်…ငါ နေနေကျပါ"

"အနွေးထည်လည်း မဝတ်ဘူး။ သွယ်စင် သွားယူပေးမယ်နော်"

"နေပါစေ…မယူနဲ့"

"ဘာဖြစ်လို့လဲ အစ်ကိုလေးရဲ့"

"ရာသီက ဘယ်လောက်ပဲအေးအေး ငါ့ရင်ထဲက အပူမီးကို ငြိမ်းသတ်ပေးနိုင်မှာမှ မဟုတ်တာ"

"ရှင်"

"ငါ ရင်တွေပူနေတယ် သွယ်စင်…ငါတစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေပါရစေ…ငါ့ကို အနှောင့်အယှက်မပေးပါနဲ့"

"အစ်ကိုလေးကလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇောရာစ်ရင်ထဲ့ တကယ်ပဲ ပူနေတာပါ။ အခု သူ ပါးရိုက်ခံ
တာကို ကိုယ့်မိတ်ဆွေများသိရင် လှုသတ်ပွဲများဖြစ်ဦးမလား။ ဒီအပြ
တွေသာပြေမယ်ဆိုရင် လက်ဝါးမသုံးနဲ့တော့ လလ။ နင် ဓားပဲ
သုံးလိုက်။ ငါ ရင်ကော့ခံပေးမယ်။ အစက မသိခဲ့ပေမယ့် အခု
သေသေချာချာ သိလိုက်ပြီလေ။

ငါ နင့်ကို ချစ်နေတယ် လလ…

ကျော်စွာဆိုတဲ့လူနဲ့ နင့်ကို တွဲတွေ့လိုက်ရတိုင်း ငါ မနာလိုဖြစ်
မိတယ်။ ဖြစ်နိုင်ရင် အဲဒီလူကို သတ်ပစ်ချင်စိတ်ပေါက်တယ်။ နင့်ဘေး
နားမှာရှိတဲ့လူက ငါပဲဖြစ်ချင်တယ် လလ။ နင်က မုန်းလေ ငါက
ပိုချစ်လေဖြစ်နေတာ။ အစက သံယောဇဉ်လို့ ထင်ခဲ့တာက အခု အချစ်
ဖြစ်နေမှန်း ငါ သေသေချာချာ သိလိုက်ပါပြီဟာ။

"အစ်ကိုလေး"

"……."

"အစ်ကိုလေး တစ်ခုခုကို ခံစားနေရတာလားဟင်…သွယ်စင်
ကို ရင်ဖွင့်ကြည့်ပါလား။ ရင်ထဲမှာ နည်းနည်းတော့ ပေါ့သွားမှာပေါ့"

"ရင်ဖွင့်ရမယ်"

"ဟုတ်တယ်လေ"

"ရင်ဖွင့်တော့ရော ဘာထူးမှာလဲ။ ငါက ငါ့ခံစားချက်
သူများသိစေချင်တာ မဟုတ်ဘူး။ သူ့ကိုပဲ သိစေချင်တာ"

"ဟင်…ဘယ်သူ့ကိုလဲ"

"သွယ်စင်"





"ရှင်"

"ငါ စပ်စုတာ မကြိုက်ဘူးနော်"

"အစ်ကိုလေးကလည်း သွယ်စင်က ကူညီသင့်ရင် ကူညီမလို့
မေးတာကို"

"မလိုဘူး"

ပြောပြီး ဇောရာစ် ရှေ့ဆက်လျှောက်တော့ သွယ်စင်ကလည်း
လိုက်လာလေသည်။

"အစ်ကိုလေး"

"ဘာလဲဟာ…"

"အစ်ကိုလေးကို သွယ်စင် မေးစရာရှိလို့ပါ"

"ဘာလဲ"

"အစ်ကိုလေး မမလနတ်သမီးကို ချစ်နေတာလား…ဟင်"

ဟုတ်တယ်လို့ ခေါင်းညိတ်ပြီး ဒီကောင်မလေးဆီမှာ ရင်ဖွင့်ရ
လား…ဘာမှ လုပ်မပေးနိုင်ပေမယ့် သူပြောသလိုပဲ ရင်ဖွင့်လိုက်ရင်
ရင်ထဲမှာ ပေါ့သွားမှာလား။

"ဟုတ်တယ်ဆိုတော့ရော နင်က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

"မမလက အစ်ကိုလေးနဲ့သာ မတည့်တာပါ။ အခြားသူတွေနဲ့
တော့ ဆက်ဆံရေးအဆင်ပြေပါတယ် အစ်ကိုလေးရဲ့…သွယ်စင်
ကြားဝင်ပေးမယ်လေ…ဘယ်လိုလဲ"

"မလုပ်ပါနဲ့ မယ်မင်းကြီးမရယ်…နင့်ဆီကို မီးတွေ ကူးစက်
ခေါ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဟင်"

အားလို့ ခပ်တိုးတိုး ညည်းသံကြားပြီး သွယ်ဇင် ယိုင်ကနဲ ဖြစ်သွားလေတော့ ကေရာဇ် ကပျာကသီ လှမ်းထိန်းလိုက်ရ၏။ လှမ်းထိန်းလိုက်တာနှင့် သွယ်ဇင်ကိုယ်လေးက သူ့ရင်ခွင်ထဲရောက်လာပြီး သူ့ခါးကို ဖက်ထားလေလျှင် ကေရာဇ်ကိုယ်ကြီး တွန့်လိမ်သွားလေ၏။

လက်ကို ဖယ်လိုက်ပေမယ့် မရဘဲရှိကာ ခပ်ကြမ်းကြမ်းလည်း ဖယ်မချရက်။

"သွယ်ဇင်"

"........."

"သွယ်ဇင်"

"ဟင်"

"ဘာဖြစ်တာလဲ"

"ခေါင်း…ခေါင်းထဲ မူးသွားတာပါ"

"ဒါဆို အိမ်ထဲပြန်ဝင်လေ…ငါ လိုက်ပို့မယ်…လာ"

"ရ…ရတယ် အစ်ကိုလေး၊ သွယ်ဇင် ခဏလောက် အစ်ကိုလေးပခုံးမှာ မှေးနေပါရစေ"

"ကျွတ်"

ခေါင်းမူးနေတာဆိုတော့ ဟင့်အင်းပြောလို့လည်း မဖြစ်တော့ဘဲ ကျန်းမာရေးကြောင့်ဆိုတော့ ဘာတတ်နိုင်မှာလဲလို့ ငြိမ်နေလိုက်ရတော့တာပေါ့။ သူ မခံချိမခံသာ အောင့်သက်သက်နှင့်ပဲ ငြိမ်နေရ





သွယ်ဇင့်လက်တွေက သူ့ခါးကို ဖက်ထားရာမှ ကျောပေါ်လက်ရောက်လာပြီး-

"ဟင်"

ကျောချမှ စားပြမှန်းသိဆိုသလို သူ့နှုတ်ခမ်းဆီမှာ နွေးကနဲ ဖြစ်သွားလေတော့ ကေရာဇ်တစ်ကိုယ်လုံး ပူရှိန်းရှိန်းဖြစ်သွားကာ သွယ်ဇင်ကို ဆောင့်တွန်းပစ်လိုက်၏။

"အား"

သွယ်ဇင် ဖင်ထိုင်ကျသွားပြီး ကေရာဇ်က မတ်တတ်ရပ်လိုက်ကာ-

"နင်…အဲဒါ ဘာလုပ်တာလဲ သွယ်ဇင်…ငါကတော့ တကယ်မှတ်လို့ နင့်ကို ကူညီတာ။ လက်စသတ်တော့ မင်းက…တောက်"

"သွယ်ဇင်က အစ်ကိုလေးကို ချစ်လို့ပါ အစ်ကိုလေးရဲ့"

"ဘာ"

"အဲလိုပြောလိမ့်မယ်လို့ ရှင် ထင်နေသလား ကေရာဇ်…ဆောရီးပဲ။ မသိရင် မှတ်ထား။ ကျွန်မက ရှင့်ရဲ့ အနီးကပ်ရန်သူပဲ။ လနတ်သမီးက ရှင့်ကို မုန်းရုံပဲ မုန်းတာ။ ကျွန်မက ရှင်တို့မိသားစုကို ဒုက္ခပေးဖို့ ရောက်လာတဲ့သူပဲ။ အဟွန်း…ဒီလိုအခွင့်အရေးရဖို့ စောင့်ခဲ့ရတာ ကြာပြီ။ အခုတော့ ကျွန်မ အကြံအောင်သွားပြီလေ။ ရှင်တို့မိသားစု ဒုက္ခရောက်ဖို့သာ ပြင်ပေတော့"

ကေရာဇ် ချက်ချင်းကြီး ပြောင်းလဲသွားတဲ့လေသံနှင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားကြောင့် ဘာပြန်ပြောရမှန်းမသိတဲ့ အံ့သြမှင်သက်နေမိတော့သည်။ ခုစာစောက ပြုံးနေတဲ့ နှုတ်ခမ်းက အခုတော့ ဖိကိုက်ထားလို့ပါ။ ဘာတွေလဲ…သူတို့မှာ ဘာအကြံအစည်တွေ ရှိနေတာလဲ။

သူ…

ပါးစပ်အဟောင်းသားနှင့် အံ့သြနေဆဲမှာပဲ သူ့အနားသို့ လူတစ်ယောက် ရောက်လာပြီး သူ့ပခုံးကို ပုတ်လိုက်ကာ-

"ရှင်းအောင်ပြောရရင် မင်းအစ်ကို ရှုပ်ခဲ့သမျှ မင်း… တို့ကိုတန်ပြန်သက်ရောက်မှု တစ်ခုခုရှိစေချင်တာ။ သူမှားတွေ ဒူးနဲ့မျက်ရည်သုတ်နေရချိန်မှာ မင်းတို့မိသားစုကိုလည်း ပျော်ရွှင်ခွင့်မပေးနိုင်ဘူး။ အဲဒါကြောင့် စောစောကအဖြစ်အပျက်ကို ငါ ခတ်ပုံရိုက်ပြီးပြီ"

"ဟင်"

"တို့…တောင်းဆိုသမျှကို မင်းတို့ လိုက်လျောပေးပါ။ မဟုတ်ရင် တို့က တစ်ကမ္ဘာလုံးသိအောင် ကြော်ငြာလိုက်ရုံပဲ"

"ခင်ဗျား ဘယ်သူလဲ…ဘယ်ကလဲ…ဘာအတွက် အဲဒီလုပ်ရတာလဲဗျ"

"အဟွန်း"

သွယ်စင်က ပခုံးတွန့်၍ ရယ်ပြီး ရှေ့သို့ တိုးလာလေသည်။ ကေရာစ်ကို ကြည့်နေတဲ့မျက်လုံးတွေကလည်း စူးစူးရဲရဲနှင့် စားတော့ဝါးတော့မယ့်အတိုင်းပါပဲ။ အရင်က ကိုယ့်ရှေ့မှာ ခေါင်းလေးငုံ့ပြီး ဟုတ်ကဲ့…ဟုတ်ကဲ့လုပ်နေတဲ့ သွယ်စင်မဟုတ်တဲ့အတိုင်းပါပဲ။ သူ ထမင်းချက်အကူဝင်လုပ်တာ…





အကြံအစည်တွေနဲ့ ဟန်ဆောင်လိမ်ညာခဲ့ခြင်းပေါ့။ ကျွန်ုပ်တော့ တစ်ဖက်ကန်းဆိုတာ ဒါမျိုးလား။

"သိချင်ရင် ပြောပြမယ်…သေသေချာချာနားထောင်"

"……………"

"သူက ကျွန်မရဲ့အစ်ကိုကြီး အောင်စင်ဖြိုးပဲ ကေရာစ်။ ကျွန်မက အငယ်ဆုံး သွယ်စင်ဖြိုး။ အလတ်ဖြစ်တဲ့ မမနွယ်စင်ဖြိုးကတော့ ရှင့်အစ်ကိုရဲ့ ကောက်ကျစ်ယုတ်မာမှုတွေကြောင့် ဘဝပျက်ရုံမကဘူး၊ သွေးနုသားနုလေးနဲ့ မင်းထိပ်ခေါင် သေပြီဆိုတဲ့သတင်းကြားပြီး အဲရူးဘဝကို ရောက်သွားခဲ့တာ"

"ဟင်"

"ဒါကြောင့် မမအတွက် ရှင်တို့မိသားစုကို လက်စားချေဖို့ ကျွန်မ ဟန်ဆောင်မျက်နှာဖုံးနဲ့ ရောက်လာခဲ့တာ"

ကိုကို့အရှုပ်တော်ပုံတွေက အခုထိ အဆုံးမသတ်နိုင်သေးပါလား။ ဟန်ဆောင်မျက်နှာဖုံးကွာကျလို့ ဘီလူးမှန်းသိလိုက်ရချိန်က နောက်ကျသွားခဲ့ပြီ။ ခုမှ မြွေပွေးကို ခါးပိုက် ပိုက်ထားမိတဲ့အဖြစ်လိုနိဂံကို အစွယ်ငြိမှ သိရတဲ့အဖြစ်မျိုးမှာ သူတို့က ဘယ်လိုလက်စားချေချင်တာတဲ့လဲ။

"မင်းတို့က ဘယ်လိုလက်စားချေချင်တာလဲ။ ကိုကို ရှုပ်ခဲ့တဲ့အမှု ကျွန်တဲ့သူ့နဲ့ ဘာဆိုင်လို့ ဒုက္ခပေးရမှာလဲ"

"ဘာ"

"ကျွတ်…တစ်မီးမငြိမ်းသေးဘူး၊ တောက်လာပြန်ပြီ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်မီး"

"ခုမှ မညည်းနဲ့လေ…သူ ရှုပ်ခဲ့တုန်းက မင်းမိတွေ မခုံးမေ့လို့ ဒီလိုတွေဖြစ်ရတာ။ အဲဒီတော့ မင်းထိပ်ခေါင်ရဲ့ ကောင်းမွေဆိုးမွေကို မင်းတို့ခံရမှာပဲ"

"ဟာ…ဘာဆိုင်လို့လဲဗျ။ ပြီးခဲ့တာတွေက ပြီးသွားပြီပဲဥစ္စာ ဘာလို့ မီးဆက်ပွားနေရဦးမှာလဲ။ ရန်ကိုရန်ချင်း တုံ့နှင်းနေရင် ဒီမီးငြိမ်းသတ်လို့ ရနိုင်ပါဦးမလား"

"ဟော့ကောင်…ကိုယ့်အလှည့်ကျမှ တရားတွေ တသောင်သောင်းလာချပြမနေနဲ့။ တို့ဆန္ဒကို မင်း မလိုက်လျောရင်…"

ပြောပြီး ဖုန်းကို ထောင်ပြလေတော့ ဧကရာဇ် မလှုပ်သာ ဒီဖုန်းထဲကို ကိုယ့်တစ်မိသားစုလုံးရဲ့ ဂုဏ်သိက္ခာတွေ ရောက်သွားပြီလေ။ ဒါ ကိုယ်မဆင်ခြင်လို့ မဟုတ်ပါပဲ။ မာယာနဲ့ ထောင်ဖမ်းခြင်း ခံလိုက်ရတာပါ။

"ရှင် မသိသေးတာတစ်ခု ကျွန်မ ပြောဦးမယ် ဧကရာဇ်"

ဘာလဲဟူသောသဘောနှင့် အကြည့်ကို ရွှေ့လိုက်တော့-

"ရှင့်ရဲ့ခွေး…နေညိုကို ကျွန်မ သတ်ခဲ့တာ"

"ဘာ"

"ရှင်…အဲဒီခွေးကို ချစ်မှန်းသိလို့။ ရှင် စိတ်ဆင်းရဲဒေါသထွက်အောင် တမင်လုပ်ခဲ့တာ။ ပြီးတော့ ရှင်နဲ့ လနတ်သမီးကို ရန်တိုက်ပေးခဲ့တာ"

"မင်း…တော်တော်ယုတ်မာပါလား"





"တို့ယုတ်မာတာက အသေးအမွှားလေးပါ။ မင်းအစ်ကို ယုတ်မာခဲ့တာကမှ တစ်ဖက်မှာ စတေးလိုက်ရတာ အသက်တွေ၊ ဘဝတွေ။ အဲဒီပေးဆပ်ရသူတွေက ကြက်ကလေး ငှက်ကလေးတွေ မဟုတ်ဘူးကွ"

"အဲဒါ သူ့ကိုချည်းပဲ အပြစ်မတင်နဲ့လေဗျာ…မိန်းကလေးတွေဘက်ကရော မဆင်ခြင်သင့်ဘူးလား။ ဒီကိစ္စမျိုးက အစားအသောက်လို အာခေါင်ကို လက်ညှိုးထိုးအန်ပစ်လို့ မရဘူးဆိုတာ သူတို့ သိထားရမှာ"

"ဟ…မင်း မသိဘူးလား။ သဘာဝတရားက ယောကျ်ားနဲ့ မိန်းမကို အင်အားချင်းမညီမျှအောင် ဖန်ဆင်းထားတာလေ"

ဒါလည်း မှန်တာပါပဲလေ။ လက်ရှိအခြေအနေမှာ ကိုယ့်မိသားစု သိက္ခာကျစရာတွေရှိလာမှာစိုးလို့သာ ပြောနေရတယ်။ တစ်ဖက်မှာ ပေးဆပ်လိုက်ရတဲ့ မိန်းကလေးတွေရဲ့ဘဝက သနားစရာပါ။ မမပပတစ်ယောက်တည်းမှ ဒုက္ခရောက်ခဲ့သလား မှတ်တယ်…

အခြားဒုက္ခရောက်သူလည်း ရှိနေသေးတာကိုး…

နောက်ထပ် ဘယ်နှယောက်များရှိသေးလဲ။ ကိုကို…ခင်ဗျားက သေသွားတာတောင်မှ ကျန်ခဲ့တဲ့မိသားစုကို တော်တော် ဒုက္ခပေးပါလား ဗျာ…။

"အဲဒီတော့ ခင်ဗျားတို့က ဘာဖြစ်ချင်လဲ"

"ရှင်တို့ပိုင်ဆိုင်တဲ့ စည်းစိမ်တစ်ဝက် လိုချင်တယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဇင် လွန့်ကနဲ ပြုံးလိုက်မိ၏။ ယောက်ျားတွေမှ မိန်းမတွေရဲ့ဘဝကို ဖျက်ဆီးလို့ရတာ မဟုတ်ပါဘူး။ မိန်းကလေးတွေလည်း ဒီလို ရိုးအတဲ့ ယောက်ျားတွေရဲ့ဘဝကို ဖျက်ဆီးလို့ရတယ်ဆိုတာ သူတို့ကို သိစေချင်တာ။ ကိုယ့်မမ ဘဝပျက်ခဲ့ရတဲ့အတွက် သူတို့ကို စိတ်ဒုက္ခရောက်စေချင်တာ။

သူမရင်ထဲမှာလည်း…

လနတ်သမီးထက်မလျော့သော အမုန်းခွန်အားတွေနှင့်ပါ။ ကိုယ့်အလှည့်ကျမှ မနွဲ့ကြစတမ်းပေါ့။

"တို့က မောင်နှမသုံးယောက်တည်းပဲရှိတာ။ အခု စိတ်ဝေဒနာသည်မမကို ဆေးကုပေးနေရတာ ကုန်းကောက်စရာတောင် မရှိတော့ဘူး။ အဲဒီတော့ နင်တို့ဆီက စည်းစိမ်တစ်ဝက်‥တို့…လိုချင်တယ်"

ကုန်းပေါ်ကလူက ငါးဖတ်ကြီးသား စားချင်တယ်ဆိုတာမျိုးပါလား။ သူတို့ကပဲ စည်းစိမ်တစ်ဝက်လိုချင်သတဲ့…မတရားလိုက်တာ။ အစကတော့ ရိုကျိုးစွာ ဆက်ဆံခဲ့တဲ့ သွယ်ဇင်က စောစောကတော့ ရှင်နဲ့ကျွန်မတွေသုံးပြီး အခုကျတော့ တို့တွေ၊ နင်တွေ သုံးလာတဲ့အထိ ပြောင်းလဲသွားပြီ။

ကိုယ်ညံ့လို့ ကိုယ်ခံရကြေးဆိုရင်…

"နင်တို့ဟာက ပုဆိုးရှေ့စွတ်လိုက်ပြီး ကိုသားတစ်ဖို့ဝင် ကောက်တာနဲ့ မတူဘူးလား။ စည်းစိမ်တစ်ဝက်ကြီးတောင်ဆိုတော့…"

"မပေးဘူးလား"

"မပေးနိုင်ဘူး"





"ဒါဆို"

နိုင်ကွက်ဖြစ်သည့် ဖုန်းကိုပဲ ထောင်ပြလေတော့-

"လုပ်လေ…ငါက ယောက်ျားလေးပဲဥစ္စာ…သန်းခေါင်ထက်ကိုးပြီး ညဥ့်မနက်တော့ဘူး"

"ဘာ"

"နင်တို့ဘက်က တတ်နိုင်သလောက် လျှော့ကြည့်…ငါ ဉီးစားပေးမယ်"

ပြောပြီး စကားရှာ လှည့်ထွက်လာခဲ့တော့၏။ အခုမှ အေးအေးပြဲကြိတ်နေတဲ့အတိုင်းပါပဲ။ သူတို့တောင်းတိုင်း ကိုယ့်မိဘလုပ်စာကို ပေးစရာလား။ ဒါကြောင့် ဖြစ်ချင်ရာဖြစ်တော့ဟု ပြောပြီး ထွက်လာခဲ့တာပါလေ။

သြော်…

ရှုပ်လိုက်တဲ့ဘဝနှယ်…။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

"မင်းဟာကလည်း စတော်လမ်းကြီးက မျောလာပြီ"

"အဲဒါ…မျောလာတာမဟုတ်ဘူး။ စတော်လမ်းက ကြမ်းလာတာကွ…ခုမှ ဖွတ်တက်လာတာ အကြီးကြီးပဲ။ ဘီလူးတစ်ပိုင်း ဖွတ်တစ်ပိုင်း"

"မင်းတို့ကလည်းကွာ…သူတို့ဆီက အကြံလေးဘာလေးများ ရမလားမှတ်ပါတယ်။ ဘာတွေပြောနေကြမှန်း မသိဘူး"

"မင်းကလည်း ကိုယ်က ယောကျ်ားလေးပဲဥစ္စာ…ဘာဖြစ်လဲ။ တစ်ကမ္ဘာလုံးသိအောင်လုပ်လည်း လုပ်ပစေပေါ့။ သူတောင်မိန်းကလေးဖြစ်ပြီး အရှက်မရှိလို့ လုပ်တာပဲဟာ"





ကေရာဇ် သက်ပြင်းချပြီး မျက်နှာကို လက်ဝါးနှင့် ဖိပွတ်လိုက်သည်။ မီးတွေ…မီးတွေကို ဘယ်လို ပင်လယ်ရေမျိုးနဲ့ ငြိမ်းသတ်ရပါမလဲ။ သွားလေသူရဲ့ မိုက်ပြစ်တွေကို ကျူးတဲ့သူတွေက ဆပ်ရမှာသား။ ကိုယ်က ယောကျ်ားလေးတော့မှန်တာပေါ့။ ဒါပေမယ့် အရှက်နဲ့ သူလုပ်နေတဲ့ကောင်လေ။

ကိုယ့်အရှက်၊ ကိုယ့်သိက္ခာ၊ ကိုယ့်စာရိတ္တတွေကို တန်ဖိုးထားခဲ့သို့ ငယ်ငယ်လေးကတည်းက ထိန်းသိမ်းလာခဲ့တာ။ အခု ခြေလှမ်းချောင်းကို သနားမိလို့ သဲထဲရေသွန်ဖြစ်ကုန်တာလေ။ အဲဒီကတည်းက သူ့ဘာသာ ဘာဖြစ်ဖြစ်ထားခဲ့လိုက်ရ အကောင်းသားပေါ့။

"ယောကျ်ားလေးလည်း အရှက်နဲ့…သိက္ခာနဲ့ လူလုပ်နေတဲ့ကောင်လေကွာ…သူ အရှက်မရှိပေမယ့် ငါက ရှက်တယ်ကွ။ ငါ့ကိုယ့်မျက်နှာကိုယ် ဓားနဲ့သာ လှီးပစ်ချင်တော့တာပဲ"

"လှီးပစ်လိုက်လေ…အဲဒါမှ မင်းကို ကြိုက်ပါတယ်ဆိုတဲ့ ကောင်မလေးတွေ ဝေါင်ဝေါင်ရှေး…ဝေးဝေးရှောင်မှာ"

"အခြားကောင်မလေးတွေ ရှောင်တာ မရှောင်တာထက် အခု ဒါ…သွယ်ခင့်ရန်ကနေ ဘယ်လိုရှောင်ရမလဲသာ စဉ်းစားပေးကြစမ်းပါ"

"ကျွတ်"

"ဖွဲ"

မိုးဝေနဲ့ဥက္ကာလည်း ခေါင်းတွေ ကုတ်ကုန်ကြလေ၏။ ဖေကာဒ်ပုံကြီးဖူးတာတော့ ပြေးရင်းလွှားရင်း ချေးပုံဟာပ်မိတယ်တဲ့။ ကေရာဇ်ကျ



www.burmeseclassic.com

www.burmeseclassic.com



မှ ပြဿနာကို အိမ်ပေါ်ခေါ်တင်မိတာဖြစ်နေပြီ။ ကိုယ်တွေသာဆိုရင် ကိုယ်က ယောကျ်ားလေးပဲ နေပေါ့လို့ တစ်ပြားတစ်ချပ်မှ ပေးမှာ မဟုတ်ပေ။

"ဟော…ဟိုမှာ လနတ်သမီး"

"ဟင်"

"လနတ်သမီးရော ဘာလုပ်လို့ရမှာလဲ။ သူက ကရောစ်ဆိုရင် မစင်နဲ့တောင် ငုံထွေးချင်နေတာကို"

"မင်းတို့ကလည်း ကြားသွားဦးမယ်"

"ကြောက်တယ်ပေါ့"

"ကြောက်တာမဟုတ်ပါဘူး"

"ဒါဆို…ချစ်တာလား"

ကိုယ့်ကို စိတ်ပြေလက်ပျောက်ဖြစ်အောင် စ,နေတာမှန်းသိတော့ သူငယ်ချင်းတွေကို မြေပုံရာ ကင်းနှောက်လို့လည်း မပြောချင်ပါဘူး လလက သူတို့နဲ့ နီးလာပြီ။ သူမဘေးနားမှာက ကျော်စွာဆိုတဲ့ကောင် နဲ့လေ။ ဒီလူကလည်း အခုမှ တောက်တဲ့ကျနေတာပဲ။

အကြိုအပို့လုပ်ပြီး ကပ်နေတာလေ။

ဟူး…ဒီအတွက် စိတ်ညစ်ရတာကတစ်မျိုး။ စိတ်ပေါက်ပေါက် နဲ့ ကျော်စွာဆိုတဲ့လူကိုပဲ လက်သီးနှင့် ဆွဲထိုးချင်စိတ်ပေါက်သွား လေ၏။

"ဆန္ဒမစောပါနဲ့ ဦးကိုကျော်စွာရယ်…ခုမှ လလပါးစပ်နဲ့ နို့နံ့တောင် မပျောက်သေးဘူးလို့ လလတော့ ထင်တာယ်"





"ဟောဗျာ…၂၀ ကျော်အရွယ်ကြီးက နို့နံ့မပျောက်သေးဘူး ဆေး…ဘယ်အရွယ်အထိတောင် နို့လို့လဲ။ ပါးစပ် ဟကြည့်စမ်းပါ"

"ကိုကျော်စွာနော်"

"စိတ်ကောက်တတ်လား"

"အင်း…ကောက်တတ်တာပေါ့"

"ကိုယ်ကလည်း ချော့တတ်ပါတယ်။ မယုံရင် အစမ်းကောက် ကြည့်ပါလား"

"ဆံပင်လား"

"မဟုတ်ဘူး…စိတ်"

တိုးတိုးညက်ညက် ရယ်မောသံတွေကို ကရောစ် မကြားနိုင်ပေ။ မျက်နှာလွှဲပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားမိချိန်မှာပဲ မိုးဝေက သွားကာ-

"လနတ်သမီး"

"............"

"လနတ်သမီး"

"ဟင်"

လလ သမင်လည်ပြန် လှည့်ကြည့်ရာမှ ကရောစ်ရဲ့သူငယ်ချင်း ဖြစ်နေတာကြောင့် မျက်နှာ ချက်ချင်းတင်းပြီး တစ်ကိုယ်လုံး လိုက်သည်။ မိုးဝေ အနားကိုရောက်လာတော့-

"ဘာလဲ"

"လနတ်သမီးကို ပြောစရာရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အကူအညီတောင်းမှာဆိုရင် ပိုမှန်ပါတယ်"

"ဒီအထာတွေနဲ့ ငါ့ကို ဗယားလာမရှုပ်နဲ့ မိုးဝေ…နင်တို့ ငါ ဘာမှပတ်သက်စရာအကြောင်း မရှိဘူး။ အကူအညီလည်း တောင်းစရာမလိုဘူး။ ကူလည်းမကူညီနိုင်ဘူး။ အထူးသဖြင့် ဟိုကောင်နဲ့ ပတ်သက်ရင် ပိုဆိုးသေးတယ်"

"နင့်ရဲ့စိတ်ရင်းခံကို ငါ သိပါတယ် လနတ်သမီးရယ်… ငါ အေးအေးဆေးဆေး ရှင်းပြချင်တယ်"

လလ မျက်မှောင်ကြုတ်သွားလေ၏။ မရောင်းပါဘူးဆိုမှ ချိန်ချိန့်ပါဆိုတာမျိုးပါလား။ မပတ်သက်ပါဘူးဆိုမှ ဘာလို့ လိုက်ငြိချင်နေကြတာလဲ။ ဟိုတစ်ယောက်ကလည်း အလိုတူအလိုပါလား။ ဘယ်သူ့အတွက် အကူအညီတောင်းချင်တာလဲ။ တကယ်ဆို သူက တားရမယ့်သူလေ။

သူ့အတွက်ဆိုရင်တော့…

သေရေးရှင်ရေးကိစ္စဖြစ်နေတောင် လလ ကူညီမှာမဟုတ်ပေ။ အို…ဘာဆိုင်လဲ၊ သူ့သူငယ်ချင်းတွေအတွက်ဆိုလည်း ကူညီစရာမလိုပါဘူး။

ထို့ကြောင့်…

"ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် ကိုယ့်ကြောင့်ဖြစ်တဲ့ပြဿနာ ကိုယ်တာဝန်ယူပြီး ရှင်းနိုင်ရမယ်လေ။ သူများကို အကူအညီတောင်းတယ်ဆိုတာ လူပျော့ လူညံ့တွေရဲ့အလုပ်။ နင်တို့ယောက်ျားတွေ မဟုတ်ဘူး





လား။ ဘာလို့ မိန်းကလေးတစ်ယောက်ဆီမှာ အကူအညီတောင်းချင်ရတာလဲ"

"အဲဒါ"

မိုးဝေ…လလစကားကြောင့် ရှုံ့ခက် ပါးစပ်ထွက်မရဲအောင်ပဲ ဖြစ်သွားလေသည်။ ပြီးတော့ သူစိမ်းတစ်ယောက်ရှေ့မှာဆိုတော့လေ။ သူနဲ့ မစိမ်းပေမယ့် ကိုယ်တွေနဲ့က စိမ်းနေတာမဟုတ်လား။

"နင်တို့ပတ်သက်ပြီး သေရေးရှင်ရေးပြဿနာဖြစ်နေရင်တောင် ငါ မကူညီနိုင်ဘူး။ လာ…သွားမယ် ကိုကျော်စွာ"

ရက်စက်တတ်တဲ့သူတွေ သရုပ်ပေးမယ်ဆိုရင် နင်က ရက်စက်မှုအပေါင်း သရုပ်ဆောင်းမယ့်သူလား လလရယ်…နင်ပြောတာတွေကို ငါ့ အကုန်ကြားပါတယ်ဟာ။ နင်က တမင်ကြားအောင်ပြောသလို ငါကလည်း နားစွင့်နေတဲ့ကောင်ပါ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ကေရာစ် ကားမောင်းနေရင်း စိတ်တွေက ဟိုရောက်ဒီရောက်ပါ။ လလ မုန်းတာခံနေရတာ သွေးနှလုံးသားတွေ မီးလောင်ပြာကျဖြစ်နေပါပြီ။ ကိုယ်က မုန်းတယ်ပြောရင် မုန်းမှမမုန်းခဲ့ပဲလေ။ မမုန်းတဲ့ အပြင် ချစ်မိနေတဲ့ ရင်ဘတ်မှာ သနတ်သမီးဆိုတာ တက်တူးထိုးထားတာမှ အပေါ်ယံတွင် ရှိဦးမည်။

အခုက စူးစူးနစ်နစ်…

လလရယ်…ငါသေလို့ နှင့်အကြိုးတွေ ပြေမယ်ဆိုရင် ငါ သေလည်း ကျေနပ်ပါတယ်ဟာ။





"ဂျိုး"

"ဟာ"

"ဟော့ကောင်"

ကားချင်းပွတ်ဆွဲမိတဲ့အသံကြောင့် ကေရာစ် လန့်ဖျတ်ပြီး ဘရိတ်ဖမ်းလိုက်မိ၏။ တစ်ဖက်ကားထဲကလူက ခေါင်းပြူထွက်လာပြီး-

"ဟော့ကောင်…ကားကို ဘယ်လိုမောင်းလာတာလဲ။ မျက်စိမပါဘူးလားကွ…မူးနေရင်လည်း မမောင်းနဲ့လေကွာ။ ဒါ လူကိုသေစေနိုင်တဲ့အန္တရာယ်ကွ။ တော်သေးတာပေါ့…ပွတ်ဆွဲရုံမို့လို့"

"ဆောရီး…ဆောရီး…ကျွန်တော် တောင်းပန်ပါတယ် အစ်ကိုရာ…နောက် ဒီလိုမဖြစ်စေရပါဘူး"

"နောက်ရော မင်းတို့နဲ့ ငါ တွေ့ဦးမှာမို့လို့လား။ တောက်…ဘယ်လိုရူးကြောင်မူးကြောင်တွေနဲ့ လာတွေ့နေမှန်းမသိဘူး"

ဥက္ကာ မှာမှာသလဲ တောင်းပန်ပေမယ့် တစ်ဖက်လူက ဆဲရေးတိုင်းထွာပြီး ကားကို မောင်းထွက်သွားလေသည်။

"မင်းကလည်း မင်းပဲ"

"ဘာလဲ"

"အမယ်…အခုထိ ဘာလဲလာတုန်း။ လုပ်ထည့်လိုက်ရ ပွဲမနံ့ကျိုးသွားတော့မယ်။ စိတ်က ဘယ်ရောက်နေတာလဲ"

"စိတ်တွေထိန်းမရလို့ သစ်ပင်ပေါ်ရောက်နေတာ။ အဲဒီ…နတ်အိုးတောင် မချန်ဘူးဆိုလား…ဒီကောင် မဟုတ်မှ တည့်တည့်



www.burmeseclassic.com

www.burmeseclassic.com



တိုးရော…လနတ်သမီးအကြောင်း တွေးနေတာပဲဖြစ်မယ်"

"ဟုတ်တယ်…ငါ သူ့အကြောင်း တွေးနေမိတာ"

"တွေ့လား…ငါ မပြောဘူးလား။ ဒီကောင် လနတ်သမီးဆိုမှာ ထမင်းဆီဆမ်း ရွှေလင်ဗန်းနဲ့…"

"ဟော့ကောင်"

ဥက္ကာ အော်လိုက်မှပဲ မိုးဝေ ပါးစပ်ပိတ်သွားလေလျှင်…

"ဖယ်…ငါ မောင်းမယ်"

"ရပါတယ်"

"လျှာမရှည်နဲ့…ဖယ်…နောက်တစ်ခါဆို အဆဲခံရရင် မင်း အမေလေ့ဥ ဥသွားလိမ့်မယ်"

"မင်းကလည်း"

"မင်းက စိတ်ညစ်လို့ သေချင်နေပေမယ့် တို့က မသေနိုင်သေး ဘူး…ဖယ်ကွာ…ကြာတယ်"

ဥက္ကာက အတင်းပဲ ဖယ်ခိုင်းနေသဖြင့် ကေရာစ် ဖယ်ပေးလိုက် ရတော့၏။ သြော်…စိတ်ဆိုတာ အစိုးမရပါလား။ ငါ ရူးတော့မယ် လလ။ စည်းစိမ်တစ်ဝက်ပေးပါ အတောင်းခံရတာထက် လလကို ကျော်စွာနဲ့ တွဲတွေ့နေရတာက ပိုပြီး ပူလောင်စေတာလေ။ သေတဲ့သူ ကိုသာ ဆွဲထူပြီး လက်ညှိုးငေါက်ငေါက်ထိုး ပြောလိုက်ချင်ရဲ့…

မင်းကြောင့်လို့လေ…

ကိုကို့ကို မေမေက ဘာတွေစားပြီး သန္ဓေတည်မွေးဖွားလာခဲ့ပါ လိမ့်။ အရာအားလုံးက ကေရာစ်နဲ့ ဆန့်ကျင်ဘက်တွေပါ။



"ဟာ"

ဥက္ကာ့နှုတ်မှ 'ဟာ' ကနဲ အသံထွက်လာလေလျှင် မိုးဝေက-

"ဘာလဲကွ…မင်းဟာက…အလန့် ထန်းလျက်နဲ့"

"မင်းကို အဲဒီထန်းလျက်ခဲပြခေါ်မယ်။ ရှေ့မှာ မင်းပတွေးတွေ ရှုတ်စီရှုတ်စီ ဖြစ်နေတာ မမြင်ဘူးလား"

မှန်ပါသည်။ ရှေ့မှာ လူတွေ ရှုတ်စီရှုတ်စီဖြစ်နေတာကြောင့် ကားကိုရပ်ပြီး ဆင်းလိုက်ကြကာ-

"ဘာဖြစ်တာလဲဗျ"

လူတစ်ယောက်က လှည့်ကြည့်ပြီး-

"အက်ဆီးဒင့်ဖြစ်တာ"

"ဟုတ်လား"

"ဟုတ်တယ်…တိုးကြည့်လေ"

သုံးယောက်သား လူအုပ်ထဲတိုးဝင်သွားပြီး ကြည့်ကြလေရာ သွေးတွေနှင့် အက်ဆီးဒင့်ဖြစ်တယ်ဆိုတဲ့သူကို ကြည့်လိုက်တော့-

"ဟာ…အန်ကယ်"

"ဟင်"

"လလရဲ့အဖေကွ"

"ဟေ…ဟုတ်လား"

"သူ…ကျွန်တော်နဲ့ သိတယ်။ ကျွန်တော်တို့နဲ့ ခဲ့ချင်းကပ်က ဆေးရုံ…ဟော့ကောင်တွေ အန်ကယ့်ကို ဆေးရုံပို့ရအောင်"

"အေး…အေး"



www.burmeseclassic.com

www.burmeseclassic.com



"အရေးပေါ်ကား…မှာထားတယ်"

"ဟုတ်တယ်…လာတော့မှာ…ဟော…ပြောရင်းနဲ့လာပြ"

ပြောနေရင်းပဲ အရေးပေါ်ကားရောက်လာပြီး ဦးနိုင်မင်းကို ခေ… သွားကြလေလျှင် ကေရာစ်တို့လည်း ဆေးရုံသို့ လိုက်ခဲ့ကြရ… ဆေးရုံကိုရောက်တော့မှ လလတို့ကို ဖုန်းဆက်ရသည်လေ။ လူ… အတွက် သွေးလိုသည်တဲ့။ ကေရာစ်တို့သူငယ်ချင်းသုံးယော… သွေးကို စစ်ကြည့်လိုက်တော့…

ကေရာစ်နဲ့ သွေးချင်းတူပြီး…

ဘာရောဂါပိုးမှ မရှိတာကြောင့် ကေရာစ်ပဲ လှူခွင့်ရလို… သည်။ ဒါအတွက် ကံကောင်းလာမလား။ ကံဆိုးလာမလားဆို… မသိသေးပေ။ လလတို့သားအမိရောက်လာတော့ ကေရာစ်တို့ ပြ… ကြသည်။ တော်ကြာ မျက်နှာချင်းဆိုင်မိရင် အကျိုးလိုလို့ ညောင်… လောင်းတာလားလို့ အမေးခံနေရမှာစိုးလို့ပါ။ လလပါးစပ်က မထွ… ဘူးလို့ ပြောနိုင်မလား။

ကိုယ်ကတော့ စေတနာအရင်းခံနဲ့ ကူညီခဲ့တာပါ။ ဒါ… စေတနာအစော်ကားခံရရင် ကိုယ် ဒီထက်ပိုပြီး မခံစားနိုင်တော့ပါဘူ…

နားတစွင့်စွင့်နဲ့ ဖြစ်နေချိန်မှာ…

လလတို့ဘက်က ဘာသံမှထွက်မလာဘဲ ထွက်လာတာ… ကိုယ့်မေမေ့ဆီကအသံပါ။

"မင်း…ဟိုဘက်အိမ်က လူသတ်သမားကို သွေးလှူလ… တယ်…ဟုတ်လား ကေရာစ်…ငါ့ကို ပြောစမ်း…ဘာလဲ…မင်း…



ထပ်မသတ်နိုင်မှာစိုးလို့ ကိုယ့်သွေးကို ဖောက်ထုတ်ပေးခဲ့တာလား။ မင်း အဲဒီလိုလုပ်တာ ရန်သူလက်ထဲ လက်ပစ်ဗုံးထည့်ပေးလိုက်တာနဲ့ အတူတူပဲ။ ကိုယ့်အစ်ကိုကို သတ်တဲ့သူရဲ့အသက်ကိုမှ ကယ်ခဲ့ရတယ်လို့…တောက်"

"မေမေ"

"မင်း အမှတ်မရှိဘူးလား…ကေရာစ်…ဟင်"

"အဲဒါတော့ မပြောနဲ့လေ…မေမေ့သားက"

"တော်စမ်း…ကေရာစ်"

"…………"

"ငါက မင်းတို့ကို မွေးထုတ်ထားတဲ့ မအေပါ။ ကောင်းကောင်း ဆိုးဆိုး အသတ်ခံလိုက်ရတာ ငါ့သားပဲ။ ဒင်းတို့ကို ဘယ်တော့မှ မကျေဘူး။ သွားမယ်…အဲဒီဆေးရုံကို လိုက်သွားပြီး မင်းလှူခဲ့တဲ့ သွေးကို ငါကိုယ်တိုင် ပြန်ဖောက်ယူမယ်"

"မေမေ"

ကေရာစ် မေမေ့ရှေ့ကို ပြေးရပ်လိုက်၏။ နှစ်ဦးနှစ်ဖက် ဆုံးရှုံးခဲ့တာကို ကိုယ့်ဘက်သာ တစ်ဖက်သတ်ကြည့်ပြီး အငြိုးကြီးနေတာကို သူ လက်မခံနိုင်။ ကိုယ့်ဘက်ကလူက စမကောင်းလို့ သူတို့ သည်းမခံနိုင်တာကို ငါ့သွေးမှငါ့သွေး သိနေလို့ဖြစ်မလား။

"ပြီးတာတွေလည်း ပြီးသွားပြီပဲ မေမေရာ…အဲဒီကိစ္စကိုပဲ ပြန်တွေးနေရအောင် မေမေ ဆုံးရှုံးခဲ့ရသလို သူတို့လည်း ဆုံးရှုံးခဲ့ရတာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မေမေ ကိုယ်ချင်းစာကြည့်စမ်းပါ။ မမပပနေရာမှာ မေမေ ဖြစ်ခဲ့ရင် မေမေ့ရဲ့ ဖအေကရော သမီးတစ်ယောက်ရဲ့ အရှက်နဲ့ဂုဏ်သိက္ခာအတွက် ဒီအတိုင်း ရေငုံနှုတ်ပိတ် လက်ပိုက်ကြည့်နေမှာတဲ့လား။ မေမေက သမီးရှင်ဖြစ်နေရင်ရော မေမေ ဘယ်လိုလုပ်မှာလဲ"

"ကေရာစ်"

အော်လိုက်တဲ့အသံက ကေရာစ်ကို ပြေးရိုက်ချင်သည့်ပုံပေါက်နေသည်လေ။ ရိုက်လည်းမတတ်နိုင်ဘူးပေါ့။ ကိုယ်က သူ့ဘက်ကိုယ့်ဘက် မှုတွေးပြီး ကိုယ်ချင်းစာစိတ်နှင့် တောက်လက်စမီးတွေကို နောင်လာနောင်သားတွေအထိ မကူးစက်စေချင်တာ။

မီးဆိုတာ…

ရေလို လက်ဆင့်ကမ်းမှု သောက်လို့ကောင်းတဲ့အရာမှမဟုတ်ပဲလေ။

"ငါ မွေးထားတဲ့သားက ငါ့ကို ခွေးလိုပြန်ဟောင်ပြီး ကိုက်ချင်နေတာ…ကြည့်စမ်း။ အမယ်လေး…သွားလေသူတို့ရေ…ကြားလို့ကောင်းကြသေးရဲ့လား"

"ဟာ…မေမေ"

"ဘာလဲ…နင်က လနတ်သမီးလောက် မအေကို တန်ဖိုးမထားတာလား ကေရာစ်…မရဘူးဟေ့…မရဘူး။ အဲဒီကောင်မနဲ့တော့ အဖြစ်မခံဘူး။ ခွေးကို အမြီးဖြတ်ပြီး ပေးစားမယ်…သိလား ကိုယ့်သိက္ခာမှ ကိုယ်တန်ဖိုးမထား ခန္ဓာကိုယ်ပုံအပ်တဲ့ မိန်းမပျက်နဲ့



ညီမ"

"မေမေ တော်တော့ဗျာ…သူများ သားဖျိုသမီးဖျိုကို မေမေ အဲလိုမပြောပါနဲ့…လလက မမပပလို မဟုတ်ပါဘူး"

"အမယ်လေး…ဆတ်ဆတ်ထိမခံ ဖြစ်နေပါလား။ မအေကို တောင် ခံပြောနေတဲ့ကောင်…ကဲ"

မိခင်က ထုနှက်ရိုက်ပုတ်နေသမျှ ကေရာစ် ငြိမ်ခံနေလိုက်သည်။

မေမေက မိဘပဲလေ…

"ငါ့ဘုရား ငါ့မယားဘက် ခပ်ပါပါဆိုတဲ့ကောင်။ မအေကို များ ပြန်ပြောလို့…သွား…အခု ငါ့အိမ်က ဆင်းသွား"

"…………….."

"သွား"

ကေရာစ် မေမေ့ရှေ့ကနေ ထွက်လာခဲ့တော့၏။ မေမေ စိတ်ဆိုးနေတုန်း သူ ရှောင်နေလိုက်တာ အကောင်းဆုံးပါပဲလေ။ မိဘဆိုတာ စိတ်ဆိုးတုန်း ခဏပါပဲ။ နောက်တော့ အဆင်ပြေသွားမှာပါ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ကေရာစ်နဲ့လလ ဒီတစ်ခါတော့ နှစ်ယောက်အတူ ကန်တော်
ကြီးထဲသို့ ရောက်ခဲ့ဖူးပါပြီ။ လလက တွေ့ချင်တယ်ဆိုပြီးချိန်း
ကေရာစ်က အချိန်ကို လေးစားစွာ ကြိုပြီးရောက်နှင့်နေသူ။ အ
လလက ကေရာစ်ကို ကျောခိုင်းထားပြီး ကေရာစ်ကတော့ လ
ကျောပြင်ကို ငေးမောနေမိသည်လေ။

အတန်ကြာ စကားမပြောဖြစ်ကြသေးဘဲ…

ကေရာစ်က လလစကားသံကို စောင့်နေသူ။ နောက်မှ လ
အသံကို ကြားရသည်မှာ…



"မေမေ့အတွက် သွေးလှူပေးခဲ့တဲ့အတွက်တော့ နင့်ကို ကျေးဇူး
တင်တယ် ကေရာစ်"

"ရပါတယ်…ငါက တကယ့်စိတ်ရင်းခံ စေတနာသန့်သန့်နဲ့
လှူခဲ့တာပါ"

"နင် ဘာရည်ရွယ်ချက်နဲ့ပဲ လှူခဲ့လှူခဲ့ မေမေကတော့ နင့်ကို
ကျေးဇူးတင်လွန်းလို့ တွေ့ချင်နေတယ်။ အဲဒါ မေမေ့ဘက်ကနော်။
ငါကတော့ ကျေးဇူးတင်တာကသပ်သပ် အမုန်းကြွေးဆပ်ချင်တာနဲ့
ခြားစီပဲ။ နင် ဒီလိုလုပ်ပေးလို့ဆိုပြီး ငါ့ရင်ထဲက အငြိုးအတေးတွေ
ပြေသွားမှာမဟုတ်ဘူး။ နင့်ကျေးဇူးကို ငါ ပြန်ဆပ်မှာပါ"

"လလ"

လလ လက်ကာလိုက်သဖြင့် ကေရာစ် ဘာမှဆက်မပြောဖြစ်
သ။

အခုထိ ကျောခိုင်းထားဆဲရှိနေတာ ကိုယ့်မျက်နှာကို မမြင်ချင်
လို့လား။ ခုလို တိတ်ဆိတ်သွားတဲ့အချိန်မှာ လလ နှုတ်ခမ်းက
င်းတင်းစေ့နေမည်ဆိုတာကိုလည်း သိပါသည်လေ။ နင့်ရင်ထဲက
အမုန်းတွေကို ငါ ဘယ်လိုလက်နက်သုံးပြီး တိုက်ထုတ်ရမလဲ လလ။

"ဥက္ကာ ပြောပြလို့ နင်နဲ့သွယ်စင်ကိစ္စ ငါ သိပြီးပါပြီ"

"အဲဒါ…သွယ်စင် ယုတ်မာတာလေ"

"အဲဒါက နင်တို့ကိစ္စပါ။ သူလည်း သူ့ခံစားချက်နဲ့သူပေါ့
ငါ ပြောချင်တာက အဲဒီကိစ္စနဲ့ပတ်သက်ပြီး နင့်ကို ငါ ကူညီပြီး
ကြွေးကြွေးဆပ်ပေးမယ်။ အဲဒါ နင့်ကို စေတနာရှိလွန်းလို့ ကူညီမှာ

www.burmeseclassic.com



တော့ မဟုတ်ဘူး။ ငါ့အမေဆီက…"

"တော်ပါတော့ လလရယ်…နင် မကူညီရင်လည်း ငါ့ထိုက်နဲ့ ငါ ခံပါ့မယ်။ စေတနာမရှိတာတွေ၊ မုန်းတာတွေတော့ ခဏခဏ မပြောပါနဲ့။ ငါ မခံစားနိုင်ဘူး"

ဒီစကားပြောမှပဲ လလ သူ့ဘက်သို့ လှည့်လာလေ၏။ အမုန်း စကားတွေ ခဏခဏပြောပြီး ဒီအမုန်းတွေကိုပဲ လေလံတင်ရောင်းချ စားသောက်တော့မလား မသိပါဘူး။

"နင် ငါ့ကို ဘယ်လောက်ပဲမုန်းမုန်း ငါကတော့ နင့်ကို မမုန်း ဘူး"

"အဲဒါ နင့်ကိစ္စပါ။ ဓာတ်ပုံရိုက်ယူသွားတဲ့ ဖုန်းက ဘယ်သူ့ ဖုန်းလဲဆိုတာပဲပြော…ပြီးတော့ ဖုန်းအမျိုးအစား…အရောင်"

"ဖုန်းကတော့ သူ့အစ်ကိုရဲ့ဖုန်းပဲ ဖြစ်မှာပါ"

"အဲဒီလူ့နာမည်က"

"အဲဒီလူ့နာမည်က အောင်ဇေဖြိုးတဲ့…ဖုန်းအမျိုးအစားက…"

ကေရာဇ် သေသေချာချာ ပြန်စဉ်းစားပြီး မှတ်မိသလောက် ပြောပြလိုက်၏။ ဒီဖုန်းကိုပဲ ခဏခဏ ထောင်ပြပြီး သူ့ကို ခြိမ်းခြောက် နေတာဆိုတော့ သူ မမှတ်မိဘဲနေပါ့မလား။ တောင်းလိုက်တာမှ ကိုယ့်လုပ်စာ တစ်ပြားတစ်ချပ်မှမရှိဘဲနဲ့များ စည်းစိမ်တစ်ဝက်တဲ့ သူ့မမ စိတ်ဝေဒနာဖြစ်တာကို ကုမယ်ဆို တောင်းလိုက်လေ သိန်း ဘယ်နှဆယ်ဆိုတာ။

ဒါမှမဟုတ်…





လောဘကြီးလို့ လိုချင်တာဆို သိန်းတစ်ရာပေးပါ၊ နှစ်ရာပေးပါ ဆိုပြီး တောင်းရင်လည်း ကိုယ့်အရှက်နဲ့ဂုဏ်သိက္ခာအတွက် ပေးမှာပါ။ ခုတော့ အားမနာ လျှာမကျိုးနဲ့ စည်းစိမ်တစ်ဝက်ပေးပါဆိုတော့ ဘယ်လိုလူမျိုးက ပေးချင်မှာတဲ့လဲ။

"လူပုံစံကရော"

ကေရာဇ် လူပုံစံကိုပါ ပြောပြလိုက်တော့-

"ကောင်းပြီ…အဲဒီကိစ္စအတွက် ငါ တာဝန်ယူပြီး ဖြေရှင်းပေး မယ်"

"ကျေးဇူးတင်ပါတယ် လလ"

"မလိုပါဘူး…ငါ့အမေအပေါ်တင်တဲ့ အကြွေးကို ငါ ပြန်ဆပ် တာ။ အဲဒီကိစ္စပြီးသွားရင်တော့ သိတဲ့အတိုင်းပဲ။ ငါ့ဘက်လှည့်ပြီး တောင် တံတွေးမထွေးနဲ့။ နင်နဲ့ငါ ဘာမှပတ်သက်စရာအကြောင်း မရှိဘူး"

"လလရယ်"

ရင်ထဲမှာ နာကျင်စွာနှင့် တိုးဖွဖွ ခေါ်လိုက်မိ၏။ နာကျင်မှုတွေ များလာတော့ မျက်ရည်က ဝေ့ချင်ချင်ပါပဲ။ ကျောက်ခဲလို နှလုံးသား ကိုများ ပိုင်ဆိုင်ထားလေသလား လလရယ်။ ငယ်သံယောဇဉ်လေးကိုမှ ထောက် လုပ်လိုက်သမျှ၊ ပြောလိုက်သမျှ ရက်ရက်စက်စက်ပါပဲ။

ငယ်ငယ်တုန်းကဆိုရင်…

တစ်ယောက်ကိုတစ်ယောက် မုန့်ခွဲကျွေးလို့ တစ်ယောက်စကား တစ်ယောက် နားထောင်ခဲ့ကြသူတွေပါ။ ခုများတော့ ရန်သူတွေလိုပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သူ့ဘက်က စိမ်းပေမယ့် ကိုယ့်ဘက်ကတော့ သူရက်စက်လေ ပိုချစ်လေဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ။

"နင် ငါ့ကို မမြင်ချင်လောက်အောင်တောင် မုန်းနေလား လလ"

လလ မျက်နှာ ဆတ်ကနဲ လှည့်လာပြီး-

"နင် ကိုယ်ချင်းစာကြည့်ပေါ့…နင်တောင် နင့်အစ်ကိုနဲ့ ပတ်သက်ပြီး တို့မိသားစုကို မုန်းခဲ့သေးတာပဲ။ ငါက အစ်မသေ၊ အဖေက ထောင်ကျ…"

"မဟုတ်ဘူး လလ"

"ဘာမဟုတ်တာလဲ"

"နင်တို့မိသားစုကို ငါ ဘယ်တုန်းကမှ မမုန်းခဲ့ဘူး"

"ပုခက်ထဲက ကလေးကို သွားပြော"

"ငါ တကယ်ပြောနေတာ လလ…ဟုတ်တယ်…အစက တော့ ငါ မုန်းဖို့ ကြိုးစားကြည့်ခဲ့တယ်။ ဒါပေမယ့် ငါ မုန်းလို့မရခဲ့ ဘူး"

နှုတ်ခမ်းလေးကို မဲ့ပြီး လလ မျက်နှာလွှဲလိုက်၏။ ဒီအပြော တွေကြောင့် လလ အရည်ပျော်သွားလိမ့်မယ်လို့ ထင်နေလား မသိပ် ဘူး။ တစ်ခါတလေ ငယ်ဘ၀ကို လွမ်းသလိုရှိပေမယ့် လွမ်းတာ နာတာနဲ့ပဲ ဖြေခဲ့တာလေ။

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"

"ရန်သူတောင် လက်နက်ချရင် ကျေအေးရသေးတာပဲ…နင်နဲ့ ငါက ရန်သူတွေမှ မဟုတ်ကြတာ"





လလရင်ထဲမှာ နင့်တင့်တင့်ကြီးဖြစ်သွားပြီး ချက်ချင်းပဲ ကျောခိုင်းပစ်လိုက်သည်။ မပြောရက်ရင် နောက်ခိုင်းပြောမယ်ဆိုတာ မျိုးပေါ့။

"စိတ်ကူးယဉ်မနေနဲ့ ကေရာစ်…ကျေအေးရအောင် ဒါ…စစ် မြေပြင် မဟုတ်ဘူး။ တို့ကြားမှာရှိနေတာက အသက်ကြွေးတွေ… ဆုံးရှုံးခဲ့တဲ့ဘ၀…အရှက်နဲ့ဂုဏ်သိက္ခာ။ အဲဒါတွေအတွက် ငါ့ကို အရေးလာမချနဲ့။ ငါ ဘယ်တော့မှ ကျွတ်တမ်းဝင်မှာမဟုတ်ဘူး"

ပြောပြီးထွက်သွားတဲ့ ဒေါက်ဖိနပ်သံက ကိုယ့်နှလုံးသားကို နင်းခြေသွားလို့ ကိုယ့်နှလုံးသား စိစိညက်ညက်ကြေသွားတဲ့ အသံ ပေါ့ပါ။

နင် ရက်စက်ချင်သလောက်သာ ရက်စက်တော့ လလ။ ငါ နင့်အမုန်းတွေပြေတဲ့အထိ ကြိုးစားမယ်။ နောက်ဆုံး နင် ငါ့ကို သတ်မယ်ဆိုရင်တောင် ငါ အသေခံပါ့မယ်ဟာ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ေ၀ ❀❀ ေ၀

ဒေါ်သစ္စာဖြိုးနဲ့စကေရာစ် အပေါ်ထပ်ကနေ ဆင်းလာတော့ သွယ်ဇင်က ဆိုဖာပေါ်မှာ ခြေချင်းချိတ်ထိုင်ပြီး ဝတ္ထုစာအုပ်ကို ဖတ်နေတာ အေးအေးဆေးဆေးပါ။ သူတို့လာတာကိုပင် ဖယ်ပေးရကောင်းမှန်းမသိ ထိုင်နေတာ အခန့်သားမို့ ဒေါ်သစ္စာဖြိုး မျက်မှောင်ကြုတ်သွားလေသည်။

အိမ်ရှင်ကို နေရာမပေးရအောင် ဒီကောင်မလေး နေပုံထိုင်ပုံ မှုပျက်နေခဲ့တာ ကြာပြီ။ ခိုင်းရင်လည်း ပေတိပေကပ်နဲ့။ လူကို ပြန်ကြည့်တဲ့မျက်လုံးတွေက ပြန်ပြောချင်သလိုလို ဘာလိုလို။ ဘာအကြောင်း ချီးနေတာလဲလို့ သူမ စောင့်ကြည့်နေခဲ့တာ ကြာပြီလေ။

အခုတော့…

"သွယ်ဇင်"

"…………"





"ဟဲ့…သွယ်ဇင်"

နောက်တစ်ခါခေါ်တော့မှ မျက်လွှာပင့်ကြည့်ပေမယ့် [illegible]ကတော့ အန်မပျက် ထိုင်နေဆဲပါ။

"နင်က အိမ်ရှင်လာတာတောင် နေရာဖယ်မပေးချင်လောက်အောင် ဘာမာန်တွေ တက်နေတာလဲ…ပြောစမ်းပါဦး"

"ဆိုဖာတွေက အများကြီးပဲလေ။ အန်တီတို့ ကြိုက်တဲ့ဆိုဖာမှာ ဝင်ထိုင်လို့ ရနေတာပဲဥစ္စာ"

"ဘာ"

"သွယ်ဇင်"

ညွှန့်သည်က ဆန့်တစ်ခွက်ကျူးလို့တော့ ပြောလို့မရပေ။ အိမ်ရှင်ကို ပြန်ပေါင်တဲ့ခွေးလို မျက်နှာတည်နှင့်ပြောလေတော့ ဒေါ်သစ္စာဖြိုး အံ့သြပြီးရင်း အံ့သြပါပဲ။ အရင်ကခေါ်တာ မေမေကြီး တဲ့။ သူမရှေ့ရောက်ရင် အမြဲတမ်း ခေါင်းငုံ့ထားတဲ့သူကများ…

အခုတော့…

"ညည်း ဘာစကားပြောတာလဲ သွယ်ဇင်…ဆိုဖာတွေ ဘယ်လောက်ပဲများများ ညည်းတို့နဲ့ တန်းတူရည်တူ ထိုင်ခွင့်ရှိလို့လား။ ဘယ့်အခွင့် ကိုယ်သိလေ…ရှုးသလိုလိုနဲ့ အိမ်ဦးခန်း ချေးတက်ယိုတာ မျိုး မလုပ်နဲ့။ အခု…ဖယ်စမ်း"

"မဖယ်ဘူး"

"ဘာ"

"အန်တီ မသိရင် အန်တီ့သားကို မေးကြည့်လိုက်။ ဒီညည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကို မကြာခင် ကျွန်မ ပိုင်တော့မှာ။ အဲဒီတော့ ဘယ်နေရာ မဆို ထိုင်ခွင့်ရှိတယ်။ ဒီလိုပြောလို့ ကျွန်မကို ခွေးမောင်းနည်း မောင်း ချမယ်တော့ မစဉ်းစားနဲ့နော်။ ကေရာဇ်နဲ့ ကျွန်မရဲ့ပတ်သက်မှု ဘယ်လို ရှိလဲဆိုတဲ့ပုံတွေ Facebook ပေါ်ရောက်သွားမယ်"

"ဟင်"

ဒေါ်သစ္စာဖြူး နားမလည်နိုင်စွာ သားမျက်နှာကို ကြည့်လိုက် တော့ ကေရာဇ် သိသိသာသာ မျက်နှာပျက်သွားလေသည်။ ကိုယ် မဟုတ်တာ ဘာမှလုပ်မထားပေမယ့် သူလုပ်ထားတာတွေက နုတ် ခက်တဲ့ဆူးတွေပါ။ လလက ကူညီမယ်လို့ ပြောထားပေမယ့် ဒီဓာတ် တွေကို မဖျက်ရသေးသရွေ့တော့ ရင်လေးနေရသေးတာပါပဲ။

သူ့မှာ…

ကိုယ့်ထမင်းကိုယ်စားပြီး အိမ်ရှင်က ကိုယ်ခွေးထားတဲ့ မြန်ကိုက်မှာကို ကြောက်နေရသလိုပါပဲ။

"နင်…နင့်အစ်မနဲ့ပြိုင်ပြီး ရူးနေသလား သွယ်ဇင်… တောင်းတဲ့စည်းစိမ်တစ်ဝက်ဆိုတာကို ငါ ပေးမယ်လို့ မပြော ဘူးနော်"

"နေကြည့်လေ"

"နင် တော်တော်ယုတ်မာတဲ့ မိန်းမပါလား"

"ရှင့်အစ်ကိုကိုတော့ မမီသေးပါဘူး။ ရှင့်အစ်ကိုရဲ့ယုတ် ကြောင့် ကျွန်မတို့မိသားစု ဘယ်လောက်ဒုက္ခရောက်ခဲ့ရလဲ ရှင် လား"





"သား"

"…………"

"သူ ဘာတွေပြောနေတာလဲ။ မင်း ဘာတွေရှုပ်ထားတာလဲ ပြောစမ်းပါ။ သွယ်ဇင်နဲ့မင်းက ဘာဖြစ်လို့ စည်းစိမ်တစ်ဝက်တောင် တောင်းရတာလဲ"

"သားကို အထင်မလွဲပါနဲ့ မေမေရယ်…ဘာမှမလုပ်ဘူး။ သားကို အထင်မလွဲပါနဲ့"

"ဒါဆို…ရှင်းလေ"

ရှင်းမရအောင် ရှုပ်နေတဲ့ ဓာတ်လမ်းကို ရှင်းပြဖို့ ကေရာဇ် ကို တင်းတင်းကြိတ်လိုက်မိ၏။

"ဒီလိုပါ မေမေ"

ဒီလိုကနေ အစချီပြီး ကေရာဇ် မိခင်ကို အားလုံးပြောပြလိုက် ည်။ ကိုယ်က သနားလို့ ကူညီလိုက်တာကို သွယ်ဇင်က အခွင့် ောင်းယူလိုက်တာလေ။ ဒီအတွက် သူ့မှာ စိတ်ညစ်နေခဲ့ရတာ။ င်ကိုလည်း စိတ်ဆင်းရဲမှာစိုးလို့ မတိုင်ပင်ခဲ့တာလေ။ အခု သူက ခင်ကတည်းက ရူးပြီးမာန်တက်နေတာ။

"အဲဒီကိစ္စအတွက် စည်းစိမ်တစ်ဝက်တောင် တောင်းတာဆို ာ မများလွန်းဘူးလားအေ… သိန်းတစ်ရာ၊ နှစ်ရာဆို တော်သေးရဲ့"

"တောင်းသင့်လို့ တောင်းတာလေ။ သားအငယ်ဆုံးနဲ့ မြေးဦး ာတူ မျှခံစားခွင့်တော့ ရှိတာပေါ့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ရှင့်သားရဲ့ယုတ်မာမှုကြောင့် ကျွန်မရဲ့မမခမျာ မျက်နှာငယ်ငယ်နဲ့ ရှင်တို့မြေးကို မွေးခဲ့ရတာ။ အခု မမက စိတ်ဝေဒနာ ရှင်။ ကလေးရဲ့ရှေ့ရေးအတွက်…"

"မဖြစ်နိုင်ဘူး…အဲဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဒေါ်သစ္စာဖြိုး ခေါင်းတခါခါနှင့်ပါ။ သေသူစကားမတတ်ပုံ မျိုးနဲ့ ဘယ်သူနဲ့ရမှန်းမသိတဲ့ ကလေးကို သူမ လက်မခံနိုင်ပေ။ ကိုယ့် သားက သေသွားပြီ။ သေသွားတဲ့သူကို လက်ညှိုးထိုးပြီး အမွေဆက်ခံ ချင်လို့ရမလား။ လူလိမ်လူညာဆိုတာ ဦးချိုပေါက်နေတာမှ မဟုတ် တာ။ သူများနဲ့ရတော့ရော ဘာသိမှာတဲ့လဲ။

"နင်ပြောတိုင်း လက်ခံရအောင် တို့က အရူးတွေမဟုတ်ဘူး သွယ်ဇင်…နင့်မမ ဘယ်သူနဲ့ဖြစ်မှန်းမသိတာကို ငါ့သားဆိုပြီး လက်ညှိုးမထိုးနဲ့"

"အန်တီ စကားပြောတာ ကိုယ်ချင်းစာပြီးပြောပါ။ ကျွန်မ မမက…"

"ဟော့…အဲဒါဆိုလည်း နင့်မမ လက်ခံလို့ဖြစ်တာ။ ဘုန်းကြီး အမှု ရှာမပတ်နဲ့။ ငါ့သားကေရာစ် အိမ်ထောင်ပြုလို့ရလာမယ့်ကလေး ကလွဲရင် ဘယ်ကလေးကိုမှ ငါ့မြေးအဖြစ် လက်မခံနိုင်ဘူး။ တစ်ယောက်ကစရင် တစ်ရာ…ဒီတစ်ယောက်ကို လက်ခံလိုက်ရင် နောက်ထပ် ငါ့မြေးဆိုပြီး ထပ်ပေါ်မလာနိုင်ဘူးလို့ ပြောလို့ရမလား"

ဒေါ်သစ္စာဖြိုးပြောတာ မှန်ပါသည်။ လူလိမ်လူညာတွေ ဒီလောက်ပေါနေတာ…ကလေးလက်ဆွဲလာပြီး ကိုယ့်မြေးဆိုတိုင်း





အမွေခွဲပေးရရင် ရှိတဲ့စည်းစိမ်ပြုတ်သွားမှာပေါ့။ ကိုယ့်သားက သက်ရှိ ထင်ရှားရှိနေရင်တော့ ဟုတ်တယ်ဆို လက်ခံရတာ တစ်မျိုးပေါ့။

"မပေးနိုင်ဘူးဆိုလည်း ရပါတယ်။ ကျွန်မကတော့ ကိုယ် လုပ်စရာရှိတာ ဆက်လုပ်မှာပဲ။ ကျွန်မတို့ကတော့ ဒီထက် တိုးရှက် စရာမရှိတော့ဘူး။ ပတ်ဝန်းကျင်ရဲ့လက်ညှိုးတွေအလယ်မှာ ခေါင်း မဖော်ဝံ့အောင် ရှက်ခဲ့ကြရတာ…ခုမှ မဟုတ်တော့ဘဲ"

"လုပ်လေ…မင်းတောင် အပျိုလေးတန်မဲ့ အရှက်မရှိရင် လုပ်ပေါ့…ငါက ယောကျ်ားလေး"

"အဟွန်း"

မဲ့ပြုံးပြုံးလိုက်ခြင်းရဲ့နောက်မှာ နာကျင်မှုတွေက ရင်ဘတ်ထဲမှာ စူးကနဲ၊ နင့်ကနဲပါပဲ။ ထိန်းထားတဲ့ကြားမှပဲ မျက်ရည်တွေက ဝေ့လာ သည်။

"အပျိုလေး…ဟုတ်လား…ဟား…ဟား…ဟား…ဟား"

ရင်ထဲပေါ့သွားအောင် ရယ်လိုက်ပေမယ့် ပေါ့မသွားပေ။ ကိုယ့် ဘဝ၊ ကိုယ့်ခံစားချက်တွေကို ကိုယ်ပဲသိတာပေါ့။ သွယ်ဇင် ထရပ် လိုက်ခြင်းမှာ မျက်ရည်က ပေါက်ကနဲကျလာ၏။

"အစ်ကိုက မိသားစုတာဝန်ကိုမယူဘဲ သူသွားချင်ရာသွား လျှောက်ပြီးလမ်းသလားနေတဲ့သူ။ ညီအစ်မနှစ်ယောက်ပဲ တိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ်နဲ့ ဘဝအတွက် ရုန်းကန်နေကြရတာ။ မမက ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ပြီး ကျွန်မကို ကျောင်းထားခဲ့တာလေ။ မင်းထိပ်ခေါင်နဲ့တွေ့ပြီး ချစ်သူတွေဖြစ်တဲ့နောက်ပိုင်းမှာ မမ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်ရတယ်။ ဘာကြောင့်မှန်း ကျွန်မ မသိခဲ့ဘူး။ နောက်တော့မှ မမမှာ မင်းထိပ်ခေါင်နဲ့ ရတဲ့ကိုယ်ဝန် ရှိနေတယ်တဲ့"

မျက်ရည်တွေနှင့် ပြောပြနေတဲ့ သွယ်စင့်ကိုကြည့်ပြီး ကေရာစ်သနားစိတ်ကလေး ဝင်လာလေသည်။ အဲဒီလိုသနားလို့ သူ့ညှတ်ကွင်းမှာမိခဲ့ပြီးပြီလေလို့ တွေးပြီး စိတ်ကို ပြန်ထိန်းလိုက်ရ၏။ ဒါ… မျက်ရည်အစစ်လား။ မာယာမျက်ရည်တွေလား။

"မင်းထိပ်ခေါင်ကိုပြောတော့ သူနဲ့လို့ မစွပ်စွဲနဲ့ဆိုပြီး အခြားလူနဲ့လိုလို မမကို သွားပုပ်လေလွှင့် ပြောခဲ့တယ်။ ကိုကြီးသိတော့လည်း သတ်မယ်ဖြတ်မယ်နဲ့ပေါ့။ နောက်တော့ ကိုကြီးက ရှက်တယ်ဆိုပြီး ထိုင်းဘက်ကို ထွက်သွားတယ်။ အဲဒီအချိန်မှာ ကျွန်မဘာဝ ဘာဖြစ်ခဲ့တယ်လို့ ရှင်တို့ ထင်ခဲ့ကြသလဲ"

မေးလိုက်တာ အံကြိတ်သံနှင့်ပါ။ မျက်ဝန်းကလည်း ဒေါသမာန်မာနရိပ်တွေ ပြည့်လို့ပါပဲ။

"နင့်ဘဝ ဘာပဲဖြစ်ဖြစ် တို့…စိတ်မဝင်စားဘူး သွယ်စင်… ငါ ပြောချင်တာ နင့်ကို ငါ အခုပဲ အလုပ်ထုတ်တယ်…ထွက်သွား။ ထွက်မသွားရင် ရဲစခန်းကို ဖုန်းဆက်လိုက်မယ်"

"အို…ခဏလေး သည်းခံပြီး ကျွန်မစကားကို ဆုံးအောင် နားထောင်ပါဦး ဒေါ်သစ္စာဖြိုးရဲ့။ ပြီးမှ ကြိုက်သလို ဆုံးဖြတ်ပေါ့"

"တောက်"

ဒေါ်သစ္စာဖြိုး တက်ခေါက်ပြီး မျက်နှာလွှဲလိုက်စဉ်-

"မမ ကိုယ်ဝန်ရှိလာတဲ့အချိန်ကစပြီး မမက အပြင်မထွက်





စီးပွားရေးကိစ္စလည်း စိတ်မဝင်စားတော့ဘဲ မီဘတွေထားခဲ့တဲ့ ပစ္စည်းလေးတွေပဲ ရောင်းချစားသောက်ခဲ့ရတာလေ။ မမ ကလေးမျက်နှာမြင်ရချိန်မှာ မင်းထိပ်ခေါင် အသတ်ခံရတဲ့သတင်း ကြားလိုက်ရတော့ ချစ်တဲ့စိတ်တစ်ခုနဲ့ ရှျောလင့်နေတဲ့ မမခမျာ စိတ်ဖောက်ပြန်သွားခဲ့တယ်"

သွယ်စင် မျက်ရည်ကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းသုတ်ပြီး ဆက်ပြောသည်မှာ-

"ကလေးရဲ့နို့ဖိုး…မမကို ဆေးကုဖို့အတွက် ငွေလိုနေတဲ့ ကျွန်မလေ ငွေရပြီးရောဆိုတဲ့စိတ်နဲ့ ငွေနောက်ကို လိုက်ခဲ့တာ။ နောက်ဆုံးတော့ သွယ်ဆိုရင် ညမှဆိုးတွေ မသိသလောက် ဖြစ်လာခဲ့တာ။ ကျွန်မဘာဝကို သိပြီဆိုတော့ စဉ်းစားကြပေါ့။ ကျွန်မအတွက် က ဘာမှမထူးဆန်းတော့ဘူး။ ကျွန်မနဲ့တွဲပြီး ရှင့်သား Facebook ပေါ်ရောက်သွားတာ ခံနိုင်ရည်ရှိတယ်ဆိုရင်…"

"တော်စမ်း သွယ်စင်"

ဒီလို မိန်းမပျက်မနဲ့တွဲပြီး အဲဒီလို ဒေါ်သစ္စာဖြိုး အဖြစ်မခံနိုင်ဆဲ။ ကိုယ့်သားလေးက ယင်မတောင် အသန်းမခံဖူးတဲ့ ဖြူစင်သူ။

"ကောင်းပြီလေ…ငါ့သားရဲ့ အရှက်နဲ့ဂုဏ်သိက္ခာအတွက် နင် တောင်းတာကို ငါ ပေးမယ်"

"မေမေ"

"ဒီအိမ်မှာ ပြေးကြည့်မှ ဒီသားအမိသားအဖ သုံးဆောက် ဘည်းပဲရှိတာ။ ပစ္စည်းဆိုတာ သခါရပါ သားရယ်…ကျော်တဲ့စည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်နဲ့ သားရဲ့ဉာဏ်စွမ်းဉာဏ်စ ပေါင်းလိုက်ရင် ဒီထက် ဆယ်ဆမက ဖြစ်လာလိမ့်မယ်လို့ မေမေ ယုံကြည်တယ်။ မင်းဖေဖေလည်း ဒီကိစ္စကို သဘောတူမှာပါ။ သားရဲ့အရှက်နဲ့ဂုဏ်သိက္ခာကို မေမေ အထိခိုက်မခံနိုင်ဘူး။ မေမေတို့က အရှက်နဲ့ လူလုပ်နေကြတာ"

"ဩော်…ပေးမယ်ပေါ့…ဟုတ်လား"

မချိလို့ သွားဖြဲရယ်တယ်လို့ မမှတ်ပါနဲ့ဆိုတာမျိုး။ သွယ်စင် နှုတ်ခမ်းသားတွေ ပြုံးနေပေမယ့် ရင်ထဲမှာတော့ နေလိုမီးလိုပါ။ တကယ်တမ်းပေးမယ်ဆိုတော့ ဒါတွေရဖို့အတွက် ရင်းလိုက်ရသည့် ဖြစ်ခဲ့သည့် ဘဝတွေအတွက် သူတို့ပေးမယ့် စည်းစိမ်ကပဲ ရှုံးရလိုင် ဘာလိုလို။

"ဟင်"

ဖုန်းလာနေသဖြင့် ကေရာစ် ဖုန်းကို နားမှာကပ်လိုက်စဉ်—

"ဟဲလို…ပြော…လလ"

"ကေရာစ်…ဓာတ်ပုံကိစ္စ နင် ဘာမှတွေးပြီး စိတ်ပူမနေ တော့…ငါ အကုန်ဖျက်ပြီးပြီ"

"ဟင်"

"အဲဒါ ငါ လှမ်းပြောတာ"

"နင် ဘယ်လို"

"မေးမနေနဲ့တော့…တွေ့မှ ငါ ပြောပြမယ်။ သူများကိုသ ယုတ်မာတယ်ပြောတာ။ အဲဒီအောင်ဇင်ဖြိုးဆိုတဲ့ကောင်လည်း မ ရှုပ်တာပဲ။ သူ့ညီမတွေ ဘဝပျက်တာ ဝဋ်လည်တယ်လို့ ခေါ်ရမ





"ဟင်"

တစ်ဖက်က ပြောနေတာ ဘယ်သူလဲ။ ကိုယ့်အစ်ကိုရဲ့နာမည် ပါနေတာမို့ သွယ်စင် သူတို့ ဘာဆက်ပြောမလဲ စိတ်ဝင်စားနေမိစဉ်

"ဒါပဲနော်၊ အကြောင်းစုံကို ငါ သင်တန်းရောက်မှ ပြောပြမယ်"

"အေး…အေးပါ"

ကေရာစ် ဖုန်းချပြီး မေမေ့ဘက်သို့ လှည့်လိုက်ကာ—

"မေမေ"

"အဲဒီတစ်ယောက်ကရော ဘာတဲ့လဲ…သား"

မျက်လုံးက သွယ်စင့်ဆီသို့ ရောက်သွားလေ၏။ ပြောရမှာ အားတော့နာပါတယ်လေ။ ဒါပေမယ့် မင်းအကြံတွေ မအောင်မြင် တော့ဘူး သွယ်စင်။

"သွယ်စင်တို့အတွက် သားတို့ကို ခြိမ်းခြောက်စရာလက်နက် ဖြစ်နေတဲ့ ဓာတ်ပုံတွေကို လလက ဖျက်နိုင်ခဲ့ပြီတဲ့ မေမေ"

"ဘာ"

ဘာဆိုတာက သွယ်စင့်ဆီက အသံပါ။ ရုပ်ပျက်ဆင်းပျက် ခေါင်းကို ခါယမ်းလိုက်ပြီး–

"မဖြစ်ရဘူး…အဲဒီလို မဖြစ်ရဘူး"

ပြောပြီး ပြေးထွက်သွားတာ အရှုံးတစ်ယောက်လိုပါ။ ရှုံးတော့ ရှုံးနေကြတာပါပဲ။ အတ္တရှုံး၊ မာနရှုံးတွေ။ ကိုယ့်ကျတော့ အချစ်ရှုံး သွားပါလေ။

"လလနဲ့ သားက…"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေအတွက် သားက သွေးလှူခဲ့လို့ဆိုပြီး ဒီကိစ္စမှာ သူက ပြန်ပြီးကူညီတာပါ မေမေ"

"တော်ပါသေးရဲ့"

ဒေါ်သစ္စာပြီး ခုမှပဲ သက်ပြင်းချမိတော့၏။ စိတ်ကို လျှော့ချလိုက်တာပါလေ။ စည်းစိမ်တစ်ဝက်နဲ့ သားအရှက်ကို လဲဖို့ကြိုးစားခဲ့တာ အခုပေးစရာမလိုတော့ဘူးလေ။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စအတွက်တော့ လနတ်သမီးကို ကျေးဇူးတင်ရမည်။ ဒါ မေတ္တာတရားရဲ့ အတုံ့အလှည့်ပဲပေါ့။

အရင်ကတော့…

မျက်နှာချင်းမဆိုင်ချင်လောက်အောင် မုန်းခဲ့တာလည်း တန်ဖြစ်သက်ရောက်မှုပဲပေါ့။ မုန်းခဲ့တာ စောစောအထိပါပဲ။ အခုကျတော့ ကျေးဇူးတင်ရပြန်ပြီလေ။ အရေးကြီးတော့ သွေးစည်းတယ်ဆိုတာ ဒါမျိုးလား။

"သား…လလနဲ့ သွားတွေ့လိုက်ဦးမယ် မေမေ"

"အေး…အေး"

ဒီတစ်ခါ မေမေ ဆွေ့ဆွေ့ခုန်ပြီး မတားတော့ပေ။ အဲဒီအတွက် ကောရာစ် ဝမ်းသာရတော့မှာလား။ ဟိုဘက်က ဦးနိုင်မင်းသည်လည်း ကိုယ့်အပေါ် မမြင်လို ဝန်တိုစိတ်ထားကင်းသွားပြီဆိုတော့…

လလရယ်… နင့်အပြုံးတွေ ပြေပါတော့နော်။

❀❀❀





# အခန်း (၂၄)

"ဘယ်လို…နင်က ကလပ်ကို သွားခဲ့တယ်…ဟုတ်လား… လလ…ဘာလို့ သွားရတာလဲ"

"မသွားလို့ မရဘူးလေ…အောင်ဇင်ဖြိုး ကျင်လည်ကျက်စား ခဲ့နေရာကို ငါလည်း သွားရတာပေါ့"

"ကျွတ်"

ကလပ်သွားတိုင်း ပျက်စီးနေကြတာ မဟုတ်ပေမယ့် ကိုယ် …ည်း တစ်ခါမှမသွား။ လလ သွားမိတဲ့တစ်ခါကိုလည်း မကြိုက် …။ အေးလေ…သွားပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ နတ်ယူလို့ရတဲ့ …ရာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"သွယ်ဇင်သာ ငါ့ကို သိတာ။ အောင်ဇင်ဖြိုးက ငါ့ကို သိတာမှ မဟုတ်ပဲလေ။ အဲဒါကြောင့် အောင်ဇင်ဖြိုးအကြောင်းကို စုံစမ်းပြီး ငါ သွားခဲ့တာ။ ကလပ်ရောက်တော့ ငါကတောင် စမရော လိုက်ရပါဘူး။ သူက အရင် ငါ့ကို လာရောတာ"

ပြောနေရင်း လလ ညကအဖြစ်အပျက်ကို ပြန်မြင်ယောင်လာသည်။ မြင်ယောင်မိသမျှအတိုင်း စကားလုံးတွေကလည်း လိုက်လျော ညီထွေ ပြောပြနေမိ၏။

လလ…

သူငယ်ချင်းမေလေးနဲ့အတူ ကလပ်ထဲကိုရောက်တော့ အခြေအနေကို အကဲခတ်ရင်း ထိုင်နေစဉ်မှာပဲ အောင်ဇင်ဖြိုးက လလကို အရင်မြင်သွားပြီး…

"ဟာ…လန်းလှချေလား။ ဒီနိုင်းက မိုက်တယ်…ရုပ်ကမိတယ်။ လာလေ…အတူတူ ကရအောင်"

"ဖြည်းဖြည်းပေါ့"

"တို့…ဒီမှာထိုင်လို့ရမလား"

"ရပါတယ်"

"OK…ခဏလေးနော်"

အောင်ဇင်ဖြိုး သူ့သူငယ်ချင်းတွေဆီ ခဏပြန်သွားပြီးနောက် ပြန်လာသည်။ လူက တော်တော်မူးနေပုံပါပဲ။ အနံ့အသက်တွေကို မခံနိုင်ပေမယ့် ကိုယ်က အကြံနှင့်လာသူမို့ သည်းခံရတာပဲပေါ့။ ဒီနေရာမျိုးကို လလ တစ်ခါမှ မရောက်ဖူးတော့ မျက်စိလည်းရှုပ်နားလည်းပူ။

မေလေး မျက်နှာလေးမှာတော့ သိသိသာသာ ရှုံ့မဲ့နေလို့ပါပဲ။ လလကတော့ မချစ်သော်လည်း အောင့်ကာနမ်းဆိုတာမျိုး ကိုယ့်မျက်နှာ ရှုံ့မဲ့နေလို့ မဖြစ်တာကြောင့် အပြုံးကိုပဲ အသုံးချ၍သာ။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"သူ့နာမည် အရင်ပြောလေ"

"တို့နာမည်က အောင်ဇင်ဖြိုးပါ"

"တို့နာမည်က ရွှေမှုံရတီ"

"မင်းသမီးနာမည်ပါလား…တကယ်လား…မနောက်နဲ့နော်။ တို့က အကောင်းမေးနေတာကို"

"ခင်လို့စတာပါ။ တို့နာမည်က မှုံရတီပါ"

ပါးစပ်ထဲ တွေ့ရာပြောထည့်လိုက်တာ အေးရော။ ဒါကိုပဲ ယုံကြည်ကာ-

"နာမည်လေးက ချစ်စရာလေးနော်…လှလေးရောပဲ"

"အဲဒါ…ရေတောင်ချိုးမလာခဲ့ဘူး"

"ဟုတ်လား"

အောင်ဇင်ဖြိုးရဲ့မျက်လုံးက လလတစ်ကိုယ်လုံးမှာ တစ်ခုခုကို ခိုက်စိပ်တိုက်ရှာနေသလိုမျိုး ဖူးဖူးရဲရဲ လှျောက်ကြည့်နေတာ မနေတတ်အောင်ပါ။ ထို့ကြောင့် လက်မောင်းတစ်ဖက်ကို ကျန်တစ်ဖက်နှင့် ပွတ်သပ်နေမိရင်း-

"ဘာလို့ အဲလောက်ကြည့်နေရတာလဲ…ကျွန်မက ရှက်တတ်

www.burmeseclassic.com



တယ်ရှင်"

"ဆောရီး…တောင်းပန်ပါတယ်။ မင်းက အရမ်းလှလို့ ကြည့်မိတာပါ"

"ဟဲ့…လ…အဲ…ရတီ"

မေလေးက လလပြောတဲ့နာမည်ကို မှတ်ထားပြီး တံတောင်နှင့် တွတ်၍ခေါ်ကာ-

"သဒ္ဒါ မလာသေးပါလား…ဖုန်းဆက်ကြည့်ဦးလေ"

"ဒီလောက်ဆူညံနေတာ ကြားရပါ့မလား"

"အပြင်ထွက်ဆက်လိုက်လေ"

"အေး…အေးပါ"

လလ ဖုန်းကို ထုတ်ယူလိုက်၏။ အစကတည်းက ဘတ်ထဲ မသွင်းဘဲ အကြံနှင့်ထားခဲ့တာမို့…

"ဟယ်…"

"ဘာလဲ"

"ဘက်ထရီ မရှိတော့ဘူးဟ"

"ဟုတ်လား…နေဦး"

မေလေးက အိတ်ကိုဖွင့်ကြည့်ပြီး-

"ယောတော့"

"ဘာတုံး"

"ငါ မှန်တင်ခုံပေါ်တင်ထားတာ ဖုန်းမေ့ကျန်ခဲ့ပြီ"

"ဟယ်…ဒုက္ခပါပဲ။ အဲဒါဆို ဘာနဲ့ဆက်မလဲဟ"





"ကျွတ်"

မေလေးက ခေါင်းကုတ်ပြီး လလက ဘာလုပ်ရ…ခဲ့သေးသလဲ။ စိတ်ညစ်သွားတဲ့ပုံစံလေး လုပ်ပြလေလျှင်…

"ကဲပါ…စိတ်ညစ်မနေကြပါနဲ့။ တို့ဖုန်းကို ယူဆက်လေ"

"ရှင်"

"ယူပါ…အားနာမနေပါနဲ့…ရော့"

သူက သူ့ဖုန်းကို ထိုးပေးလာတာသည် အောင်မြင်ခြင်းတစ်ဝက်ပဲပေါ့။ ပထမတော့ လလ အားနာသလိုပုံစံနှင့် ခေါင်းခါပြီး ငြင်းပြရသေးသည်လေ။ ဒီလူ မရမကပေးမယ်ဆိုတာ ထင်ထားပြီးသားပဲဥစ္စာ။ ဒါကြောင့် သူ အတင်းထိုးပေးမှပဲ လှမ်းယူလိုက်ရင်း…

"ကျေးဇူးပဲနော်"

သူ ခေါင်းညိတ်ပြတာနှင့် လလ ကလပ်ထဲမှ ထွက်လာခဲ့တော့၏။ သူမ ဖွင့်ကြည့်လိုက်တော့ ဓာတ်ပုံဖိုင်ထဲမှာ ဓကရာဇ်နဲ့သွယ်ဇင် ဖြစ်နေပုံက လလတစ်ကိုယ်လုံးကို ဖိန်းရှိန်းသွားစေပြီး အကြည့်လွှဲလိုက်မိသည့်အဖြစ်ပါ။ မကြည့်ရဲလို့ မဖြစ်သေးပါဘူး။ ရိုက်ထားတဲ့ဓာတ်ပုံတွေက အများကြီးမို့…

ကိုယ်ဖျက်ရမည့်ပုံတွေကိုသာ လလ ဖျက်ပြီး ခပ်တည်တည်နှင့် ပြန်ဝင်လာကာ-

"မေလေး"

"ဟင်"

"သဒ္ဒါ ရောက်ကာနီးမှ ကားပျက်နေလို့…တို့ကို ခေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါဦးတဲ့"

"ဟုတ်လား"

"ဟုတ်တယ်…ဩော်…ကိုအောင်ဇင်ဖြိုး…ရှေ့…ရှင့်ဖုန်း ကျွန်မတို့ သွားလိုက်ဦးမယ်နော်…ပြီးမှ ပြန်လာခဲ့ပါ့မယ်"

"ပြန်လာမှာ သေချာပါတယ်နော်"

"အင်း…ပြန်လာမှာပါ။ မေလေး…လာ…သွားရအောင်"

"အေး…အေး"

မေလေးနဲ့လလ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ပြီး လစ်ခဲ့ကြတော့၏။ ကိုယ့်ဆန္ဒပြည့်ပြီပဲဥစ္စာ။ ဒီနေရာကို ပြန်လာ တော့မလားလေ။

ကြားရတဲ့စကားတွေကြောင့်…

ကေရာစ် စိတ်တောင်မကောင်းပေ။ တကယ်ဆိုရင် ဒီကိစ္စ အခန့်မသင့်လို့ကတော့ ဘယ်လောက်အန္တရာယ်များလိုက်ပါသလဲ

"အန္တရာယ်များလိုက်တာ လလရယ်"

"ကဲ…ကေရာစ်"

"ဟင်"

"ငါ နင့်ကို အားလုံးပြောပြပြီးပြီ။ နောက်ကို နင်နဲ့ငါ ပတ်သက် စရာအကြောင်း မရှိတော့ဘူး။ ငါ သွားမယ်"

မသွားပါနဲ့ဦးလို့ တားပိုင်ခွင့်မရှိတော့လည်း သွားပေါ့လေ ကိုယ်က ငေးကြည့်ကျန်ရစ်ခဲ့ရုံသာ။



## အခန်း (၂၅)

"အဲဒါ… ကိုကြီး အသုံးမကျတာ…အဲဒါ… ကိုကြီး အသုံး မကျလို့ပေါ့။ လန်းတာမိတာလေးတွေ ငမ်းချင်ဦးလေ။ အခု ခွဲမယ့် ဆဲဆဲ ထမင်းလုတ်ကို ပုတ်ထုတ်ခံလိုက်ရတာ…တောက်…အခု ဘယ်လိုလုပ်ကြမလဲ…ပြောပါဦး။ အမော်ခံပြီး ပြေးလာပြီးမှ အနားရောက်ခါနီးမှ ခလုတ်တိုက်လဲတာ။ စည်းစိမ်တစ်ဝက် ပြောနဲ့… အခု တစ်ဖွဲတောင် မရတဲ့အပြင် အိမ်ပေါ်က နှင်ချခံလိုက် ရပြီလေ…ကောင်းသလား"

"…………"

"အခု ဘယ်လိုလုပ်ကြမလဲ"

အောင်ဇင်ဖြိုး ဘာမှပြန်မပြောဘဲ ခေါင်းသာငုံ့ထားလိုက်မိတော့ [illegible] သူ့အပြစ်ပဲလေ။ လနတ်သမီးဆိုတာကို သူမှမသိခဲ့တာ။ သူ



www.burmeseclassic.com

www.burmeseclassic.com



သိတာက ချောတာလှတာလေးတွေဆို စိတ်ဝင်စားလို့ သွားရောမိတယ်လေ။ မင်း တော်ပါတယ် လနတ်သမီး။ ဘာတဲ့ နာမည်ကမှဲ့ရတီတဲ့။

ဗိဗိရိရိနဲ့ကို ညာသွားတာ…

ကိုယ့်အပြစ်ဆိုတော့ ညီမလုပ်သူ ပြောသမျှ ငြိမ်ခံနေရသည်သာ။ ဒါပေမယ့် မင်းနဲ့တွေဦးမှာပါ လနတ်သမီးရယ်။ မင်း ဖျက်သွားတဲ့ဓာတ်ပုံတွေအတွက် မင်းဆီက တစ်ခုခုတော့ ပြန်ယူရလိမ့်မယ်။ မင်း ပေးဆပ်ဖို့သာ ပြင်ထားပေတော့။

"ကိုကြီး"

"ဟင်"

"အဲဒီလိုပဲ ငုတ်တုတ်ကြီးထိုင်ပြီး ငြိမ်နေတော့မှာလား ကိုကြီးရဲ့"

"အခုလောလောဆယ်အဖို့ ဘာလုပ်လို့ရမှာလဲ ညီမလေးရဲ့ နောက်မှ ဘာလုပ်ရမလဲ စဉ်းစားရမှာပေါ့"

"တောက်…မုန်းလိုက်တာ"

"ဟင်…ဘယ်သူ့ကိုလဲ"

"ဘယ်သူရှိရဦးမှာလဲ…အဲဒီလနတ်သမီးဆိုတဲ့ မိန်းမကိုပေါ့။ ပြီးတော့ ကေရာဇ်တို့သားအမိ…ဒင်းတို့ကို မကျေဘူး။ တစ်နည်းနည်းနဲ့ ဒုက္ခပြန်ပေးရမယ်"

သွယ်စင်မှာ ရခါနီးမှ လက်လွှတ်ခံလိုက်ရသဖြင့် မကျေနိုင် မချမ်းနိုင်။ ဒေါ်သစ္စာဖြိုးက သူ့သားရဲ့ အရှက်နဲ့ဂုဏ်သိက္ခာအတွက်





ညည်းစိမ်တစ်ဝက် ခွဲပေးမယ်ဆိုမှ လနတ်သမီးက ဝင်ဖျက်တာ။ တွေ့ယ် ကောင်မ။

"ဟုတ်တယ် သွယ်စင်…ငါလည်း လနတ်သမီးကို ဒုက္ခပြန်ပေးမှ ကျေနပ်မယ်။ အဟွန်း…လနတ်သမီးကလည်း ကေရာဇ်တို့လောက် ချမ်းသာတယ်မဟုတ်လား"

"ပိုမယ်တောင်ထင်တယ်…ပြီးတော့ တစ်ဦးတည်းသောသမီးဖြစ်နေပြီလေ"

"တွေ့ကြသေးတာပေါ့"

"ဟင်"

နှစ်ယောက်စလုံးရဲ့ခေါင်းထဲကို ဝင်လာတာ မကောင်းတဲ့ အကြံအစည်တွေ…ဟုတ်တာပေါ့။ လနတ်သမီးက မိန်းကလေးလေ။ တစ်ခါ ကိုယ့်ဘက်က ယောကျ်ားလေးဆိုရင် ဒင်းတို့ ဘာတတ်နိုင်လဲ။ သူ့မိဘတွေက သူ့သမီးရဲ့ အရှက်နဲ့ဂုဏ်သိက္ခာအတွက် ဘာကိုတောင်းတောင်း…

ကေရာဇ်တို့လောက် ခက်ခဲနေမှာမဟုတ်ပေ။ သွယ်စင် ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်စွာ ပြုံးလိုက်မိ၏။ နင် ဘာတတ်နိုင်ဦးမှာလဲ လနတ်သမီးရယ်…

"ငါ့ကို သူ သိနေပြီဆိုတော့ သိပ်တော့ လွယ်မှာမဟုတ်ဘူး ထင်တယ်"

"ဒါဆို ကိုကြီးရဲ့သူငယ်ချင်းတစ်ယောက်ယောက်ကို အကူညီတောင်းလေ။ ယောကျ်ားလေးဆိုရင်တော့ ဖြစ်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ယောက်ကို အကူအညီ တောင်းမှဖြစ်မှာ၊ လနတ်သမီးက ယောက်ျားလေးတွေဆိုရင် အပေါင်းအသင်းမလုပ်ဘူး တဲ့"

"အိုကေ…ငါ ဒေလီယာကို အကူအညီတောင်းလိုက်မယ်၊ သူ့ကိုလည်း နည်းနည်းပါးပါး ပေးမယ်ပြောရင်…အဟွန်း"

အောင်ဇင်ဖြိုး လက်ဖျစ်တစ်ချက် တီးလိုက်ပြီး-

"အဲဒီလနတ်သမီးဆိုတဲ့ မိန်းမ ငါ့ရင်ခွင်ထဲကို ရောက်လာဖို့ ရာနှုန်းပြည့်ပဲ"

"အပြောကတော့ အကောင်ကြီးပဲ။ စားတော့မှ ပုစွန်ဆိတ် ဖြစ်နေဦးမယ်"

"အီး…ဟီး…ဟီး"

"ဟင်"

"ဟီး…ဟီး…ဟီး"

မီးဖိုချောင်ဘက်က အော်ငိုသံကြောင့် မောင်နှမနှစ်ယောက် အသံတွေ တိတ်သွားကြပြီး လှည့်ကြည့်မိကြတော့ ဆံပင်တွေ ဖွာ ဖားယားနှင့် ထဘီစကို ချိုင်းကြားညှပ်ပြီး မီးဖိုချောင်ထဲကနေ ထွက်လာ တာ နွယ်ဇင်ပါ။

"နွယ်ဇင်…ဘာဖြစ်လာတာလဲ"

"ငါ ဗိုက်ဆာလို့ပါဆို…ဟိုမိန်းမကြီးက ထမင်းမကျွေးဘူး ဟီး…ဟီး"

"အခု ဒေါ်တူး ဘယ်မှာလဲ"





"ဒီမှာပါ မောင်အောင်"

နောက်ကနေလိုက်လာတဲ့ ဒေါ်တူးလက်ထဲမှာက ထမင်း ပန်းကန်နှင့်ပါ။ ထမင်းတွေက အငွေ့တထောင်းထောင်း ထနေဆဲပါပဲ။ ဒေါ်တူးက မကျွေးတာတော့ မဖြစ်နိုင်။ နွယ်ဇင် ကိုကျွတာပဲဖြစ်မှာပါ ဟု တွေးနေဆဲမှာပဲ-

"ထမင်းအိုးက ကျကာစဆိုတော့ ပူနေလို့ ခဏစောင့်ဖို့ ပြော တာပါ မောင်အောင်…ဒေါ်တူးလည်း အေးသွားအောင် လုပ်ပေးနေ တာပါ။ အဲဒါကို သူက ရေလောင်းထည့်မယ် တကဲကဲလုပ်နေလို့ တားတာပါ"

"နွယ်ဇင်"

"ဘာလဲ"

"နင် သူများကို ဒုက္ခပေးပေါင်းတွေ များနေပြီနော်။ ဒီမှာ တို့ စိတ်ညစ်နေတာ…သိလား"

"စိတ်ညစ်နေရင် လျှော်ပေါ့…ဘာလဲ…ငါ လျှော်ပေးရ မလား။ ဘယ်ဆပ်ပြာအမျိုးအစားကြိုက်လဲ…ပြော"

"တောက်"

"ကိုကြီး"

အောင်ဇင် ထရပ်လိုက်တော့ သွယ်ဇင်က ဆွဲထားလေသည်။ သူက ထစ်ကနဲဆို လက်ပါဖို့ပဲလေ။ ဒါကြောင့် သွယ်ဇင်ကလည်း တစ်ခါတလေ အဲကောင်ကို အိပ်နေရင် ငါ သတ်ပြမယ်…ငါ သတ်မယ်နဲ့ ပြောနေလို့ ကိုကြီးအိပ်နေရင် သွယ်ဇင် မမကို အငြိမ်မပေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လေ။ စိတ်ဝေဒနာရှင်ဆိုတော့ မလုပ်ဘူးလို့မှ မပြောနိုင်တာ။

အိပ်ပျော်နေတုန်း တစ်ခုခုလုပ်လိုက်ရင် ဒုက္ခ။

ဒါကြောင့် ကိုယ်တွေမှာ စီးပွားရေးမပြေလည်တဲ့ကြားကပဲ ဒေါ်တူးကို ခေါ်ထားရတာပါ။ ကိုယ်က သူများအိမ်မှာ သွားကျွန်ခံပြီး ကိုယ်ရတဲ့လစာကို ဒေါ်တူးပေးရတာပါ။ စားရေးသောက်ရေးအတွက်ကတော့ တစ်ပတ်တစ်ခါလောက် အပြင်ထွက်ပြီး လှုပ်ရှားရတာပဲလေ။ ဩော်…မလွယ်လိုက်တဲ့ ဘဝရယ်။

"ကိုကြီးကလည်း ချော့ပြောမယ်မရှိဘူး…ထစ်ကနဲဆိုလက်ပါဖို့ပဲ။ မေး…ဒေါ်တူး…မမကို သွယ်ဇင်ပဲ ကျွေးလိုက်မယ်"

သွယ်ဇင်…ဒေါ်တူး လှမ်းပေးတဲ့ ထမင်းပန်းကန်ကို လှမ်းယူရင်း-

"သားသားကိုရော ဘာဟင်းနဲ့ ထမင်းချိုင့်ပြင်ပေးလိုက်လဲ ဒေါ်တူး"

"ကြက်ဥကြော် ထည့်ပေးလိုက်ပါတယ်"

"ဩော်"

ကလေးအတွက်လည်း စိတ်မကောင်းဖြစ်သွားရသည်။ သူ့ခမျာ သူများတွေလို ဟင်းကောင်းကောင်းနဲ့ ထမင်းချိုင့်ထည့်သွားရတဲ့ရက်က ခပ်နည်းနည်းရယ်။ ဝဋ်ကြွေးတွေရှိရင် မြန်မြန်ကျေကြပါစေတော့။

"လာ…မမ"

❀❀❀





## အခန်း (၂၆)

ဦးခိုင်မင်း ဆေးရုံကဆင်းလာပြီးမှ ကေရာစ် သွားဦးမယ်ဆိုတာကို မိခင်ဖြစ်သူက မတားတော့ပေ။ တစ်ဦးကိုတစ်ဦး အပြန်အလှန်ညီမကြီးရင်း အမုန်းမီးတွေတောက် အားပျော့သွားခဲ့ပါပြီ။ ဘယ်လောက်ပဲ မုန်းကြမုန်းကြ အခုချိန်မှာ ပြန်စဉ်းစားမိတော့ ဒေါသ၊ [illegible]ပါ၊ အတ္တတွေကြောင့် သူတို့အားလုံး ပူလောင်ခဲ့ကြရတာ။

ခုတော့…

နားလည်သလို ရှိကြပါပြီလေ။ အရေးကြီးတော့ မကျေညီဘဲနေနိုင်ခဲ့ကြဘူးမဟုတ်လား။ ကေရာစ်…လလတို့အိမ်ကိုရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာလာလုပ်တာလဲ…ကေရာဇ်"

"ငါ အန်ကယ့်ဆီကို လာတာပါ"

"နင့်ကို ငါ ဘာပြောထားလဲ"

"နင်…အဲလောက်ကြီး ကျယ်မနေနဲ့ လလ။ ငါ အန်ကယ့် အခြေနေကို သတင်းလာမေးတာပါ။ အန်ကယ်က နင်ထုတ်ရင် ငါ ချက်ချင်း လှည့်ပြန်မယ်။ လူကြီးတွေက ပြေလည်ချင်နေတဲ့ဥစ္စာကို နင်က ဘာဖြစ်နေတာလဲ။ အခု ငါ့မေမေဆိုရင်လည်း နင့်ကို ကျေးဇူး တင်လွန်းလို့ ငါ ဒီကိုလာတာတောင် ဘာမှမပြောဘူး"

"ဘာ"

"ဒေါသဆိုတာ ကြာရှည်မွေးမြူထားလို့ ကောင်းတဲ့အရာ မဟုတ်ဘူး။ နင် တစ်သက်လုံး ပူလောင်နေချင်လား…ပြော"

"ဟုတ်တယ်"

ပြောပြီး နှုတ်ခမ်းက တင်းတင်းစေ့သွားလေသည်။ သူ့အစ [illegible] ယုတ်မာတာ သူနဲ့မဆိုင်ဘူးဆိုပေမယ့် သွေးရဲ့တော်စပ်မှုကြောင့်ကို [illegible] လလ သူ့ကို ရွံတာပါ။ စရိုက်ချင်းမတူတာလည်း မှန်ပါတယ်။ ဒါ [illegible] မယ့် စိတ်က တရားချလို့မှ မရပဲလေ။

"နင်…အဲလိုပူလောင်နေတော့ရော သေတဲ့သူတွေက ပြန် [illegible] လာမှာလား…ပြောပါဦး။ ပြီးခဲ့တာတွေကို ချေးခြောက်ရေနွေးသ [illegible] ဖူးပြီး အနံ့ခံနေလို့ကတော့ သဘာဝတရားနဲ့ ထုံးမွှမ်းထားတဲ့ လော [illegible] ကြီးရဲ့အလှကို နင် ဘယ်တော့မှ သိမြင်ခံစားရမှာ မဟုတ်ဘူးလေ"

"တော်စမ်းပါ…လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေစမ်းပါနဲ့"





"သမီး"

နောက်က မေမေ့ခေါ်သံကြောင့် လလ လှည့်ကြည့်လိုက်တော့ မေမေက လျှောက်လာနေလျှင်-

"ရှင်…မေမေ"

"ဘယ်သူနဲ့ စကားပြောနေတာလဲ"

လလက မဖြေ။ ကေရာဇ်ကိုသာ မကျေနပ်စွာ စိုက်ကြည့်နေတော့ ကေရာဇ်ကပဲ-

"ကျွန်တော်ပါ အန်ကယ်…အန်ကယ့်ဆီလာတာကို ဒီမှာ ဝင်ခွင့်မပေးဘူးဖြစ်နေလို့"

"ဟင်"

ကဲ…မှတ်ကရော။ အဲဒီလိုချွန်ပေးမှ ဒီကောင်မလေး မှတ်မှာ။

"ကေရာဇ်…နင် မချွန်နဲ့နော်"

"သမီး"

"ရှင်"

"သမီးကို မေမေ ဘာပြောထားလဲ"

"……………"

"ဒေါသနဲ့ တုံ့ပြန်ရင် မီးခဲနဲ့ တောက်ပေါက်တာနဲ့တူတယ်လို့ မေမေ ပြောခဲ့တယ်လေ။ သူတစ်ပါးကို ထိဖို့မထိဖို့က မသေချာဘူး။ ကိုယ့်လက်က အရင်ပူလောင်ရတယ်ဆိုတာ မေမေ ပြောခဲ့ဖူးပါတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ…သမီးမေမေကို သွားခေါ်ချေစမ်း"

"ဟုတ်"

လလ ထွက်သွားတော့မှပဲ ကေရာစ် သက်ပြင်းချပြီး အသက်ရှဲရှဲရှူရသည့်အဖြစ်ပါ။ မဟုတ်ရင် ပြဿနာကို မီးခွက်ထွန်းရှာတယ်ဆိုတာ လလပဲလေ။ ကေရာစ်ကို မြင်တာနဲ့ ကိုက်ချင်တဲ့ခွေးလို အသံက စီစီလျှပ်နေတာ ရန်တွေ့တဲ့ စကားလုံးတွေ။ အင်း…ကိုယ့်အတွေးကို သူသိရင်တော့ ပါးပဲအရိုက်ခံရဦးမလားတော့ မသိပါဘူး။

ဒီကောင်ကလည်း အမှတ်မရှိစွာနဲ့…

ပါးကို တစ်ခါအရိုက်ခံရတိုင်း တစ်ခါပိုပြီး လလကို ချစ်နေမိတာပါ။ တောက်ခဲ့တဲ့ အမုန်းမီးတွေကို မေတ္တာရေနဲ့ ငြိမ်းသတ်ပေးကြပါတော့ဗျာ။ ကျွန်တော် မခံစားနိုင်လွန်းလို့ပါ။

"ကေရာစ်"

"အထဲဝင်လေကွာ"

"ဟုတ်ကဲ့…အန်ကယ်"

ဧည့်ခန်းထဲရောက်တော့ ထိုင်လိုက်ကြစဉ်မှာပဲ ဦးခိုင်မင်းက ကေရာစ်ကို အကဲခတ်သလို ကြည့်လေသည်။ ဒီကောင်လေးအကြောင်းကို သူ စုံစမ်းကြည့်သလောက် သူ ထောင်ထဲမှာရှိနေလို့ မရှိတဲ့အချိန်တွေမှာလည်း အရင်အတိုင်းပဲ ဘာရှုပ်ရှုပ်ယှက်ယှက်မှ မရှိဘူးတဲ့။

သူ့အစ်ကိုနဲ့ တခြားစီ…

ညီအစ်ကိုဆိုပေမယ့် သူ့အစ်ကိုနဲ့များ ဆီနဲ့ရေလို ကွာသတဲ့လေ။ ပြီးတော့ ရည်မွန်ပြီး လူတစ်ဖက်သားကို သနားငဲ့ညှာတတ်တယ်ဆိုတာ





တွေ။ ကိုယ့်သမီး လနတ်သမီးနဲ့တော့ အဆင်မပြေကြဘူးပေါ့။ ဒါလည်း နှစ်ဖက်မိဘတွေရဲ့ အတ္တကိုယ်စီကြောင့် ကူးစက်ခဲ့တဲ့ မီးတွေပါ။

"မင်းကို အန်ကယ် ကျေးဇူးတင်တယ်။ လေးလည်းလေးစားပါတယ် ကေရာစ်"

"ကျွန်တော် ကျေးဇူးအတင်ခံချင်လို့ လာတာမဟုတ်ပါဘူး အန်ကယ်။ အန်ကယ့်အခြေအနေ ဘယ်လိုရှိလဲလို့ လာမေးတာပါ။ ကျေးဇူးကတော့ အတုံ့အလှည့်ပါပဲ။ လလက ကျွန်တော့်အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပြီး တုံ့ပြန်ပေးထားပါတယ်"

"အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ ကေရာစ်…အဲဒါတွေထားပါတော့ကွာ"

သူငယ်ချင်းအချင်းချင်းတွေသာဆို အဲဒီစကားပြောရင် ဘယ်ဟာတွေကို မထားရဘူးလဲလို့ မေးတတ်ကြသူတွေထဲမှာ ကေရာစ် အပါအဝင်ပါ။ ခုတော့ ငြိမ်ချက်သားကောင်းလို့ပါပဲ။

"ပြီးခဲ့တဲ့ကိစ္စတွေအတွက် အန်ကယ့်ရင်ထဲမှာ ဘာအာဃာတအငြိုးအတေးမှ မရှိတော့ပါဘူး။ သေတဲ့သူတွေလည်း သူတို့အပြစ်နဲ့သူတို့ ခံသွားကြရတယ်လို့ပဲ သတ်မှတ်ပါတယ်။ ကေရာစ် စိတ်ရှိဘယ်ဆိုရင် အန်ကယ်တို့အိမ်ကို မင်း ငယ်ငယ်ကလိုပဲ ဝင်နိုင်ထွက်နိုင်ပါတယ်"

အဲဒီစကားက ကေရာစ်အတွက်တော့ ထီပေါက်သလိုပါလေ။ ချက်ချင်းပဲ မျက်နှာက ဝင်းပကြည်လင်သွားလေ၏။ အိမ်ထောင်ဦးစီး

www.burmeseclassic.com



ဖြစ်တဲ့သူက ဝင်ခွင့်ထွက်ခွင့်ပေးပြီဆိုမှတော့ လလနဲ့ ပြန်ပြီးသင့်မြတ်အောင် ကြိုးစားဖို့က သူ့တာဝန်။

"ဟုတ်ကဲ့…အန်ကယ်၊ ကျွန်တော်တို့ဘက်ကလည်း အရင်လို ခြချင်းကပ်နေပြီး မုန်းမနေကြဖို့ ကျွန်တော် ကြိုးစားနေပါတယ်။ မေမေလည်း အရင်လိုမဟုတ်တော့ပါဘူး။ တဖြည်းဖြည်းနဲ့ နားလည်နေပါပြီ"

"ကောင်းပါတယ်…အသက်အရွယ်တွေကလည်း ရလာကြပြီဆိုတော့ ကိုယ့်စိတ်ကို ကိုယ်တိုင် ပြန်ပြီးဆုံးမနေကြရပြီပေါ့"

ဒေါ်ယမင်းလှိုင်နှင့်လလတို့ ရောက်လာပြီး ဝင်ထိုင်လိုက်ကြတော့ စကားသံတွေ တိတ်ဆိတ်သွားလေသည်။

ဒေါ်ယမင်းလှိုင်…

ကေရာစ်ကို မျက်နှာပူသလိုလိုနှင့် ရဲရဲပင်မကြည့်ဖြစ်ပေ။ သူက လူငယ်တစ်ယောက်ဖြစ်နေပြီး သဘောထားကြီးစွာနဲ့ ကိုယ့်ယောက်ျား အသက်ကို ကယ်ခဲ့တဲ့သူလေ။ ကို…ပြောပြနားချလို့ သူမလည်း သဘောပေါက်ခဲ့ပါပြီ။ တစ်ဖက်နဲ့တစ်ဖက် အမုန်းပွားနေကြလို့ သေတဲ့သူတွေက ပြန်ရှင်မလာသလို…

ဒေါ်သမီးဆိုတာ…

သူများကို မလောင်ခင် ကိုယ်က အရင်လောင်မြိုက်ခံရတာလေ။ မေတ္တာတရားကသာ အောင်နိုင်ခြင်းလက်နက်တဲ့။

"သမီး"

"ရှင်"





"သမီးတို့သူငယ်ချင်းတွေ အရင်လိုပဲ ပြန်ပြီးခင်ခင်မင်မင် နေကြပါ။ ပြီးခဲ့တာတွေအတွက် ပြီးပါစေတော့။ ခြံချင်းကပ်နေပြီး မီးတွေပွားနေကြတာ မကောင်းပါဘူး။ သမီးလည်း အသက်အရွယ် ရလာတဲ့အခါ နားလည်လာမှာပါ"

"ဖေဖေကလည်း"

"ဖေဖေကလည်း မလုပ်နဲ့…သမီး၊ သမီး…ဖေဖေပြောတာ မှန်တယ်။ မေမေတောင် အရာအားလုံးကို နားလည်လိုက်ပြီပဲကွယ်"

"ဟား…မိသားစုတွေ ဘာတွေ တိုင်ပင်နေကြတာလဲ"

"ဟော…မောင်ကျော်စွာပါလား…လာကွာ…မောင်ကျော်စွာ"

ကျော်စွာ ဝင်ထိုင်လိုက်ပြီးမှ ကေရာစ်ကိုမြင်တော့ မျက်နှာပျက်သွားသေးသည်။ လလနဲ့ ငြိမ်းချမ်းရေးယူပြီးကြပြီလား။ အန်ကယ်ကို သူက သွေးလှူခဲ့တာတဲ့။ ဒါကြောင့် ရှိသမျှအပြစ်တွေ ကျေပြီဆိုရင် လလနဲ့သူ့အခြေအနေက ပြောင်းလဲသွားနိုင်သလား။ ကိုယ်ကတော့ လလကို စတွေ့ကတည်းက…

သူ့ဘက်က ဘာမှန်းမသိ၊ ကိုယ့်ဘက်ကတော့ ဖိတ်စာတစ်ခြမ်း ရိုက်ပြီးပြီဆိုတာမျိုးပေါ့။

"အန်ကယ်"

"ဟော"

"အန်ကယ် နေကောင်းတယ်ဆိုရင်လည်း ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ"

"သြော်…အေး…ကောင်းပါပြီကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကေရာစ် အလိုက်သိစွာပဲ ထပြန်လာခဲ့တော့၏။ ရင်ထဲမှာတော့ ဘာကိုမကျေနပ်မှန်းမသိနဲ့ ခံစားမှုက ခပ်နင့်နင့်ရယ်ပါ။ ကျော်စွာနဲ့ လလက ဘယ်အခြေအနေရောက်နေကြပြီလဲ။ ကိုယ့်မှာ ကြိုးစားခွင့် ရှိပါဦးမလားလေ။

အတွေးတွေလွန်လို့ ကိုယ့်အိမ်ကို ရောက်မှန်းမသိ ပြန်ရောက်လာခဲ့စဉ်...

"သား"

"............."

"ဟဲ့...သား"

"ဗျာ"

"ကိုခိုင်မင်းအခြေအနေ ဘယ်လိုလဲ။ တော်တော်ကောင်းသွားပြီလား"

"ဟုတ်ကဲ့...ကောင်းသွားပါပြီ မေမေ"

ဒါပဲပြောပြီး ကေရာစ် အပေါ်ထပ်သို့ တက်လာခဲ့သည်။ ကိုယ့်အခန်းထဲရောက်မှပဲ လွတ်လွတ်လပ်လပ် တွေးချင်ရာတွေး၊ ငေးချင်ရာငေးတော့မည်လေ။

❀❀❀



## အခန်း (၂၅)

ဒေါ်သစ္စာဖြိုး အပေါ်ထပ်ကနေဆင်းလာတော့ ညှိခန်းထဲက စားပွဲပေါ်မှာ ပါဆယ်ထုပ်ကလေးတစ်ထုပ်ကို မြင်လိုက်ရသည်တွင် ဘာပါလိမ့်ဟု အမြန်သွားကြည့်လိုက်တော့ အပေါ်မှာ စာရေးထားတာသည်...

အန်တီဒေါ်သစ္စာဖြိုး

အတွက်

လနတ်သမီး

တဲ့။ ဒေါ်သစ္စာဖြိုး ပြုံးလိုက်မိ၏။ ကိုယ့်ကို လက်ဆောင်ပေးဘာ မနှစ်သက်တဲ့သူ ရှိပါ့မလားလေ။ ဒီကောင်မလေး ဘာစိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပါလိမ့်။ ကိုယ့်သားက သူ့အဖေအတွက် သွေးလှူလိုက်တာနဲ့ပဲ သူ့ရဲ့တုံ့ပြန်မှုက ကိုယ့်သားရဲ့ အရက်နဲ့ဂုဏ်သိက္ခာကိုလည်း ကယ်တင်ခဲ့ပြီးပြီ။

အခုလည်း…

လက်ဆောင်ထုပ်လေးပေးလိုက်တာ အထဲမှာ ဘာတွေပါလိမ့်။ စိတ်ဝင်စားစွာ ဖောက်ကြည့်ဖို့ လက်ကမ်းလိုက်စဉ်–

"မြန်မြန်လာ…ဒီကောင်ကြီး ရင်ဘတ်ကို ငါ စမ်းကြည့်ချင်လှပြီ"

"စမ်းကြည့်…ဘုရားပွဲလှည့်နေမှာပေါ့။ သွေးလှူရကျိုးလေး နပ်သွားတော့ ပျော်နေမှာလေ"

"ဟိုကဖြင့် ဘာမှန်းမသိဘဲနဲ့"

"သြော်…မင်းကလည်း တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်ပါတယ်။ သူ့ကိစ္စတောင် လလက ပြန်ကူညီခဲ့တာပဲဥစ္စာ။ ငြိမ်းချမ်းနေကြရောပေါ့"

"ဟော…ဥက္ကာနဲ့မိုးဝေတို့ပါလား"

"ဟုတ်ကဲ့…အန်တီ၊ ကေရာစ်ရော…ရှိလား"

"ရှိတယ်…ရှိတယ်…ခဏနေရင် ဆင်းလာလိမ့်မယ်။ ထိုင်စောင့်လေ"

"ဟုတ်ကဲ့"

"ခဏနော်…အန်တီ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"နေပါစေ…ရပါတယ် အန်တီ"



"မဟုတ်တာကွယ်…ခဏနော်"

ဒေါ်သစ္စာဖြိုး ပါဆယ်လေးကို လက်ထဲကနေ စ[illegible]ပေါ်သို့ ပြန်ချလိုက်စဉ် ဥက္ကာနဲ့မိုးဝေ စိတ်ဝင်စားသွားကြလေ၏။ ဘာလို့ စိတ်ဝင်စားလဲဆို အပေါ်မှာ ဖဲကြိုးပန်းရောင်လေးနဲ့ စည်းထားတာ ဆိုတော့လေ…

ဒါကြောင့်…

"အဲဒါဘာလဲ အန်တီ"

"လနုတ်သမီး ပို့ခဲ့တာထင်တယ်။ ဒီမှာ စာပါတယ်"

"ဟုတ်လား…စိတ်ဝင်စားစရာပဲ"

"အန်တီလည်း အထဲမှာ ဘာပါမလဲ စိတ်ဝင်စားနေတာ။ ခုပဲ ဖွင့်ကြည့်မလို့…မင်းတို့ရောက်လာတာနဲ့ မဖွင့်ဖြစ်သေးတာ"

"ဒါဆို ကျွန်တော် ဖွင့်မယ်"

"ဖွင့်လေ"

ဖွင့်လေလို့ ခွင့်ပြုလိုက်တာနှင့် မိုးဝေက ပါဆယ်ထုပ်ကို စားပွဲပေါ်သို့တင်၍ ဖဲကြိုးလေးတွေကို ဖြေပြီး ဗူးကို ဖွင့်လိုက်တော့ အထဲမှာ…

"ဟာ"

"ဘာလဲ"

"အမယ်လေး"

မိုးဝေ ဗူးကို ပေါင်ပေါ်ကနေ တွန်းချပြီး နောက်သို့ လန့်ကျသွားသေတော့၏။ အောက်ကျတဲ့ဗူးထဲကနေ ထွက်ကျလာတာသည်



www.burmeseclassic.com

www.burmeseclassic.com



ကြွက်ပေါက်စရဲရဲလေးတွေ။ ဒါ…ဒေါ်သစ္စာဖြိုး ကြွက်ပေါက်စတွေကို ကြောက်မှန်းသိလို့ တမင်လုပ်တာလေ။ ဥက္ကာက မိုးဝေကို တတွတ်တွတ်ခေါ်ပြီး သတိရအောင် ပြန်လုပ်ပေးနေချိန်မှာ…

ဒေါ်သစ္စာဖြိုး…

ကြောက်သည့်ကြားမှ ကြွက်ပေါက်ရဲရဲလေးတွေကို သေသေချာချာ စိုက်ကြည့်၍ နှုတ်ခမ်းကို ဖိကိုက်မိလိုက်သည်။ မိုးဝေလည်း ကြောက်သည်ထင်ပါရဲ့။ ဒေါ်သစ္စာဖြိုး ဖွင့်မိရင်လည်း ဒီလိုပဲ ရှော့ဖြစ်မှာ ကျိန်းသေ။ ဒီလိုဖြစ်စေချင်လို့ ဒီလိုလုပ်တာနေမှာပေါ့။ ကြွက်ပေါက်စလေးတွေက လှုပ်စိလှုပ်စိနှင့်ပါ။

"တောက်"

"မိုးဝေ…ယောကောင် မိုးဝေ"

"ဘာဖြစ်နေကြတာလဲ"

ကေရာဇ် ရောက်လာပြီမို့-

"ဒီမှာကြည့်လေ"

ဒေါ်သစ္စာဖြိုး ဗူးခွံကိုလည်းပြ၊ ကြွက်ပေါက်စတွေကိုလည်း ပြရင်း ဒေါသဖြစ်လွန်းလို့ နှာခေါင်းဖျားလေးတွင် နီလာလို့ပါ။ ဒါ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ။ ကိုယ့်ကို သေကြောင်းကြံတာလား။ အခန့်မသင့်ရင် ရှော့ခ်ဖြစ်ပြီး အသက်ပါ ပါသွားနိုင်တာပဲလေ။

ကေရာဇ်…

အခြေအနေအားလုံးကို သုံးသပ်ကြည့်ပြီး-

"ဒါ…လလလုပ်တာ မဖြစ်နိုင်ဘူး မေမေ"





"ဘာ"

"……………"

"ဒီလောက် နာမည်နဲ့ လက်ပူးလက်ကြပ်မိနေတာတောင် မင်းက ကာကွယ်ချင်တုန်းလား ကေရာဇ်…ဒါဆို ဒီကိစ္စက ခြေထောက် ပေါက်ပြီး သူ့အလိုလို ရောက်လာမလား"

"မိုးဝေ…မိုးဝေ"

"အင်း"

မိုးဝေလည်း သတိရလာပြီး ကြွက်ပေါက်တွေကို ငုံကြည့်ကာ ဥက္ကာဘက်သို့ တိုးထိုင်လေသည်။

"လလအကြောင်းကို သား သိတယ် မေမေ။ သူက မကျေနပ်ရင် ပြောင်ကျကျ ရှင်းတတ်တာ။ ဒီလိုကလေးကလားအလုပ်ကို သူ မလုပ်ဘူး။ စာရေးထားတာလည်း သူ့လက်ရေးမှ မဟုတ်ပဲလေ။ ဘယ်သူမဆို သူ့နာမည်တပ်ပြီး ပို့လို့ရတာလဲ"

"ဒါဆို ဘယ်သူပို့တာလဲ"

"ဒေါ်စု…ဒေါ်စုရေ"

"……………………"

"ဒေါ်စု"

"လာပြီ…လာပြီ"

ကေရာဇ်ခေါ်လိုက်တော့ ဒေါ်စု အပြေးတစ်ပိုင်းနှင့် ထွက်လာသည်။ ဒေါ်စုစုကို မေးကြည့်ရင် သိများသိမလားလို့ပေါ့။ ဒေါ်စု ရောက်လာတော့-

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို ဘယ်သူလာသွားသေးလဲ ဒေါ်စု"

ဒေါ်စု တွေကနဲ ဖြစ်သွားပြီးမှ-

"သွယ်ဇင် လာသွားတယ်လေ"

"ဟင်"

"သားနဲ့ တွေ့မသွားဘူးလား။ ဒေါ်စု မီးဖိုချောင်ထဲ… ထွက်လာတော့ သူက ပြန်ထွက်သွားပြီလေ။ ဒေါ်စုက တစ်ယော… ယောက်နဲ့ တွေ့သွားတယ်လို့ ထင်တာ"

"တောက်"

ကေရာဇ် တက်ခေါက်လိုက်တာကို ဒေါ်စုက နားမလည်သ… မော့ကြည့်လေသည်။ တော်တော် အကြံပက်စက်တဲ့မိန်းမပဲ။ ဒါ… မေမေ ကြွက်ကြောက်မှန်းသိလို့ တမင်လုပ်တာ။

"မင်း…သွယ်ဇင့်ကို လျှော့တွက်လို့မရဘူးနော် ကေရာ… သတိထားမှ ဖြစ်မယ်။ အခုတောင် လနတ်သမီးနာမည်နဲ့ ဒီလို… တာ။ နောက်ဆို လနတ်သမီးကိုလည်း ဒုက္ခမပေးဘူးလို့ မပြော… ဘူး"

ကေရာဇ် နှုတ်ခမ်းသားလေးတွေ တင်းတင်းစေ့သွားလေ… ဟုတ်တယ်။ သူတို့ သွယ်ဇင့်ကို သတိထားဖို့တော့ လိုလာပြီ။ အ… သဖြင့် လလအတွက်ပေါ့လေ။ အလင်းကလူဆိုတာ အမှောင်က… မြင်နိုင်တာမှ မဟုတ်တာ။ ကိုယ်က ယောကျ်ားလေးမို့ ကိစ္စမရှိ… လလက မိန်းကလေးလေ။

သူ့အစ်ကိုနဲ့ တစ်ခါပတ်သက်မိခြင်းအတွက်…





အန္တရာယ်က အချိန်မရွေး လလရဲ့ လက်တစ်ကမ်းမှာ ရှိနေနိုင်တာပဲဆိုတော့…မဖြစ်ဘူး…သူ လလကို စောင့်ရှောက်ပေးမှ ဖြစ်တော့မှာပါ။

"ဟုတ်တယ်…သား…ဥက္ကာပြောသလိုပဲ မေမေတို့ သတိထားမှ ဖြစ်တော့မယ်"

ဒေါ်သစ္စာဖြိုးလည်း သားအတွက်ရော လလအတွက်ပါ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်လာ၏။ မဆိုင်တဲ့လူကို ချောက်ချပြီး ဒုက္ခပေးတာ။

"စိတ်ချ မေမေ…အဓိကက လလကို ဂရုစိုက်ပြီး စောင့်ရှောက်ပေးဖို့ လိုအပ်လာတာ"

"မေမေ ရင်လေးလိုက်တာကွယ်"

"မကောင်းတဲ့သူက မကောင်းတဲ့လမ်းပဲ သွားမှာပါ မေမေ။ သူတော်ကောင်းကိုတော့ နတ်ကောင်းတွေက မ,ပါလိမ့်မယ်"

ကိုယ်စီ သက်ပြင်းချလိုက်မိကြ၏။ ကေရာဇ် ပြောသလိုပဲ ဖြစ်ပါစေလို့ ဝိုင်းပြီး ဆုတောင်းရတော့မှာပေါ့လေ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

လနတ်သမီးအလာကို စိတ်ရှည်လက်ရှည်နှင့် စောင့်နေတဲ့ အောင်ဇင်ဖြိုးနဲ့ဒေလီယာ နှစ်ပေါက်တစ်ပေါက် ရိုက်နေတဲ့စကားသံတွေက တီးတိုးရယ်ပါ။ မကောင်းကြံ့တဲ့စကား ဘယ်သူကများ ကျယ်ကျယ်ပြောပါ့မလဲလေ။

"ဒေလီယာ"

"ဟင်"

"နင်…ပိပိရိရိ ရှိပစေနော်။ ဒီကိစ္စ တစ်ချက်မှားတာနဲ့ ဆုံးရှုံးမှုက အများကြီးပဲ"





"စိတ်ချစမ်းပါ ကိုဇင်ရဲ့…ဒေလီယာပါ။ ပါးစပ်ကလေး စိုက်ပေးရုံနဲ့ သိန်း ၂၀ ရမယ့်ကိစ္စကို ကလေးကစားသလို ပေါ့ပေါ့တန်တန် ဘယ်လုပ်ပါ့မလဲ။ ကားအနားရောက်လာရင်တော့ ကိုဇင့်တာဝန်နော်"

"အိုကေ…စိတ်ချ"

"ဒေလီယာဘက်ကလည်း စိတ်ချ"

"ဟော"

"ဟင်…ဘာလဲ"

"လာပြီ"

အောင်ဇင်ဖြိုးတစ်ယောက် ကူရှင်ကို မှီနေရာမှ လနတ်သမီးလာတာကို မြင်လေသဖြင့် ခါးမတ်သွားလေသည်။ အဟွန်း…သူ့အလုပ်က ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတာမျိုးတော့ မဟုတ်ဘူးပေါ့လေ။ ဒီလောက်လှပြီး မာနကြီးတဲ့ မိန်းကလေးရဲ့ဘဝပေါ်မှာလည်း အမြွတ်ထုတ်ရဦးမယ်။

ပြီးတော့…

ကေရာစ်တုန်းကလိုပဲ ဓာတ်ပုံပြပြီးလည်း ငွေညှစ်ရမယ်။ ဘယ်လိုခေါ်ရမလဲ။ စုတ်ရောလတ်ရော စုံနေတာမျိုးဆိုသလိုပေါ့။

"သူ့ဘေးက တစ်ယောက်က ဘယ်သူလဲ"

"ဟင်"

ဒေလီယာ့ ပြောမှပဲ အတွေးစကိုဖြတ်ပြီး ပြန်ကြည့်လိုက်တော့ လနတ်သမီးဘေးမှာ ကေရာစ်ပါလား။ စောစောက မြင်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လနတ်သမီးတစ်ယောက်တည်းကိုပဲ သတိထားလိုက်မိလို့ထင်ပါရဲ့ ကိုယ့်မျက်စိက ကေရာဇ်ကို မမြင်မိပေ။

"ဒီကောင်က ဘာဝင်ရှုပ်ပြန်တယ် မသိဘူး..တောက်"

"လွယ်ပါ့မလား ကိုဇင်"

"ခက်နေလည်း လွယ်အောင်လုပ်ရမှာပဲ။ နင်သာ လနတ်သမီးကို ကားအနားရောက်အောင် မြူခေါ်ခဲ့"

"အင်း...ဒါဆို ဒေလီယာ သွားမယ်နော်"

"အိုကေ"

ဒေလီယာ ကားပေါ်မှဆင်းပြီး လနတ်သမီးတို့နောက်ကနေ မယောင်မလည်နှင့် လျှောက်လာခဲ့သည်။ ကေရာဇ်နဲ့လလကတော့ အန္တရာယ်ကို မမြင်။ စကားနိုင်လုလို့ ကောင်းဆဲပါ။

"ငါက ဖေဖေနဲ့မေမေ တရားချလွန်းလို့သာ နင့်ကို ပြန်ခေါ်တာနော်။ ရင်ထဲမှာ သိပ်ကျေသေးတာ မဟုတ်ဘူး။ မဟုတ်ရင် ဝေးသေး"

"ငါလည်း ထို့အတူပါပဲ"

"ဘာ"

"ဟုတ်တယ်လေ...ငါလည်း မေမေ တရားချလို့သာပေါ့ ဟဲ...ဟဲ"

လလက မျက်စောင်းထိုးလေသည်။ ကေရာဇ် စပ်ဖြဲဖြဲနေ ရယ်တာကတော့ ကိုယ့်အကြောင်းကိုယ်သိလို့ပဲပေါ့။ မေမေက သူ့ တရားချလို့မဟုတ်ဘဲ သူကသာ မေမေ့ကို တရားချခဲ့ရတာပါသေး





"နင် ဗိုက်မဆာဘူးလား...တစ်ခုခုစားရအောင်"

"ဆာတယ်"

"ဒါဆို...အိုကေ"

"နင် ဒကာခံရမှာနော်...ကေရာဇ်"

"အေးပါ...မကပ်စေးရယ်...နင် ဒကာခံရင် ငါက မစားပါဘူး"

နှစ်ယောက်သား စားသောက်ဆိုင်ထဲသို့ ဝင်ခဲ့ကြပြီး ကိုယ်စားချင်တာ ကိုယ်မှာကြစဉ်–

"အမေ့"

"ဟင်"

"အား"

လလတို့လောက်အသက်အရွယ်ရှိမည့် မိန်းကလေးတစ်ယောက် ဒေါက်ဖိနပ်ပေါ်က ချော်ကျပြီး လဲကျသွားတာမြင်လေလျှင် လလ မမြင်ရက်စွာပဲ ထသွားလိုက်၏။ ဒါမျိုးက မိန်းကလေးချင်းပဲဥစ္စာ ကူညီကောင်းပါတယ်လေ။

"အစ်မ ဘာဖြစ်သွားသေးလဲ"

"အား...ကျွတ်...ကျွတ်"

"ထနိုင်ရဲ့လား...လလ ထူပေးရမလား...ဟင်"

"မသိသေးဘူး...ထူပေးရင်တော့ ကောင်းတာပေါ့ ညီမရယ်။ ခြေချင်းဝတ် မျက်သွားတာ။ ခါးလည်းနာသွားတယ်...အား...ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လလကို တွဲပြီး ဖြည်းဖြည်းထကြည့်လေ"

"အင်း…ကျေးဇူးပါပဲ ညီမရယ်"

လလ အမျိုးသမီးကို တွဲထူလိုက်ပြီး–

"ဆိုင်ထဲဝင်မှာလား အစ်မ"

"ဂျွတ်…ဂျွတ်…စားချင်သောက်ချင်စိတ်တောင် မရှိတော့ပါဘူး ညီမရယ်။ အစ်မကားဆီပဲ ပြန်တော့မယ်။ ညီမ လိုက်ပို့ပေးပါလားဟင်"

"ဩော်…ရပါတယ် အစ်မရဲ့။ လိုက်ပို့မယ်လေ"

"ကျေးဇူးပါနော်"

ဒေလီယာ ကိုယ့်အကြံအောင်ပြီဟု လှစ်ကနဲ ပြုံးလိုက်မိစဉ်–

"လလ"

"ဟင်"

"ငါပါလိုက်ခဲ့မယ်"

"ဘာလို့လိုက်ရမှာလဲ…ဒီမှာပဲ နေခဲ့ပါ"

ကေရာစ် ထလာပြီးမှ လိုက်သွားရမလို ပြန်ထိုင်ရမလိုနှင့်ပါ။ ဟိုအနားနဲ့ဒီအနားပဲဖြစ်ဖြစ် လလကို စိတ်မချနိုင်ဖြစ်နေတာလေ။ ဒါကြောင့်ပဲ အခုဆိုရင် လလအနားက သိပ်မခွာလို့ သူ့ကို သူငယ်ချင်းတွေက 'တောက်တဲ့'တဲ့။ ခေါ်ကြပါစေ…တောက်တဲ့မကလို့ အိမ်မြှောင်ပဲဖြစ်ဖြစ်ပေါ့။

လူယုတ်မာက ယုတ်မာဖို့ ချောင်းနေတာ ဘယ်နေရာက ထွက်လာမှန်းမှ မသိတာလေ။ ဒါကြောင့် စိတ်မချနိုင်စွာနှင့် လလ



ထွက်သွားရာကိုပဲ လိုက်ကြည့်ရင်း ကိုယ်မှာထားတဲ့ စားစရာတွေလည်း မရောက်သေးတာနှင့် မယောင်မလည်နှင့် လိုက်လာခဲ့သည်တွင်…

"အစ်မကို ကားပေါ်ရောက်အောင် တင်ပေးပါနော် ညီမ"

"ဟုတ်ကဲ့"

လလ ကားနောက်ခန်းကိုဖွင့်ပြီး ဒေလီယာကို တင်ပေးတော့ ကိုယ်တစ်ပိုင်းက ကားထဲသို့ရောက်နေစဉ် တစ်ကိုယ်လုံးရောက်အောင် တစ်ယောက်ယောက် တွန်းတင်တာခံလိုက်ရတော့–

"ဟင်"

တွန်းတင်တဲ့လူကို ကြည့်လိုက်တော့ အောင်ဇင်ဖြိုးပါ။ သူမ ကားတံခါးကို တွန်းဖွင့်တော့ ဖွင့်လို့မရဘဲရှိကာ…

"ရှင်တို့…ရှင်တို့ ဘာလုပ်ကြတာလဲ"

လလ အော်လိုက်စဉ်မှာပဲ ကားက မောင်းထွက်သွားပြီး ကေရာစ်မှာလည်း–

"ဟာ…လလ…လလ"

အောင်ဇင်ဖြိုးကို မြင်လိုက်ရသည်မို့ အခြေအနေကို ရိပ်စားမိပြီး ကိုယ့်ကားဆီကို ပြေးရတာ ဘယ်လိုဘယ်လို ရောက်သွားမှန်းပင် မသိပေ။ သူ ထွက်သွားတဲ့ကားနံပါတ်ကို အမိအရမှတ်ပြီး မျက်ခြေမပြတ် လိုက်ခဲ့သည်တွင်…

"ရှင်တို့…ဘာလုပ်တာလဲ။ အခု ကားရပ်ပေးပါ"

"စိတ်ကူးယဉ်မနေနဲ့ လနတ်သမီး…နင်က ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငွေတွင်းဖြစ်သလို ကိုဇင့်အတွက်တော့ လမ်းဆန်းအမောပြေပေါ့"

"ဘာ"

"ခုလောက်ဆိုရင် နင့်လူလည်း မျှာလောင်ခတ်နေလောက်ရော ပေါ့…အဟွန်း"

"ရှင်…ရှင် မိန်းမသားချင်း ကိုယ်ချင်းမစာတတ်ပါလား… ဟင်…ရှင့်ဘဝကို သူများဖျက်ဆီးရင် ရှင့်မိဘတွေရော ရှင်ရော ဘယ်လိုနေမလဲ"

"ဟား…ဟား…ဟား…ဟား"

ဒေလီယာက တိုးတိုးညက်ညက် ရယ်လေသည်။ လလက တော့ ဒေါသထွက်လွန်းလို့ အသားတွေပင် ဆတ်ဆတ်တုန်လာ၏။ ကိုယ်ကူညီခဲ့တာ ကိုယ့်အမှားပဲပေါ့။ ကိုယ်ကတော့ တကယ်ထင်ပြီး ကူညီခဲ့တာ အခုတော့ မြွေပွေးကို ခါးပိုက်ပိုက်မိသလိုပါ။

ဒေလီယာကတော့…

လလရဲ့ ကိုယ်ချင်းမစာတတ်ဘူးလားဆိုတဲ့စကားကို သဘော ကျပြီး ရယ်တာပါ။ သူမမှာသာ ကိုယ်ချင်းစာစိတ်ရှိရင် အခုလို ငွေကို လွယ်လွယ်ရှာ လွယ်လွယ်သုံးနိုင်ပါ့မလား။ လူတွေက ကိုယ့်ဘက်က ကိုယ်ချင်းစာရင် သူတို့က ကြောချင်ကြတာလေ။ ဒါကြောင့် ကိုယ်က ရက်စက်နိုင်မှ တော်ကာကျတာ။

"ကိုယ်ချင်းစာတရားထားနေရင် သူများက ကိုယ့်ဆံပင်ကို ဖိနပ်သဲကြိုး လုပ်စီးသွားမှာပေါ့ လနတ်သမီးရဲ့။ ငါက သူများဖျက်ဆီး မွေးပေါ်မှာ လမ်းလျှောက်ချင်တဲ့ မိန်းမ"





"တောက်"

"အဟွန်း"

လလ ဖြစ်နိုင်ရင် ဒီမိန်းမမျက်နှာကို ကုပ်ဖဲ့ဆွဲလိုက်ချင်၏။

"ရှင်တို့ထင်တိုင်း ဖြစ်လာလိမ့်မယ်လို့ ထင်လား"

"ဘာလို့မဖြစ်ရမှာလဲ။ ဖြစ်အောင်ပဲလုပ်နေတာလေ။ ဖြစ်ကို ဖြစ်ရမယ်"

"သိပ်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေကြနဲ့"

"ဟာ…တော်တော်စကားများတဲ့ ကောင်မလေးပဲ ဒေလီယာ"

"ဘာလဲ ကိုဇင်"

"သူ့ပါးစပ်ကို ပိတ်ပေးလိုက်စမ်း"

ဒေလီယာက လလကို စိုက်ကြည့်လေတော့ လလ ကျောတော့ အချမ်းသားပါပဲ။ ကိုယ်က တစ်ယောက်တည်းဖြစ်နေတော့ ဘယ်လို ခုခံရမလဲ။ အို…ဘာပဲဖြစ်ဖြစ် ဒီအတိုင်း ငြိမ်ခံနေမယ့်အစား ကိုယ် လည်း တတ်နိုင်သလောက် တုံ့ပြန်ရမှာပေါ့။

"ဖြန်း"

"အ"

လလပါးတစ်ဖက် ပူသွားပြီး သတိကြီးစွာနှင့် ချက်ချင်း ပြန်လှည့်ကာ ဒေလီယာကို-

"ကဲ"

"ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

တစ်ကိုယ်တစ်ပြန်ပေါ့လေ။ ဒေလီယာကလည်း-

"ကောင်မ…လူပါးဝလို့…ကဲ"

"ဖြန်း"

ကေရာဇ် ရှေ့ကကားကို ကျော်တက်ဖို့ ကြိုးစားနေပေမယ့် မရသေးပေ။ ကျော်တက်လို့ရပြီဆိုရင်တော့ ဖြစ်ချင်ရာဖြစ် စွန့်စားရတော့မှာပဲလေ။ လလ ဘဝပျက်ဖို့ထက်စာရင် ကေရာဇ် ကိုယ့်အသက်သာ အသေခံလိုက်တော့မည်။

ထို့ကြောင့်…

ကျော်တက်လို့ရတာနှင့် အောင်ဇင်ဖြိုး ကားရှေ့ကို ကိုယ့်ကားပြေးဝင်ပြီး ဘရိတ်ကို ဖမ်းလိုက်လေလျှင်…

"ဟာ…"

"ဒုန်း"

"အား"

❀❀❀





# အခန်း (၂၉)

လလတစ်ယောက်တည်း ဘယ်တွေရောက်လို့ ဘယ်တွေပေါက်နေမှန်း မသိတော့ပေ။ တောတွေ၊ တောင်တွေထဲမှာ လျှောက်သွားနေမိတာ…ပန်းပင်တွေ၊ ဝါးပင်တွေ အပင်အမျိုးမျိုးတွေ တွေ့သလို တောင်အောင်ကို ဆင်းလိုက်၊ တောင်ပေါ်တက်လိုက်နှင့် မောရမှန်းမသိပေ။

လှမ်းနေတဲ့ ခြေလှမ်းတွေကလည်း…

လှမ်းရမှန်းမသိနဲ့ ခြေထောက်တွေက မလှမ်းဘဲနဲ့ ရွေ့လျားနေသလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး…

အာခေါင်တွေခြောက်ပြီး ရေဆာလိုက်တာ။ ရေဘယ်မှာလဲ… ရေပေးကြပါ။ ဒီတောထဲမှာ ဘယ်သူမှ မရှိကြဘူးလား။ ကျွန်မကို ရေလာတိုက်လှည့်ကြပါ။ အား…အာခေါင်တွေ တော်တော်ခြောက်လာပါလား။ စောစောက မပင်ပန်းဘူးထင်သမျှ အခု ရေဆာလာတော့ လူက နုံးချွေနေပြီး ပင်ပန်းလိုက်တာ။

ဟော…

နှုတ်ခမ်းကို ရေစက်တွေလာမှန်လို့ ကြည့်လိုက်တော့ မိုးရွာလာတာပဲ။ လလ မိုးရေစက်တွေကို လက်ခုပ်ကလေးနှင့်ခံရင်း ကိုယ့်လက်ခုပ်ထဲက ရေတွေကို ပါးစပ်ထဲသို့ မော့ထည့်လိုက်စဉ်–

"အား…အေးလိုက်တာ"

လလစိတ်ထဲမှာသာဆိုမိရင်း နောက်ထပ် တက်ရမယ့် တောင်ပေါ်ကို မော့ကြည့်လိုက်တော့…

"လလ"

"…………….."

"လလ"

"ဟင်"

သူမကို ခေါ်နေတာ ဘယ်သူပါလိမ့်။

"လလ…ငါ ဒီမှာ"

"…………"

"လလ…ငါက ဒီမှာလေ"





လလ ခေါ်သံကြားရာကိုပဲ လိုက်ရှာနေမိတော့ တောင်ထိပ်ပေါ်ကနေ သူမကို လက်ပြနေတာ ကေရာစ်။ ဟုတ်တယ်… ဒကေရာစ်ပါပဲ။ သူနဲ့လလ အတူလာခဲ့တာလား။ လလ အောက်ကိုပြန်ငုံ့ကြည့်လိုက်တော့ တောင်အောက်မှာက ချောက်ကြီးပါ။ လလက ကေရာစ်ဆီ သွားလို့လည်းမရ။ ကေရာစ်က လလဆီကို လာရင်လည်း ချောက်ထဲကို ပြုတ်ကျမှာပါ။

သူနဲ့ကိုယ့်ကြား…

ဒီချောက်ကြီး ခြားနေတာ ဘယ်လိုလုပ်ရမလဲ။

"လလ"

"ကေရာစ်"

"နင်…အဲဒီမှာနေနော်…ငါ လာခဲ့မယ်"

"မလာနဲ့…ကေရာစ်…ရှေ့မှာ ချောက်ကြီးနဲ့လေ…ပြုတ်ကျနေမယ်"

ကေရာစ်က ထိုချောက်ကိုပဲ ခုန်ကျော်တော့မလို့ဗျို…

"မလာနဲ့…ကေရာစ်"

"……………"

"ကေရာစ်"

လလ…ကေရာစ်နာမည်ကို ဘယ်လိုအသံနှုန်းထားနဲ့ ခေါ်မိသွားလဲ မသိပါဘူး။ သူမအသံက ဘက်ပြန်လို့ထွက်ပေါ်လာတာ အထပ်ထပ်ပါ။

"ကေရာစ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး…သမီးလေး"

"လလ"

"သမီး"

ခေါ်သံတွေက နားထဲမှာ တစ်သံပြီးတစ်သံပါ။ ဘယ်သူတွေလဲ…ကေရာစ်ကို ကယ်ကြပါ။ သူ့ကို မလာပါစေနဲ့၊ ဆွဲထားပေးကြပါ။ မလာနဲ့…နင် မလာနဲ့ ကေရာစ်။

"သူ သတိရလာပြီ"

"သမီး"

"လလ"

"အင်"

ဒေါ်ယမင်းလှိုင် စိုးရိမ်စွာ မျက်ရည်စက်လက်နှင့် သမီးမျက်နှာလေးကို မျှော်လင့်ကြီးစွာနှင့်-ငုံ့ကြည့်နေမိသည်။ သူမတို့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာလေ။ တစ်ခုခုဖြစ်ရင် ရင်ကျိုးရချေရဲ့။ သမီးရဲ့မျက်လုံးလေးတွေ ပွင့်လာတာမြင်မှပဲ ရင်ဘတ်ဖိပြီး ဟင်းချနိုင်တော့၏။

လလ…

သတိရလာလို့ မျက်နှာတွေကို လိုက်ကြည့်တော့ ဖေဖေ၊ မေမေနဲ့ သူငယ်ချင်းတွေ။ ကေရာစ်လည်း မပါပါလား။ ကေရာစ်ရော…ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်တာလဲလို့ စဉ်းစားမိတော့…အင်း…သတိရပြီ။ ကားအက်ဆီးဒင့်ဖြစ်တာ။ ဒါဆို ရှေ့ကကားကလူနဲ့ သူမနဲ့ အတူရှိခဲ့သူတွေ…





"မေမေ"

"အို…သမီး မထနဲ့လေ"

"မေမေ…ဟိုလူတွေ…သူတို့ရော"

ဒေါ်ယမင်းလှိုင် လှည့်ကြည့်လိုက်တော့ ဦးခိုင်မင်းကပဲ-

"အောင်ဇင်ဖြိုးကတော့ ဆုံးသွားပြီ သမီး…ကောင်မလေးကတော့ ဒီဆေးရုံမှာပဲ။ သိပ်ပြီး မစိုးရိမ်ရပါဘူး။ ကေရာစ်ကတော့"

"ကေရာစ်"

"…………….."

"ကေရာစ်က ဘာဖြစ်လို့လဲ ဖေဖေ"

"ဘာမှမဖြစ်ပါဘူး"

လွှတ်ကနဲ ထွက်မိပြီးမှ ပြန်ထိန်းလိုက်ရသည်။ ရှေ့ကဝင်ခံလိုက်တာ ကေရာစ်ကားဆိုတာ သမီးမှ မသိပဲလေ။ မသိလက်စနဲ့ အသိမပေးသေးဘဲထားတာ အကောင်းဆုံးပါပဲ။

"အောင်ဇင်ဖြိုးဆိုတဲ့ကောင် ခုတော့ သူ့စရိတ်နဲ့သူ သွားပြီလေ။ ကောင်းတယ်…နည်းတောင်နည်းသေးတယ်။ မဟုတ်ရင် မေမေ့သမီးလေးဘဝ မတွေးရဲစရာပဲ"

"ဩော်…"

လလ…အောင်ဇင်ဖြိုးအတွက် စိတ်မကောင်းဖြစ်သွား၏။ သူ ဘယ်လောက်ပဲ ယုတ်မာပါစေ လူတစ်ယောက် အသက်ဆုံးရှုံးသွားတယ်ဆိုတာတော့ ဘယ်ကောင်းပါ့မလဲလေ။ ဒီလိုပဲ မကောင်းတဲ့သူက ကောင်းတဲ့လမ်းသွားသလို သူတော်ကောင်းကိုတော့ နတ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မ,ပါတယ်။

ဒါနဲ့…

ကေရာစ် မလာဘူးလား။ သူမ ခုလိုဖြစ်နေချိန်မှာ ကေရာစ် လာသင့်တာပေါ့နော်။ ကိုယ့်မိဘတွေနဲ့အတူ ကိုယ့်အနားမှာ ရှိနေသင့်တာ။ အခုတော့ ဘယ်ရောက်နေပါလိမ့်။

"မေမေ"

"ပြောလေ သမီး"

"ကေရာစ် မလာဘူးလားဟင်"

ကေရာစ်အကြောင်းမေးတော့ ဒေါ်ယမင်းလှိုင် အဖြေခက်သွားသည်။ ကေရာစ်က အခုထိတောင် သတိမရသေးဘူးလေ။ ခေါင်းက ဒဏ်ရာကပြင်းတော့ အသက်အန္တရာယ် မစိုးရိမ်ရသည့်တိုင် မှတ်ဉာဏ်တွေ ချို့ယွင်းသွားနိုင်တယ်တဲ့။

ခင်ပွန်းကို လှည့်ကြည့်လိုက်တော့…

"ကေရာစ်က အရေးကြီးတဲ့ကိစ္စနဲ့ ပြင်ဦးလွင်ကို သွားရတယ် သမီးရဲ့။ မသွားမဖြစ်လို့သာ သူ့ခမျာ သွားရတာ…သမီးကို ဂရုစိုက်ကြဖို့ မှာသွားတာ တတွတ်တွတ်ပါပဲ"

"သြော်…"

မဖြစ်မနေမို့လို့ သွားရတယ်ဆိုတော့လည်း ဘာတတ်နိုင်မှာလဲ လေ။ ရင်ထဲမှာ ငယ်သံယောဇဉ်က တစ်ရေးနိုးပြီး အခု ကေရာစ်ကို တမ်းတလွမ်းမောစွာ…။

❀❀❀



## အခန်း (၃၀)

"အား…ကျွတ်…ကျွတ်"

"သား…သားလေး"

ဒေါ်သစ္စာဖြိုး မျက်ရည်တွေ အရွှဲရွှဲနှင့်သာ မျက်နှာကို ဆီးမိုးကြည့်ရင်း ရင်ခုန်သံတွေက ထဒိတ်ဒိတ်နှင့်ပါ။ သူ့အခြေအနေက သတိရလာမှ ဆုံးဖြတ်ပေးလို့ရမှာတဲ့လေ။ ခေါင်းကဒဏ်ရာတွေကြောင့် မှတ်ဉာဏ်တွေ ချို့ယွင်းသွားနိုင်တယ်တဲ့။ ကံကောင်းရင်တော့ ဖြစ်ချင်မှဖြစ်မှာပါတဲ့လေ။

သားလေး ဘာမှမဖြစ်ပါစေနဲ့လို့…

ဆုတောင်းရတာလည်း ဘုရားသာ သက်ရှိထင်ရှားရှိရင် နားပူလို့ ကန့်ချမလားပါပဲ။

www.burmeseclassic.com


ရွှေပဒေသာစာပေ

www.burmeseclassic.com



"လလ"

"ဟင်"

"လလ"

"သား"

"............"

"သားလေး"

ဧကရာဇ်...မေမေ့မျက်နှာကို မြင်လိုက်ရတော့ မျက်ရည်တွေ အရှူးလူးနှင့်ပါ။ သူ ဘာဖြစ်လို့ ငိုနေတာလဲ။ မေမေ ဘာလို့ငိုနေတာလဲ။ ကိုယ် ဘာဖြစ်ခဲ့သလဲ ပြန်စဉ်းစားကြည့်တော့ ချက်ချင်း စဉ်းစားလို့မရပေ။ အတန်ကြာမှ အဖြစ်အပျက်တွေက တရေးရေး ပေါ်လာပြီ။

"လလ...လလ ဘာဖြစ်သွားသေးလဲ။ လလရောဟင်..."

"သား...သား...မေမေ့ကို မှတ်မိလားဟင်။ မေမေ့ကို ကြည့်ပါဦး။ မေမေ့ကို မှတ်မိရဲ့လား"

"မှတ်မိပါတယ် မေမေရဲ့။ ကိုယ့်မေမေကို ဘာလို့ မမှတ်မိရမှာလဲ"

"အမယ်လေး...တော်ပါသေးရဲ့...သားရယ်"

"ဟာ...မေမေ"

"..............."

"မငိုနဲ့လေ မေမေရဲ့...ဘာလို့ငိုရတာလဲ"

"မေမေ ဝမ်းသာလို့ပါ သားရယ်။ သားကို မှတ်ဉာဏ်တွေ ချို့ယွင်းသွားနိုင်တယ်ဆိုလို့ မေမေမှာ စိုးရိမ်လိုက်ရတာ"



"သား...ဘာမှမဖြစ်ပါဘူး မေမေရဲ့...မငိုနဲ့တော့နော်"

ခေါင်းညိတ်ရင်းပဲ ဒေါ်သစ္စာဖြူ သားလက်ကို တင်းတင်းဆုပ်ထားမိ၏။ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် ပိုက်တွေ တိုးလို့တန်းလန်းကြားက သားကို မြင်နေရတာ သူမ ဘယ်စိတ်ချမ်းသာနိုင်ပါ့မလဲလေ။

သူမမှာ ဒီသားလေးတစ်ယောက်ပဲ ရှိတော့တာ။ ဒီသားလေးသာ ချွတ်ချော်တိမ်းစောင်းသွားရင် သူမ ရူးရချေရဲ့။

"ဟုတ်သားပဲ...သစ္စာရယ်။ မင်းက ငိုနေတော့ သားက ဘယ်လိုစိတ်ကောင်းမှာလဲ။ အခု သားက မစိုးရိမ်ရတော့ဘူးပဲဥစ္စာ...ငိုမနေနဲ့တော့"

"ဖေဖေ"

"ပြောလေ သား"

"လလရော...လလ ဘာဖြစ်သွားသေးလဲဟင်"

"လလ ဘာမှမဖြစ်ဘူးလား။ သား စိတ်အေးအေးထားနော်။ သူက သားလောက်အခြေအနေ မဆိုးပါဘူး။ သူလည်း သားဆီကို လာချင်နေတာ။ လူကြီးတွေ တားထားလို့လေ"

"ဟုတ်လား"

ဖခင် ခေါင်းညိတ်မှပဲ ဧကရာဇ် စိတ်သက်သာရာရတော့၏။ ဟုတ်ရင် သူ လလအတွက် စိတ်ပူနေရတာလေ။ ဒါနဲ့ ဟိုလူတွေရော ဘာဖြစ်သွားသေးလဲလို့ သိချင်စိတ်က...

"ဟိုလူတွေရော ဘာဖြစ်သွားသေးလဲ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်ဇင်ဖြိုးက ဆုံးသွားတယ်"

"ဗျာ"

"ကောင်မလေးကတော့ ဘာမှမဖြစ်ပါဘူး"

"သား စိတ်မကောင်းလိုက်တာ မေမေရယ်…အဲဒီလောက် အထိ မရည်ရွယ်ပါဘူး"

"ဘာမှစိတ်မကောင်းဖြစ်စရာမလိုဘူး သား။ သူတို့မကောင်းကြံလို့ ဘေးဒဏ်ထိတာ။ တော်သေးတာပေါ့…သားသာ မကယ်ရင် လလာဘဝလည်း မတွေးရဲစရာပဲ"

ဒေါ်သစ္စာဖြိုးကတော့ ချူတိုတာတ်တဲ့ မိန်းမတို့ရဲ့ ထုံးစံအတိုင်း ကိုယ့်သား ဘာမှမဖြစ်ရင်ရပြီ။ သူများ ဘာဖြစ်ဖြစ် ဂရုမစိုက်ပေ ဟုတ်တယ်လေ…မကောင်းတဲ့သူ မကောင်းတဲ့လမ်းပဲသွားပေါ့။

ကံ-ကံ၏အကျိုးသက်ရောက်မှုအတိုင်း ကိုယ်ပြုတဲ့မကောင်းမှု အတွက် ကိုယ်ပြန်ပြီး ခံကြပေါ့လေ။

❀❀❀



## အခန်း (၃၁)

"နင် ဘာမှမဖြစ်လို့ တော်ပါသေးရဲ့ ကေရာစ်ရယ်"

"ငါကလည်း နင့်ကို စိုးရိမ်နေတာ"

"နင် ဘာလို့ အဲဒီလို လုပ်ရတာလဲဟင်"

"ချစ်လို့ပေါ့"

"ဘာ"

"နင့်ကို ငါ သိပ်ချစ်လို့ပေါ့ လလ"

www.burmeseclassic.com

www.burmeseclassic.com



လလ မျက်နှာလေးရဲသွားပြီး ကေရာ်မျက်နှာကို မကြည့်ရဲတော့ဘဲ လက်ဆစ်ကလေးတွေကိုသာ ဖိချိုးမိ၏။ လူကြီးတွေက လလ ဝင်လာကတည်းက အပြင်ထွက်သွားကြသည်လေ။ ကေရာ်နဲ့လလကို နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ပြောကြလို့ ရှောင်ပေးလိုက်ကြတဲ့အတိုင်းပါပဲ

အချစ်နဲ့ပတ်သက်ပြီး…

ကိုယ့်ကိုယ်ကိုယ် မချစ်တတ်အောင်နေမယ်လို့ ဆုံးဖြတ်ထားတာပါ။ ဒါ…ကိုယ် တကယ်မချစ်တတ်သေးခင်ကပေါ့။ အခု ချစ်တတ်တာလား၊ မချစ်တတ်သေးဘူးလား မသိသေးပေမယ့် ကေရာ်ကိုတော့ ပစ်ပစ်ခါခါ မပြောရက်တော့ပါဘူး။ သူ့ခမျာ ကိုယ်ပြုခဲ့သမျှ နုခဲ့ရှာတာပဲ မဟုတ်လား

"ငါ နင့်ကို ဘယ်လောက်တန်ဖိုးထားလဲဆိုရင်…ဟိုကောင်တွေနောက် နင် ပါသွားကတည်းက ငါ့စိတ်တွေက ဆောက်တည်ရာမရအောင် ပူလောင်ခဲ့တာပါဟာ… နင့်ဘဝပျက်သွားတာထက်စာရင် ငါ သေတာကမှ ကောင်းဦးမယ်။ ငါ မြတ်နိုးတဲ့နင့်ကို ငါ အသက်ရှင်နေသရွေ့ ဘယ်သူစော်ကားတာမှ မခံနိုင်ဘူး။ အဲဒါကြောင့် နင့်အရှက်နဲ့သိက္ခာကို ငါ့အသက်နဲ့လဲဖို့ ဆုံးဖြတ်ပြီး ငါ အဲလိုလုပ်လိုက်တာ"

ကေရာ်ရယ်လို့ ရင်ထဲမှာသာ ခွေးခွေးမြွေမြွေလေး ခေါ်လိုက်မိ၏။ သူက ကိုယ့်ကို အဲလောက်တောင် ချစ်သတဲ့လား။ ကိုယ်က တော့ သူ့အတွက် ပေးခဲ့မိတာ နာကျင်ခြင်းတွေသာ။ နင့်ကို တူညီတဲ့



တုံ့ပြန်မှုတွေ ပေးချင်ပါတယ် ကေရာ်။ ဒါပေမယ့်…

ငါ စကားလွန်ခဲ့ပြီးပြီလေ…

လူကြီးတွေက ကိုကျော်စွာနဲ့ ငါ့ကို သဘောတူထားကြတာ အတွက် မိဘတွေကို ကြိုက်သလို စီစဉ်ပါလို့ ငါ ကတိပေးခဲ့ပြီးပြီ ကေရာ်။ ငါ့နှလုံးသားထဲမှာ နင့်အတွက် နေရာရှိပါတယ်။ လက်ခံနိုင်ပါတယ်။ သို့သော်ရဲ့နောက်က အကြောင်းအရာတွေအတွက်…

ငါ့နှလုံးသားက ကွက်လပ်ကို…

ကွက်လပ်အတိုင်းပဲ ထားပါရစေတော့နော်။ နင်နဲ့ငါက ချစ်လို လျက်နဲ့ ဝေးကြရမယ့်သူတွေပါ။

"လလ"

"…………"

"နင့်ကို ငါ အရမ်းချစ်တယ်"

ပြောပြီး သူက လလလက်ကို ဆုပ်ကိုင်လိုက်တော့ လလ မသိမသာ လက်ကို ရုန်းလိုက်ပေမယ့် မရပေ။ ကေရာ်က ပိုတင်းအောင် ဆုပ်ကိုင်ထားပြီး…

"နင်ကရော လလ"

"ဟင်"

"ငါ့ကို ချစ်လား"

လလ်…ကေရာ်မျက်နှာကို ကြည့်မိလိုက်ပြီး မျက်ရည်တွေ ဆုတက်လာသည်။ အဲဒီမေးခွန်း နင် ငါ့ကို မမေးပါနဲ့ ကေရာ်ရယ်။ ငါ့မှာ ဖြေနိုင်တဲ့အခွင့်အရေး မရှိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လလ"

"........."

"ငါ မေးတာကို ဖြေဦးလေ"

"ငါ့မှာ ဖြေဖို့အခွင့်အရေး မရှိဘူး ကေရာစ်"

"ဟင်...ဘာဖြစ်လို့လဲ။ နှင့်ရင်ထဲကစကားကို ဘယ်သူမှ တားပိုင်တားဆီးပိတ်ပင်ပိုင်ခွင့် မရှိဘူးလေ"

"နှင်...သိပါတယ် ကေရာစ်ရယ်"

"ငါက ဘာကိုသိရမှာလဲ...နှင် ပွင့်ပွင့်လင်းလင်း ပြောစမ်း လလ...ချစ်တာ မချစ်တာ ကိုယ့်စိတ်။ ကိုယ့်နှလုံးသားကဆန္ဒကို ထုတ်ဖော်တာ ဘာလို့ အခွင့်အရေး မရှိရမှာလဲ"

လလ မျက်ရည်ကျမိမှာစိုးလို့ မျက်နှာကိုမော့ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ထိန်းလိုက်ပေမယ့် မျက်ရည်က မနာခံစွာနှင့် ပါးပြင်ပေါ်သို့ ကျလာလေလျှင် ခေါင်းပြန်ငုံ့လိုက်တာနှင့် ပေါက်ကနဲကျသွားတာ ဘယ်နေရာဆီ စိုစွတ်သွားမှန်း မသိလိုက်ပေ။ ပေါင်ပေါ်ကို ကျသွားတယ်ထင်ပါရဲ့။

"ပြောလေ လလ"

"ကေရာစ်ရယ်"

"နှင် ဘာဖြစ်နေတာလဲ လလ...ငါ့ကို ချစ်တယ်နဲ့ မချစ်ဘူး နှစ်ခွန်းထဲက တစ်ခွန်းပဲ နှင် ပြောရမှာလေ"

မပြောမဖြစ်ဆိုတော့...

"ကိုကျော်စွာနဲ့ ငါ့ကို လူကြီးတွေက သဘောတူထားကြတာ"





"သဘောတူရုံအဆင့်ပဲ ရှိသေးတယ်လေ။ နှင့်မှာ ရှုတ်ခွင်း နောက်ဆုတ်ခွင့်ဆိုတာ ရှိသေးတယ်"

"ငါ"

"တော်တော့...မပြောနဲ့"

ကေရာစ် ချက်ချင်းပဲ ဖုန်းကို လှမ်းယူလိုက်၏။ သဘောတူရုံနဲ့ လွန်နေတဲ့အခြေအနေမှ မဟုတ်တာ။ အခုချိန်မှာ ငြင်းဆိုခွင့်၊ လက်ခံခွင့် ကြိုက်တာကို ရွေးချယ်လို့ရသေးတာပဲလေ။ ဒါကိုပဲ သူက ဘာကို ကြောက်နေရတာလဲ။ သူမ လူကြီးတွေကို ကြောက်နေလို့ဆိုလည်း...

ကေရာစ်....

အခုပဲ အဖြေထုတ်လိုက်တော့မည်။

"အန်ကယ်...ကျွန်တော် ကေရာစ်ပါ"

"အေး...သိတယ်။ ပြော...ကေရာစ်"

"အန်ကယ့်ကို ကျွန်တော် မေးစရာရှိလို့ပါ"

"ဘာမေးမှာလဲ...မေးလေကွာ"

"ကိုကျော်စွာနဲ့လလကိစ္စ စကားလွန်ထားပြီလား အန်ကယ်။ စကားလွန်ထားလည်း မစေ့စပ်ရသေးဘဲ၊ လက်မထပ်ရသေးဘဲ အခြား တစ်ယောက်နဲ့ ချစ်ခွင့်၊ လက်ထပ်ခွင့်ရှိတယ်မဟုတ်လား။ ကျွန်တော် အဲဒါ လေး သိချင်လို့ပါ"

ဦးခိုင်မင်းအသံ အတန်ကြာတိတ်သွားပြီးမှ-

"စကားကတော့ နည်းနည်းလွန်ထားတယ်ကွ...ဒါပေမယ့် သမီးမှာ ချစ်သူရှိတယ်ဆိုရင်တော့ ဘာတတ်နိုင်မှာလဲကွာ...သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွေးချယ်ပိုင်ခွင့်ရှိနေတာပဲ။ အန်ကယ်ကတော့ သမီးကို စိတ်မဆင်းရဲစေချင်ပါဘူး။ သမီးရဲ့သဘောပါ"

ဦးခိုင်မင်း ဖြေလိုက်တဲ့အဖြေကြောင့် ကေရာစ်မျက်နှာက မှိုင်ရသလိုပါ။ သူ ဘာကြောင့် မေးတယ်ဆိုတာကို ဦးခိုင်မင်း ရိပ်စားမိမှာပါလေ။ ဒါကြောင့် စကားလမ်းကြောင်းက ရှေ့တိုးသာ နောက်ဆုတ်သာ ပြောပေးတာပေါ့။ သူတို့လည်း ငယ်ရာကကြီးလာတာပဲဥစ္စာ။ ကေရာစ် ရင်ထဲကခံစားချက်ကို ရိပ်မိနေကြမှာပေါ့။

ကေရာစ်…

နောက်ဆုံး ပြောလိုက်တဲ့စကားကတော့-

"ကျေးဇူးပဲ အန်ကယ်…ကျွန်တော် ဖုန်းချလိုက်ပြီနော်"

ဖုန်းချပြီးတဲ့နောက်မှာတော့ ကေရာစ် ကုတင်ပေါ်ကနေဆင်းပြီး လလဘေးမှာ ဝင်ထိုင်ကာ-

"ကြားတယ်မို့လား လလ…အန်ကယ်က နင့်သဘောတဲ့"

"အဲဒါ ဘာဖြစ်လဲ"

"နင် ငါ့ကို ပြန်ချစ်ရမယ်လေ"

"အံမယ်"

"မချစ်ဘူးလား"

ပြောရင်း ဖက်လိုက်တော့ လလကိုယ်လေး တောင့်ကနဲ ဖြစ်သွားလေသည်။ ငြင်းနိုင်တဲ့ အင်အားရှိရင် ငြင်းလိုက်လေလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်မိပေမယ့် လလ မငြင်းနိုင်ပါဘူး။ သူ့ရင်ခွင်ထဲမှာပဲ ရှက်ရှက်မျက်နှာလေးကို ဝှက်မိတော့-





"ဖြေလေ"

"စားပြတိုက်နေတာလား"

"ဟုတ်တယ်…အချစ်စားပြ…နင့်ရင်ထဲက အချစ်တွေ ငါ့ကို ပေးမှာလား…မပေးဘူးလား…ဒါပဲပြော"

"ဖယ်ပါ"

"ချစ်တယ်လို့ပြော"

"မပြောဘူး"

"လလ"

"နင် ဘယ်လိုဖြစ်နေတာလဲ"

"ချစ်လို့ပါဆို…အေးနော်…နင် ချစ်တယ်မပြောမချင်း ငါက လွှတ်မပေးဘူး။ ဘယ်သူပဲဝင်လာလာ ဖက်ထားမှာပဲ"

"ကေရာစ်…ဟာ"

ပြောနေရင်း ဉက္ကာနဲ့မိုးစေ ဝင်လာသဖြင့် သူတို့ရဲ့အဖြစ်ကိုမြင်သွားတော့ ခြေလှမ်းတွေ ရပ်တန့်သွားကြကာ-

"ဆောရီး…သူငယ်ချင်းရေ…ဆောရီး"

"တွေ့လား…လလ…ဖြေနော်"

တကယ်ပြောတဲ့အတိုင်း ဖြစ်နေတာကြောင့် လလ မတတ်နိုင်တော့ပေ။

"အင်း"

"ဟင်…ဘာအင်းလဲ"

"ချစ်တယ်လို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"……."

"ဟယ်"

ချစ်တယ်ပြောတော့လည်း ဖျတ်ခနဲ ငုံ့နမ်းလိုက်တာမို့ လ
မျက်နှာ ဘယ်ထားရမှန်းမသိ ဖြစ်သွားလေသည်။

သြော်…ခုတော့လည်း…

သူတို့ရဲ့နှလုံးသားဥယျာဉ်လေးထဲမှာ အပြုံးတွေ၊ အမုန်းတ
တွေ ဆိတ်သုဉ်းလို့ အချစ်တွေ ဖူးပွင့်ရှင်သန်လာခဲ့ပါပြီလေ။ မေ
တရားသည် အောင်နိုင်ခြင်းလက်နက်ဆိုတာ မေတ္တာတွေပေးခဲ့
ကောရာစ်က ပို၍ အသိဆုံးပါလေ။

"အရမ်းချစ်တယ်…လလရယ်"

*ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ*

အလင်း

## "သံယောဇဉ် ဇာတ်တိုင်"

သံယောဇဉ်ဇာတ်တိုင်း
ငါတည်ဆောက်ရင်း
လေပြင်းတိုက်ခတ်
မုန်တိုင်းထန်လိုက်
ဘယ်တော့များမှ ပြီးဆုံးမှာလဲ…
မပြီးတော့လည်း
ရင်နာစွာပဲ





ဤဇာတ်တိုင်းအား ငါ၏လက်နဲ့ဖြိုပါရစေ…
အကြင်နာသန်း
ငါ စိုက်ပျိုးရင်း
ပိုးမွှားကိုက်လိုက်
အနင်းခံလိုက်နဲ့
ဘယ်တော့များမှ ရှင်သန်မှာလဲ
မရှင်သန်တော့လည်း
ရင်နာစွာပဲ
ဤပန်းပင်အား ငါ၏ခြေနဲ့နင်းပါရစေ…

ဤကဗျာကို ပေးပို့ပါသော မောင်လေး 'ဆန်းလင်း'အား
အထူးကျေးဇူးတင်ပါသည်။

❀❀❀



www.burmeseclassic.com